# မြန်မာ့အလင်း

၁၉၁၄ ခုနှစ်က တည်ထောင်သည်၊ Established in 1914

Myanma Alinn Daily


**မိမိကိုယ်ကိုဆုံးမ**

မြောင်းတူးရေယူသမားတို့သည် အလိုရှိရာသို့ ရေကို ယူဆောင်ကုန်၏။ လေးသမားတို့သည် မြားကို ဖြောင့်ကုန်၏။ သစ်ရွေသမားတို့သည် လိုတိုင်းရအောင် သစ်ကို ရွေကုန်၏။ ပညာရှိတို့သည် မိမိကိုယ်ကို ယဉ်ကျေးအောင် ဆုံးမကုန်၏။ **ပဏ္ဍိတဝဂ်(ဓမ္မပဒ - ၈၀)**


၁၃၇၈ ခုနှစ်၊ တော်သလင်းလဆန်း ၁၃ ရက် ၂၀၁၆ ခုနှစ်၊ စက်တင်ဘာ ၁၄ ရက်၊ ဗုဒ္ဓဟူးနေ့၊ အတွဲ (၅၅)၊ အမှတ် (၃၄၅)


# နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် ဗြိတိန်နိုင်ငံ ဝန်ကြီးချုပ်နှင့်တွေ့ဆုံ

## ဗြိတိန်နိုင်ငံအစိုးရသစ်၏ မြန်မာနိုင်ငံအပေါ် ထားရှိသည့်မူဝါဒသည် အပြောင်းအလဲမရှိဘဲ ပိုမိုတိုးမြှင့်သွားမည်ဖြစ်ကြောင်း ဗြိတိန်ဝန်ကြီးချုပ်ပြောကြား




နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် ဗြိတိန်နိုင်ငံဝန်ကြီးချုပ် Ms. Theresa May နှင့် ရင်းရင်းနှီးနှီးနှုတ်ဆက်စဉ် (သတင်းစဉ်)

**ဟီသရိုး စက်တင်ဘာ ၁၃**

နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်သည် ဗြိတိန်နိုင်ငံဝန်ကြီးချုပ် Ms. Theresa May နှင့် လန်ဒန်မြို့ အမှတ် (၁၀) ဒေါင်းနင်းလမ်းရှိ ဗြိတိန်ဝန်ကြီးချုပ်နေအိမ်၌ တွေ့ဆုံသည်။

တွေ့ဆုံစဉ် ဗြိတိန်ဝန်ကြီးချုပ်က မြန်မာနိုင်ငံတွင် ဒီမိုကရေစီစနစ် အောင်မြင်စွာ အသွင်ကူးပြောင်းနိုင်ခဲ့သည့်အတွက် ဂုဏ်ယူပါကြောင်း၊ ဗြိတိန်နိုင်ငံအစိုးရသစ်၏ မြန်မာနိုင်ငံအပေါ်ထားရှိသည့်မူဝါဒသည် အပြောင်းအလဲမရှိဘဲ နှစ်နိုင်ငံဆက်ဆံရေးနှင့် ပူးပေါင်းဆောင်ရွက်မှု ပိုမိုတိုးမြှင့်သွားမည်ဖြစ်ပါကြောင်း၊ မြန်မာနိုင်ငံ၏ ဖွံ့ဖြိုးတိုးတက်ရေးအတွက် လိုအပ်သည့်ကဏ္ဍများတွင် အကူအညီများ ပေးအပ်သွားမည်ဖြစ်ပါကြောင်း၊ နှစ်နိုင်ငံကုန်သွယ်မှုနှင့် ရင်းနှီးမြှုပ်နှံမှုမြှင့်တင်နိုင်ရေးအတွက် လာမည့်နိုဝင်ဘာလအတွင်း ကုန်သွယ်မှုနှင့် ရင်းနှီးမြှုပ်နှံမှု ဆွေးနွေးပွဲတစ်ရပ်ကို လန်ဒန်မြို့၌ ကျင်းပသွားရန် စီစဉ်လျက်ရှိပါကြောင်း၊ မြန်မာနိုင်ငံတွင် ဆောင်ရွက်လျက်ရှိသည့် အသွင်ကူးပြောင်းရေးလုပ်ငန်းစဉ်များ အောင်မြင်မှုရရှိစေရန် ဆုတောင်းပါကြောင်း၊ လာမည့်နှစ်တွင် ဗြိတိန်နိုင်ငံသို့ တရားဝင်ချစ်ကြည်ရေးခရီး လာရောက်ရန် ဖိတ်ကြားပါကြောင်း ပြောကြားသည်။

နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်က မြန်မာနိုင်ငံ၏ အသွင်ကူးပြောင်းရေး အောင်မြင်မှုရရှိစေရန် ဗြိတိန်နိုင်ငံမှ အစဉ်တစိုက် ကူညီအားပေးခဲ့မှုများအတွက် များစွာကျေးဇူးတင်ရှိပါကြောင်း၊ *စာမျက်နှာ ၃ ကော်လံ ၁* ✻

## ဗြိတိန်နိုင်ငံအနေဖြင့် မြန်မာနိုင်ငံ၏ လယ်ယာစိုက်ပျိုးရေး၊ သစ်တော၊ ပညာရေးနှင့် ကျန်းမာရေး၊ လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေးကဏ္ဍများတွင် လိုအပ်သည့်အကူအညီများ ပေးစေလိုကြောင်း နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ပြောကြား

### အပူပိုင်းမုန်တိုင်း "ရိုင်" မုန်တိုင်းငယ်အဖြစ် အားလျော့

**နေပြည်တော် စက်တင်ဘာ ၁၃**

မိုးလေဝသနှင့်ဇလဗေဒညွှန်ကြားမှုဦးစီးဌာန၏ ယနေ့မွန်းလွဲ ၁၂ နာရီခွဲ တိုင်းထွာချက်အရ ဗီယက်နမ်နိုင်ငံ မြောက်ပိုင်းကမ်းခြေကို ဖြတ်ကျော်ဝင်ရောက်ခဲ့သောအပူပိုင်းမုန်တိုင်း "ရိုင်" (RAI) သည် အပူပိုင်းမုန်တိုင်းငယ်အဖြစ်သို့ အားလျော့ခဲ့ပြီး လာအိုနိုင်ငံပေါ်သို့ ရောက်ရှိခဲ့ကာ အနောက်ဘက်သို့ဆက်လက်ရွေ့လျားလျက်ရှိကြောင်း သိရသည်။ **(မြန်မာ့အလင်း)**

### လေဖိအားနည်းရပ်ဝန်း ဆက်လက်တည်ရှိ

ဘင်္ဂလားပင်လယ်အော်အခြေအနေမှာ ယနေ့မွန်းလွဲ ၁၂ နာရီခွဲတိုင်းထွာချက်များအရ ဘင်္ဂလားပင်လယ်အော်အနောက်အလယ်ပိုင်းတွင် ဖြစ်ပေါ်နေသော လေဖိအားနည်းရပ်ဝန်းသည် ဆက်လက်တည်ရှိနေသည်။ **(မိုး/ဇလ)**


KBZ BANK

STRENGTH OF MYANMAR

သဒ္ဓါထက်သန် မြန်မာအားမာန် ကမ္ဘောဇဘဏ်

မြန်မာ့အလင်း

# သစ်တောများမပြုန်းတီးစေလိုတော့ပါ

အစိုးရသစ်လက်ထက်အတွင်း သစ်ခိုးထုတ်များဖမ်းဆီးရန် တာဝန်ပေါ့လျော့မှုကြောင့် သစ်တောဝန်ထမ်း ၂၈ ဦးကို အရေးယူခဲ့ကြောင်း သတင်းများအရသိရသည်။ ထိုအရေးယူမှုတွင် ညွှန်ကြားရေးမှူးမှ အောက်ခြေသစ်တောဝန်ထမ်းအထိပါဝင်ခဲ့ပြီး တာဝန်မှရပ်စဲခြင်း၊ ရာထူးလျှော့ချခြင်း၊ ရာထူးရပ်ဆိုင်းခြင်းတို့ပြုလုပ်ခဲ့ကြောင်း သိရသည်။

ယခုအရေးယူခံရသော သစ်တောဝန်ထမ်းများမှာ သစ်ခိုးထုတ်သည့်ဖြစ်စဉ်တွင် မပါဝင်သော်လည်း သစ်ခိုးထုတ်သောနယ်မြေမှာရှိပြီး တာဝန်ပေါ့လျော့မှုနှင့် မတားဆီးနိုင်မှုများကြောင့်ဟု ဆိုသည်။ ဇူလိုင်လကုန်ပိုင်းကလည်း ဖမ်းမိသစ်များပျောက်ဆုံးမှုကြောင့် သစ်ဖမ်းရာတွင်ပါဝင်သည့် ရဲဝန်ထမ်းအချို့ ထောင်ကျသည်အထိ အရေးယူခံရမှုရှိကြောင်း မကွေးတိုင်းဒေသကြီးမှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်တစ်ဦးက ပြောကြောင်း သတင်းများဖတ်ရှုရသည်။ ယခင်အစိုးရလက်ထက်အတွင်း အရေးယူထုတ်ပယ်ခဲ့သူ သစ်တောဝန်ထမ်း ၂၀၀၀ ကျော်ရှိပြီး သစ်ခိုးထုတ်မှုလုပ်ငန်းနှင့် ဆက်စပ်အရေးယူခဲ့သူ ၇၇၀ ကျော်ရှိခဲ့ကြောင်းလည်း သိရပါသည်။

သစ်ခိုးထုတ်မှု တစ်နှစ်ထက်တစ်နှစ် ပိုမိုမြင့်တက်လာရာတွင် သစ်တောဝန်ထမ်းများ၏ အကျင့်ပျက်ခြစားမှုများနှင့် မကင်းကြောင်း၊ ယင်းအတွက် အရေးယူမှုများကို အရှိန်မြှင့်လုပ်ဆောင်နေကြောင်းလည်း သိရသည်။ ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ်မှစ၍ ဩဂုတ်လအထိ ကျွန်း၊ သစ်မာနှင့်အခြားသစ်ခွဲသားတန်ချိန် ၁၇၀၀၀ကျော် ဖမ်းမိခဲ့သည်ဟု ဆိုသည်။ ထိုတရားမဝင်သစ်များကို တိုင်းဒေသကြီးနှင့်ပြည်နယ်များတွင် ဖမ်းဆီးမိခြင်းဖြစ်ပြီး စစ်ကိုင်းတိုင်းဒေသကြီးတွင် ၄၀၁၅ တန်ဖြင့် အများဆုံးဖမ်းဆီးရမိခဲ့ခြင်းဖြစ်သည်။ တစ်နိုင်ငံလုံးအတိုင်းအတာအရဆိုသော် ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ်တွင် တန်ချိန် ၄၆၀၀၀ကျော် ဖမ်းဆီးရမိခဲ့သည်။

၁၉၉၀ ပြည့်နှစ်တွင် မြန်မာနိုင်ငံ၏ သစ်တောဖုံးလွှမ်းမှုသည် ရာခိုင်နှုန်း ၆၀ ကျော်ရှိခဲ့ပြီး လက်ရှိအခြေအနေတွင် သစ်တောဖုံးလွှမ်းမှု ၄၂ ဒသမ ၉၂ ရာခိုင်နှုန်းသာရှိတော့သည်။ ထိုအထဲမှ တောကောင်းရှိသည့်နေရာမှာ ၂၀ ရာခိုင်နှုန်းသာကျန်တော့ကြောင်းလည်း သိရသည်။ တရုတ်၊ အိန္ဒိယ၊ ထိုင်းနိုင်ငံများသို့ တရားမဝင်သစ်ခိုးထုတ်မှုများကြောင့် ဒေါ်လာဘီလီယံနှင့်ချီ၍ နစ်နာနေသည်။ ဗြိတိန်နှင့် ဝါရှင်တန်ဒီစီအခြေစိုက်၊ သဘာဝပတ်ဝန်းကျင်စုံစမ်းထောက်လှမ်းရေးအဖွဲ့ (EIA) မှ ဩဂုတ်လဆန်းက ထုတ်ပြန်ချက်တစ်ခုတွင် "မြန်မာ့သစ်များကို လိုသည်ထက်ပို၍ ခုတ်ယူခဲ့ခြင်း၊ နှစ်စဉ်သတ်မှတ်ပမာဏထက်ကျော်လွန်၍ ခုတ်ယူခဲ့ခြင်းတို့ကြောင့် ကျွန်းသစ်၊ ပိတောက်နှင့်တမလန်းကဲ့သို့သော မြန်မာ့အဖိုးတန်သစ်များသည် တရားမဝင်ခုတ်ယူခံရမှု ကျယ်ပြန့်စွာဖြစ်စေခဲ့ကာ သစ်တောပြုန်းတီးမှုအဆိုးဆုံးအခြေအနေနှင့် ရင်ဆိုင်နေရသည်။ ၂၀၁၀ ပြည့်နှစ်မှ ၂၀၁၅ ခုနှစ်အတွင်း ဟက်တာ ငါးသိန်းလေးသောင်းကျော် သစ်တောပြုန်းတီးခဲ့သည်"ဟု ဆိုပါသည်။ ယင်းပမာဏသည် နိုင်ငံသစ်တောဧရိယာ၏ ၈ ဒသမ ၅ ရာခိုင်နှုန်းအထိရှိကာ ထိုမျှဆိုးရွားသည့်ဖြစ်စဉ်သည် ဘရာဇီးနှင့် အင်ဒိုနီးရှားနိုင်ငံတွင်သာ ဖြစ်ပေါ်ခဲ့ဖူးသည်ဟု ဆိုပါသည်။ အဆိုပါအစီရင်ခံစာတွင် အမေရိကန်ဒေါ်လာသန်း ၅၀၀ ဖိုးရှိ သစ်များသည် နယ်စပ်မှတစ်ဆင့် တရုတ်နိုင်ငံသို့ ဝင်ရောက်နေသည်ဟု ရေးသားထားသည်။

မြေပြင်သတင်းများအရလည်း ယခုချိန်အထိ တရုတ်နိုင်ငံဘက်သို့ သစ်များတစိမ့်စိမ့်ထွက်နေဆဲပင်ဖြစ်သည်ဟု သိရပါသည်။ ယခင်က ချီဖွေနှင့် ဝိုင်းမော်ကြား၊ မြစ်ကြီးနားအထက် ၅၆ မိုင်ခန့်အကွာတွင်ရှိသော ကြိုးတံတားတစ်စင်းမှသစ်များ ဥဒဟိုဖြတ်သန်းသွားနေပြီး ဆိုင်ရာအဖွဲ့များမှ နားလည်မှုဖြင့်လွှတ်ပေးနေကြခြင်း ဖြစ်သည်။ ယခုထိလည်း ကြိုးကြားကြိုးကြားရှိနေဆဲပင်ဖြစ်သည်ဟု သိရသည်။ ယခု ကချင်ပြည်နယ်တွင် သစ်များအတော်ပင် ကုန်ခန်းသွားပြီး သတ္တုဘက်သို့လှည့်နေကြသည်။

ယခု နိုင်ငံတစ်ဝန်း သစ်ထုတ်ခွင့်တစ်နှစ်ပိတ်ပင်ခြင်းနှင့် ပဲခူးရိုးမတွင် သစ်ထုတ်ခွင့် ၁၀ နှစ် တားမြစ်ခြင်းတို့မှာ နှစ်ပေါင်းများစွာ စည်းမဲ့ကမ်းမဲ့ထုတ်ယူခံနေရသော မြန်မာ့သစ်တောများကို သက်သာရာရစေမည်ဖြစ်သည့်အတွက် လှိုက်လှဲစွာကြိုဆိုအပ်သော ဆောင်ရွက်မှုပင်ဖြစ်ပါသည်။ တရားမဝင်သစ်များကို ဖိဖိစီးစီးဖမ်းဆီးနိုင်လျှင်ပင် ပြည်တွင်းသုံးသစ်အတွက် အတော်အထောက်အကူရမည် ဖြစ်ပေသည်။ ယခု သစ်တောလုံခြုံရေးရဲတပ်ဖွဲ့ကို အရာထမ်း ၃၂ ဦး၊ အမှုထမ်း ၁၇၀၅ ဦးဖြင့်သာဖွဲ့စည်းထားရာ ထို့ထက်ပို၍ လုံလောက်စွာတိုးချဲ့ဖွဲ့စည်းသင့်ပါသည်။ ထို့ပြင် အောက်ခြေသစ်တောဝန်ထမ်းများကိုလည်း ဝန်ထမ်းအိမ်ရာ၊ ယာဉ် ယန္တရားစသည်တို့ ခံစားခွင့်ပြုပြီး အင်အားဖြည့်တင်းသင့်ပါကြောင်း တင်ပြရပါသည်။ ။



## သီပေါသီတဂူစက္ခုဒါနဆေးရုံကြီး၌ မျက်စိဝေဒနာရှင်များအားအခမဲ့ကုသပေးမည်

**သီပေါ စက်တင်ဘာ ၁၃**

ကမ္ဘာ့ဗုဒ္ဓတက္ကသိုလ်အဓိပတိသီတဂူဆရာတော် ဒေါက်တာ အရှင်ဉာဏိဿရ ဦးဆောင်လှူဒါန်းမှုနှင့် ရှမ်းပြည်နယ်မြောက်ပိုင်း သီပေါမြို့ မဟာမြတ်မုနိဘုရားကြီး အကျိုးတော်ဆောင် ဆရာတော် ဘဒ္ဒန္တပညာသီရိအရှင်သူမြတ်၏ကြီးကြပ်မှုဖြင့် မျက် စိဝေဒနာရှင်များအား ခွဲစိတ်ကုသမှုကို စက်တင်ဘာ ၁၆ ရက်မှ ၂၀ ရက်အထိ သီပေါသီတဂူဆေးရုံ၌ (၃၆)ကြိမ်မြောက် အခမဲ့ခွဲစိတ်ကုသပေးမည်ဖြစ်၍ ဝေဒနာရှင်များအနေဖြင့် ကြိုတင်စာရင်းပေးသွင်းနိုင်ကြပြီဖြစ်ကြောင်း သိရ သည်။

ထို့ပြင်ရပ်ဝေးရပ်နီးဒေသများမှလာရောက်ကုသကြသော ဝေဒနာရှင်များကို ဆရာတော်အရှင်ပညာသီရိက ခရီးစရိတ်နှင့် ထမင်းဟင်းလျာ လှူဒါန်းထောက်ပံ့လျက်ရှိသဖြင့် ပါဝင်ကုသိုလ်ယူလှူဒါန်းလိုသော အလှူရှင်များအနေဖြင့် သီတဂူစက္ခုဒါနဆေးရုံဖုန်း-၀၉-၅၀၇၀၄၄၂ သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။**စိုင်း(သီပေါ)**

**ထင်သာမြင်သာပြုပြင်စရာ**

## ဌာနဆိုင်ရာရုံးလမ်းရှိ စာတိုက်ရုံးလမ်းပေါ်မှစည်းကမ်းမဲ့အမှိုက်များဖယ်ရှားပေးစေလို



လှိုင်သာယာမြို့နယ်ရှိ ဌာနဆိုင်ရာများ ရုံးစိုက်ရာ ရုံးလမ်းတွင်ရှိသော မြို့နယ် စာတိုက်ဝင်းရှေ့တွင်ရှိသည့် ကျောက်လမ်းပေါ်တွင် စည်းကမ်းမဲ့အမှိုက်များ ညပိုင်း လာရောက်စွန့်ပစ်နေသည့်အတွက် လမ်းပေါ်စွန့်ပစ်ထားသော အမှိုက်များမှ ထွက်ပေါ်လာသောအနံ့အသက်တို့ကြောင့် အများပြည်သူ ကျန်းမာရေး ထိခိုက်နေရသည့်အပြင် စာတိုက်ဝင်းရှေ့ လူသွားလမ်းပေါ်တွင် စွန့်ပစ်ထားခြင်းဖြစ်သည့်အတွက် အနံ့ဆိုးများထွက်လျက်ရှိကြောင်း သိရသည်။

"ညပိုင်းမှာ ဒီနားကစားသောက်ဆိုင်၊ လက်ဖက်ရည်ဆိုင်နဲ့ တည်းခိုခန်းတွေက တွန်းလှည်းတွေနဲ့ စွန့်ပစ်ပစ္စည်းတွေ နေ့တိုင်းလာပစ်တယ်။ ကန်ထဲပစ်ဖို့ပြောလည်းနားမထောင်ဘူး။ လမ်းပေါ်ပဲ ပစ်သွားကြတယ်"ဟု အမှိုက်ကန်အနီးရှိ ဈေးဆိုင်ပိုင်ရှင်တစ်ဦးက ပြောသည်။

လူစည်ကားသော နေရာဖြစ်၍ အမှိုက်ကန်အတွင်းသို့ စွန့်ပစ်ပစ္စည်းများစွန့်ပစ်ခြင်းမရှိဘဲ အမှိုက်ကန်ရှေ့ရှိ လမ်းပေါ်တွင် စွန့်ပစ်နေခြင်းကြောင့် စာတိုက်သို့ သွားလာနေသော အများပြည်သူ စိတ်အနှောင့်အယှက်ဖြစ်စေသည့်အပြင် မကောင်းသောအနံ့အသက်များ လူစည်ကားရာရုံးထိပ်လမ်းဆုံတွင် စည်းကမ်းမဲ့ အမှိုက်စွန့်ပစ်နေမှုကို ကြပ်မတ်ပေးရန်၊ ပျက်စီးနေသော အမှိုက်ကန်အား အသစ်ပြန်လည်တည်ဆောက်ပေးနိုင်ရန်နှင့် စာတိုက်ရုံးလမ်းဖြစ်သော မကွေးလမ်းပေါ်ရှိ စည်းကမ်းမဲ့အမှိုက်များကို ဖယ်ရှားဆောင်ရွက်ပေးရန် အများပြည်သူများက လိုလားလျက်ရှိကြောင်း သိရသည်။

**(၁၆၄)**

## ရွှေဦးပြုစုခြင်း(အခြေခံ)သင်တန်းဖွင့်

**နေပြည်တော် စက်တင်ဘာ ၁၃**

နေပြည်တော် ကြက်ခြေနီကြီးကြပ်မှုကော်မတီမှကြီးမှူး၍ ရေဆင်းစိုက်ပျိုးရေးသုတေသနဌာနတွင် ရွှေဦးပြုစုခြင်း (အခြေခံ)သင်တန်းအမှတ်စဉ်(၄/၂၀၁၆) ဖွင့်ပွဲကို စက်တင်ဘာ ၁၂ ရက်က ရေဆင်းစိုက်ပျိုးရေးသုတေသနသင်တန်းခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် စိုက်ပျိုးရေးသုတေသနဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးနိုင်ဝင်းကြည်က အမှာစကားပြောကြားပြီး နေပြည်တော်ကြက်ခြေနီကြီးကြပ်မှုကော်မတီဉက္ကဋ္ဌ နေပြည်တော်ပြည်သူ့ကျန်းမာရေးဦးစီးဌာန တိုင်းဦးစီးမှူး ညွှန်ကြားရေးမှူး ဒေါက်တာလှလှကြည်က သင်တန်းဖွင့်လှစ်ရခြင်း၏ ရည်ရွယ်ချက်များကို ရှင်းလင်းပြောကြားသည်။

ထို့နောက် မြန်မာနိုင်ငံကြက်ခြေနီအသင်း ဗဟိုကောင်စီဝင် တိုင်းဒေသကြီးကြက်ခြေနီသူနာပြုတပ်ဖွဲ့ဦးစီးမှူး (ပထမတန်း)ဦးတင်ငွေက သင်တန်းနှင့်ပတ်သက်၍ အကျိုးသက်ရောက်မှုနှင့် သင်ခန်းစာများအကြောင်းကို ရှင်းလင်းပြောကြားခဲ့ကြောင်း သိရသည်။ **မင်းမင်းလတ်(မန်းတက္ကသိုလ်)**

## ရွှေ၊ ငွေ၊ စက်သုံးဆီနှင့် နိုင်ငံတကာသုံး ငွေကြေးပေါက်ဈေးနှုန်း ၁၃-၉-၂၀၁၆

ခင်ရတနာ-စုစည်းသည်။

**ရွှေဈေးနှုန်း(အောင်သမာဓိ)**

| | | | |
|---|---|---|---|
| ရန်ကုန် | ၁၆ ပဲရည် | တစ်ကျပ်သား | ကျပ် ၈၆၇၀၀၀ |
| ရန်ကုန် | ၁၅ ပဲရည် | တစ်ကျပ်သား | ကျပ် ၈၁၆၁၀၀ |
| မန္တလေး | ၁၆ ပဲရည် | တစ်ကျပ်သား | ကျပ် ၈၆၇၅၀၀ |

**စက်သုံးဆီဈေးနှုန်း(တစ်လီတာဈေး) ရန်ကုန်**

| | |
|---|---|
| ဒီဇယ် | ၅၃၀/၅၅၀ ကျပ် |
| အောက်တိန်း ၉၂ | ၅၃၀/၅၄၀ ကျပ် |
| အောက်တိန်း ၉၅ | ၆၁၀/၆၂၀ ကျပ် |
| ပရီမီယံဒီဇယ် | ၅၆၀/၅၈၀ ကျပ် |

**နိုင်ငံတကာသုံး ငွေကြေးပေါက်ဈေး (ဗဟိုဘဏ်)**

| | | |
|---|---|---|
| အမေရိကန် | တစ်ဒေါ်လာ | ၁၂၁၅.၀ |
| ဥရောပ | တစ်ယူရို | ၁၃၆၆.၉ |
| စင်ကာပူ | တစ်ဒေါ်လာ | ၉၀၂.၂၁ |
| ထိုင်း | တစ်ဘတ် | ၃၅.၀၇၅ |
| အိန္ဒိယ | တစ်ရူပီး | ၁၈.၂၈ |
| တရုတ် | တစ်ယွမ် | ၁၈၂.၃၆ |
| မလေးရှား | တစ်ရင်းဂစ် | ၂၉၉.၅၂ |

မြန်မာ့အလင်း
၁၂၇၅ ခုနှစ်က တည်ထောင်သည်။
Myanma Alinn Daily

စာတည်းမှူးချုပ် - အောင်နိုင်ဦး
စာတည်းမှူး - ဝင်းရွှေ
စာတည်း - ထိန်လင်း၊ မြင့်စိုး၊ ကြည်ဝင်း၊ ဝင်းကျော်
သတင်းထောက်မှူး - မြင့်ဆွေ
ထုတ်ဝေခြင်းအမှတ် - (၀၁၀၉၃)
ပုံနှိပ်ခြင်းအမှတ် - (၀၀၈၇၇)

မြန်မာ့အလင်း
mmalin.npt @ gmail.com,
www. facebook.com/MYANMAALINNNEWS

နေပြည်တော်-စာတည်းမှူး ၀၆၇-၃၆၁၄၂၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၄၅၊ ဖက်စ် ၀၆၇-၃၆၁၄၆၊ ရန်ကုန်ရုံးခွဲ-အမှတ်(၅၃)၊ နတ်မောက်လမ်းသွယ်(၁)၊ ဗိုလ်ချို(၂)ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့၊ စာတိုက်သေတ္တာအမှတ်-၄၀၊ စာတည်းအဖွဲ့ ၀၁-၅၄၄၃၀၉၊ မန်နေဂျာ ၀၁-၅၄၄၃၁၄၊ စီမံ ၀၁-၅၄၄၃၁၅၊ ငွေစာရင်း ၀၁-၅၄၄၃၁၆၊ ကြော်ငြာ ၀၁-၅၄၅၈၃၄၊ ၀၁- ၅၅၉၁၁၈၊ Fax ၀၁-၅၄၆၂၂၁၊ ၀၆၇-၃၆၁၄၈၊ ဖြန့်ချီရေး ၀၁-၅၄၄၃၁၇၊ Fax ၀၁-၈၆၀၄၅၄၆။

✻ ရှေ့ဖုံးမှ

ဗြိတိန်နိုင်ငံအနေဖြင့် မြန်မာနိုင်ငံ၏ လယ်ယာစိုက်ပျိုးရေးကဏ္ဍ၊ သစ်တောကဏ္ဍ၊ ပညာရေးနှင့် ကျန်းမာရေးကဏ္ဍ၊ လူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးတိုးတက်ရေးကဏ္ဍများတွင် လိုအပ်သည့်အကူအညီများ ပေးအပ်သွားစေလိုပါကြောင်း၊ ဗြိတိန်အစိုးရသစ်၏ အသွင်ကူးပြောင်းရေးကြိုးပမ်းမှုများ အောင်မြင်မှုရရှိစေရန် ဆုတောင်းပါကြောင်း ပြောကြားပြီး ဗြိတိန်ဝန်ကြီးချုပ်အား မြန်မာနိုင်ငံသို့ လာရောက်လည်ပတ်ရန် ဖိတ်ကြားခဲ့သည်။

မွန်းလွဲပိုင်းတွင် နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်နှင့် အပြည်ပြည်ဆိုင်ရာဖွံ့ဖြိုးတိုးတက်ရေးဝန်ကြီးဌာန ဝန်ကြီး Ms. Priti Patel တို့သည် အဆိုပါဝန်ကြီးဌာန White Hall ၌ရှိသည့် ဝန်ကြီး၏ဧည့်ခန်း၌ တွေ့ဆုံကြသည်။

တွေ့ဆုံစဉ် Ms. Priti Patel က မြန်မာနိုင်ငံ၏ လယ်ယာစိုက်ပျိုးရေး၊ ပညာရေး၊ ငွေကြေး၊ ဆင်းရဲနွမ်းပါးမှုလျှော့ချရေးကဏ္ဍများတွင် ဗြိတိန်နိုင်ငံအနေဖြင့် အကူအညီများပေးအပ်လျက်ရှိပါကြောင်း၊ ဆက်လက်၍လည်း မြန်မာနိုင်ငံ ဘက်စုံဖွံ့ဖြိုးတိုးတက်ရေးအတွက် လိုအပ်မည့်ကဏ္ဍများတွင် အကူအညီများ ပေးအပ်သွားမည်ဖြစ်ပါကြောင်း ပြောကြားသည်။

နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်က မြန်မာနိုင်ငံတွင် ပညာရေး၊ ကျန်းမာရေး၊ အိမ်တွင်းသက်မွေးပညာရပ်၊ လူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးတိုးတက်ရေး၊ အလုပ်အကိုင်အခွင့်အလမ်းများ ဖန်တီးပေးနိုင်ရေးကဏ္ဍများတွင် အကူအညီများ ပိုမိုပေးအပ်သွားစေလိုကြောင်း ပြောကြားခဲ့သည်။

နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်နှင့်အဖွဲ့သည် ဒေသစံတော်ချိန် ညနေ ၅ နာရီ မိနစ် ၂၀ တွင် လန်ဒန်မြို့မှ ဝါရှင်တန်မြို့သို့ လေကြောင်းခရီးဖြင့် ဆက်လက်ထွက်ခွာသွားသည်။

**(သတင်းစဉ်)**



**နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်နှင့် အပြည်ပြည်ဆိုင်ရာဖွံ့ဖြိုးတိုးတက်ရေးဝန်ကြီးဌာန ဝန်ကြီး Ms. Priti Patel တို့ တွေ့ဆုံဆွေးနွေးစဉ်** (သတင်းစဉ်)

# Myanmar Global Investment Forum နေပြည်တော်၌ ကျင်းပ

**နေပြည်တော် စက်တင်ဘာ ၁၃**

နိုင်ငံခြားရင်းနှီးမြှုပ်နှံသူများ မြန်မာနိုင်ငံ၏ လက်ရှိအနေအထားကို ပိုမိုသိနားလည်ပြီး မြန်မာနိုင်ငံ၏ စီးပွားရေးဆိုင်ရာကဏ္ဍမျိုးစုံ၌ ဝင်ရောက်ရင်းနှီးမြှုပ်နှံမှုများ ပြုလုပ်နိုင်ရန် ရည်ရွယ်ချက်ဖြင့် မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှု ကော်မရှင်နှင့် ဟောင်ကောင် အခြေစိုက် Euromoney Institutional Investor (Asia) တို့ ပူးပေါင်း၍ Myanmar Global Investment Forum ဖွင့်ပွဲ အခမ်းအနားကို ယနေ့နံနက် ၉နာရီတွင် နေပြည်တော်ရှိ မြန်မာအပြည်ပြည်ဆိုင်ရာ ကွန်ဗင်းရှင်းဗဟိုဌာန-၂ (MICC-II) ၌ ကျင်းပသည်။

အခမ်းအနားသို့ ပြည်ထောင်စုဝန်ကြီးများ၊ ဒုတိယဝန်ကြီးများ၊ ပြည်သူ့လွှတ်တော်နှင့် အမျိုးသားလွှတ်တော်တို့မှ ကိုယ်စားလှယ်များ၊ ဝန်ကြီးဌာနများမှ ဌာနဆိုင်ရာအကြီးအကဲများ၊ မြန်မာနိုင်ငံကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များ အသင်းချုပ်မှ ကိုယ်စားလှယ်များ၊ Euromoney Institutional Investor (Asia) မှ အမှုဆောင်အရာရှိချုပ် Mr. Tony Shale ခေါင်းဆောင်သော ကိုယ်စားလှယ်များ၊ ပြည်တွင်းပြည်ပမှ စီးပွားရေးလုပ်ငန်းရှင်များနှင့်သတင်းမီဒီယာများ တက်ရောက်ကြသည်။

ဖွင့်ပွဲအခမ်းအနားတွင် Euromoney Institutional Investor (Asia) မှ အမှုဆောင်အရာရှိချုပ် Mr.Tony Shale က ကြိုဆိုနှုတ်ခွန်းဆက်စကားပြောကြားပြီး မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှုကော်မရှင်ဥက္ကဋ္ဌ စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကျော်ဝင်းက အဖွင့်အမှာစကားပြောကြားသည်။ **(အောက်ပုံ)**

ထို့နောက် Myanmar Global Investment Forum ကို ကျင်းပရာ စီးပွားရေးပြုပြင်ပြောင်းလဲမှုနှင့် ဖွံ့ဖြိုးတိုးတက်မှုအခြေအနေများ၊ မြန်မာနိုင်ငံ၏ ရင်းနှီးမြှုပ်နှံမှုအခြေအနေများ၊ လျှပ်စစ်နှင့် စွမ်းအင်ကဏ္ဍပေါင်းစပ်မှုအခြေအနေများ၊ အခြေခံအဆောက်အအုံများနှင့် စက်မှုကဏ္ဍဖွံ့ဖြိုးတိုးတက်မှု အခြေအနေများ စသည့်ခေါင်းစဉ်များဖြင့် ပညာရှင်များ၊ ကျွမ်းကျင်သူများနှင့် တာဝန်ရှိသူများက ဆွေးနွေးခဲ့ကြသည်။

Myanmar Global Investment Forum ကို စက်တင်ဘာ ၁၄ ရက်အထိ အဆိုပါ ကွန်ဗင်းရှင်းဗဟိုဌာန၌ ဆက်လက်ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

**(သတင်းစဉ်)**



# မြန်မာနိုင်ငံဆရာဝန်အသင်း(မန္တလေး)နှင့် ဆစ်ဒနီတက္ကသိုလ်မှ ပါမောက္ခများဆွေးနွေး

**မန္တလေး စက်တင်ဘာ ၁၃**

ဩစတြေးလျနိုင်ငံ ဆစ်ဒနီတက္ကသိုလ်မှ ပါမောက္ခလင်ဒယ်ထွီဗီနာ ဦးဆောင်သောအဖွဲ့သည် မြန်မာနိုင်ငံဆရာဝန်အသင်း (မန္တလေး)ဥက္ကဋ္ဌ ပါမောက္ခ ဒေါက်တာခင်မောင်မြင့်၊ ဒေါက်တာနေဝင်း၊ ဒေါက်တာမီမီဌေးတို့နှင့် ယနေ့နံနက်ပိုင်းက ဆရာဝန်အသင်းရုံးဧည့်ခန်းမ၌ လာရောက်တွေ့ဆုံခဲ့သည်။

အထွေထွေရောဂါကုဆရာဝန်များအတွက် ဆေးပညာရပ်ဆိုင်ရာများ ဆက်လက်သင်ကြားရေး၊ သုတေသနလုပ်ငန်းများလုပ်ဆောင်နိုင်ရေးဆိုင်ရာကိစ္စများတွင် အကူအညီပေးနိုင်ရေးအတွက် ဆွေးနွေးကြသည်။

အဆိုပါအဖွဲ့သည် ဆေးတက္ကသိုလ်(မန္တလေး)သို့ သွားရောက်၍ ပါမောက္ခချုပ် ပါမောက္ခ ဒေါက်တာခင်မောင်လွင် ဦးဆောင်သောအဖွဲ့နှင့်လည်း တွေ့ဆုံ ဆွေးနွေးခဲ့ကြပြီး မန္တလေးမြို့အထွေထွေရောဂါကုအဖွဲ့ဥက္ကဋ္ဌ ဒေါက်တာနေဝင်း၏ ကိုယ်ပိုင်ဆေးခန်း၊ ဒေါက်တာမီမီဌေး၏ ကိုယ်ပိုင်ဆေးရုံနှင့် ဆေးရောင်းချသည့် ဆေးဆိုင်တို့ကိုသွားရောက်လေ့လာခဲ့ကြကြောင်း သိရသည်။

**တင်မောင်(မန်းကိုယ်ပွား)**

# သဘာဝဘေးအန္တရာယ် ကြိုတင်ကာကွယ်ရေး သုတေသနလုပ်ငန်းများတွင် ဝန်ကြီးဌာနများနှင့်ဂျပန်နိုင်ငံတို့ ပူးပေါင်းဆောင်ရွက်နေ

**နေပြည်တော် စက်တင်ဘာ ၁၃**

နိုင်ငံတွင်း သဘာဝဘေးအန္တရာယ်ကြိုတင်ကာကွယ်ရေးဆိုင်ရာ အတတ်ပညာများ ပြန့်ပွားလာစေရေးအတွက် သဘာဝဘေးအန္တရာယ် ကြိုတင်ကာကွယ်ရေးနှင့် လျော့ပါးရေးဆိုင်ရာသုတေသနလုပ်ငန်းများတွင် သက်ဆိုင်ရာ ဝန်ကြီးဌာနများနှင့် ဂျပန်နိုင်ငံတို့ ငါးနှစ်စီမံကိန်းအဖြစ် ပူးပေါင်းဆောင်ရွက်လျက်ရှိကြောင်း နေပြည်တော်ရှိ Grand Amara Hotel ၌ ယနေ့ကျင်းပသည့် ဒုတိယအကြိမ် စီမံကိန်းပေါင်းစပ်ညှိနှိုင်းရေးကော်မတီအစည်းအဝေးမှ သိရသည်။

သုတေသနစီမံကိန်းအား ၂၀၁၅ ခုနှစ်မှ ၂၀၂၀ခုနှစ်အထိ ငါးနှစ်စီမံကိန်းအဖြစ် ဆောင်ရွက်လျက်ရှိပြီး ဂျပန်နိုင်ငံမှ တိုကျိုတက္ကသိုလ်နှင့် မြန်မာနိုင်ငံဘက်မှ ပညာရေးဝန်ကြီးဌာနအောက်ရှိ ရန်ကုန်နည်းပညာတက္ကသိုလ်၊ ဝန်ကြီးဌာန ငါးခုအောက်ရှိ ဦးစီးဌာန ကိုးခု၊ ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီနှင့်အသင်းအဖွဲ့များဖြင့် သုတေသနလုပ်ငန်းများ ပူးပေါင်းဆောင်ရွက်နေခြင်းဖြစ်သည်။

မြန်မာနိုင်ငံသည် သဘာဝဘေးအန္တရာယ် ကျရောက်လွယ်သည့်နိုင်ငံဖြစ်သည့်အတွက် နိုင်ငံတွင်း သဘာဝဘေးအန္တရာယ် ခံနိုင်ရည်ရှိသော သင့်တော်သည့်စနစ်တစ်ခု ပေါ်ပေါက်လာရန် ဆောင်ရွက်ခြင်းဖြစ်ကြောင်း ရန်ကုန်နည်းပညာတက္ကသိုလ်မှ သုတေသနခေါင်းဆောင် ဒေါက်တာခင်သန်းယု က ပြောသည်။

“ရန်ကုန်တိုင်းဒေသကြီးနဲ့ရှာဝတီ တိုင်းဒေသကြီးအတွင်းမှာရှိတဲ့ တံတားအချို့ရဲ့လက်ရှိခံနိုင်ရည်၊ ပြုပြင်ထိန်းသိမ်းမှုစနစ်တွေကို ပူးတွဲလေ့လာမှုတွေ လုပ်နေပါတယ်။ ဆောင်ရွက်သင့်တဲ့ အခြေအနေ၊ အကြံပြုသင့်တာကို အချိန်တစ်ခုအနေနဲ့သွားတဲ့အတွက် ငါးနှစ်အတွင်းမှာ ပြီးနိုင်မယ့် နယ်ပယ်ကိုပဲ ရည်ရွယ်ထားပါတယ်”ဟု ၎င်းကပြောသည်။

သုတေသနစီမံကိန်း၏ Record of Discussion (ROD) ကို ၂၀၁၅ ခုနှစ် က ပညာရေးဝန်ကြီးဌာနနှင့် JICA (Myanmar) တို့ လက်မှတ်ရေးထိုး အတည်ပြုခဲ့ပြီး ဖြစ်သည်။

သဘာဝဘေးအန္တရာယ် အမျိုးမျိုးအား တုံ့ပြန်ဆောင်ရွက်ရေးစနစ်တွင် Working Group အသီးသီး၏ သုတေသနလုပ်ငန်း ရလဒ်များကို ပေါင်းစပ်ဖွဲ့စည်း၍ သဘာဝဘေးအန္တရာယ် အလုံးစုံခုခံနိုင်မှုစနစ်အဖြစ် တည်ဆောက်မည့်အသွင်သဏ္ဍာန်များ၊ သဘာဝဘေးအန္တရာယ် စီမံခန့်ခွဲခြင်းကဏ္ဍဆိုင်ရာ သုတေသနလုပ်ငန်း အခြေအနေများကို တိုကျိုတက္ကသိုလ်မှ အဖွဲ့ခေါင်းဆောင် Disaster Management Group Prof.Kimiro Meguro က ဆွေးနွေးတင်ပြခဲ့သည်။

အစည်းအဝေးသို့ အမြဲတမ်းအတွင်းဝန် ဦးကျော်စွာစိုး၊ သက်ဆိုင်ရာသုတေသန လုပ်ငန်းများ ပူးပေါင်းဆောင်ရွက်လျက်ရှိသည့် မိတ်ဖက်ဦးစီးဌာနများမှ ဦးဆောင်ညွှန်ကြားရေးမှူးများ၊ ညွှန်ကြားရေးမှူးချုပ်များ၊ ဂျပန်နိုင်ငံ တိုကျိုတက္ကသိုလ်မှ ပါမောက္ခများ၊ သုတေသနပညာရှင်များနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

**(သတင်းစဉ်)**

# ပြည်ထောင်စုအဆင့် ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး ပူးတွဲစောင့်ကြည့်ရေးကော်မတီစည်းဝေး ပဲခူးတိုင်းတွင် ကရင်(၂) ပြည်နယ်အဆင့် JMC-S အဖြစ် ဆက်လက်ဖွဲ့စည်းမည်



ရန်ကုန် စက်တင်ဘာ ၁၃

**ပြည်ထောင်စုအဆင့် ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး ပူးတွဲစောင့်ကြည့်ရေးကော်မတီ (JMC-U) ၏ သတ္တမအကြိမ် ပထမနေ့အစည်းအဝေးကို ယနေ့ နံနက်ပိုင်းတွင် ရန်ကုန်မြို့ ရွှေလီလမ်းရှိ အမျိုးသားပြန်လည်သင့်မြတ်ရေးနှင့် ငြိမ်းချမ်းရေးဗဟိုဌာန (NRPC)ရန်ကုန်ရုံးခွဲတွင် ပြုလုပ်သည်။** (အပေါ်ပုံ)

အစည်းအဝေးတွင် ပြည်ထောင်စုအဆင့် ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး ပူးတွဲစောင့်ကြည့်ရေးကော်မတီ (JMC-U) ၏ ဥက္ကဋ္ဌ ဒုတိယဗိုလ်ချုပ်ကြီး ရာပြည့်၊ ဒုတိယဥက္ကဋ္ဌ(၁) စောအိုင်းဇက်ဖိုးနှင့် JMC-U ဒုတိယဥက္ကဋ္ဌ(၂) ဦးကိုကိုကြီးတို့က နှုတ်ခွန်းဆက် အမှာစကားများ ပြောကြားကြသည်။

JMC-U ဥက္ကဋ္ဌ ဒုတိယဗိုလ်ချုပ်ကြီး ရာပြည့်က “ကျွန်တော်တို့ JMC အစည်းအဝေးတွေမှာ JMC-S အတွက် နယ်မြေသတ်မှတ်ချက်နဲ့ ဆောင်ရွက်ဖို့ တာဝန်ပေးထားတာရှိတယ်။ ဒါတွေကို စတင်နိုင်အောင် JMC-S အစည်းအဝေးတွေ ခေါ်ယူပြီး နယ်မြေသတ်မှတ်မှုတွေ ဆောင်ရွက်ဖို့လိုတယ်။ နောက်တစ်ခါ IDPs (စစ်ရှောင်ဒုက္ခသည်)တွေ ပြန်လည်ဝင်ရောက်နိုင်ဖို့အတွက် လိုအပ်တဲ့ မိုင်းရှင်းလင်းရေးတွေအတွက် ထပ်ညှိနှိုင်းဖို့လိုတယ်။ အမျိုးသားအဆင့် ဆွေးနွေးပွဲတွေနဲ့ တစ်ပြိုင်တည်း ဒီကိစ္စတွေကို ကျွန်တော်တို့က ဆောင်ရွက်သွားဖို့ လိုပါတယ်။ မိုင်းရှင်းလင်းရေးနဲ့ ပတ်သက်ပြီး ကျွန်တော်တို့ ကာကွယ်ရေးဦးစီးချုပ်က ဘယ်လိုမူဝါဒ ရှိတယ်ဆိုတာကို တင်ပြထားပြီးဖြစ်ပါတယ်။ IDPs တွေပြန်လာဖို့ အမျိုးသားအဆင့် ဆွေးနွေးပွဲတွေ စနစ်တကျဆောင်ရွက်နိုင်ဖို့ အောက်ခြေအဆင့်မှာလည်း သေသေချာချာ ညှိနှိုင်းဆောင်ရွက်သွားဖို့ လိုအပ်တယ်ဆိုတာကို ကျွန်တော့်အနေနဲ့ ပြောလိုပါတယ်။

“နောက်တစ်ခုက NCA လက်မှတ်ထိုးထားတဲ့ တိုင်းရင်းသားလက်နက်ကိုင် အဖွဲ့အစည်းအချို့မှာ တပ်သားသစ်စုဆောင်းတဲ့ကိစ္စပါ။ ဒါတွေက ကျွန်တော်တို့အရပ်သား ပြည်သူလူထုကို ဝန်ထုပ်ဝန်ပိုးဖြစ်စေတယ်။ NCA စာချုပ်မှာပါတဲ့ အရပ်သားတွေကို အကာအကွယ်ပေးခြင်းမှာ ကျူးလွန်ဖောက်ဖျက်နေတဲ့ အနေအထားတွေ ရှိတဲ့အတွက် ဒါကို NCA လက်မှတ်ထိုးထားတဲ့ အဖွဲ့တွေမှာ မဖြစ်ဖို့ ပြောလိုပါတယ်။

“နောက်တစ်ခုကတော့ JMC-S ပဲခူးမှာ ဖွဲ့စည်းမယ့်ကိစ္စမှာ အကျိုးအကြောင်းနဲ့ တင်ပြတော့ ပဲခူးအဖွဲ့ အစည်းအနေနဲ့ သဘောတူပါတယ်။ ဒီလ ၂၇ ရက်မှာဆောင်ရွက်မယ်လို့ ကျွန်တော်တို့က လျာထားပါတယ်။ ချင်းမှာ JMC-S ဖွဲ့ဖို့ကိစ္စကိုတော့ လမ်းပန်းဆက်သွယ်ရေး အခက်အခဲကြောင့် ဒီဇင်ဘာလလောက်မှာ ဖွဲ့စည်းဖို့ လျာထားပါတယ်။ ဒါတွေအတွက် အသေးစိတ်ညှိနှိုင်းပြီး ကျွန်တော်တို့ ဆောင်ရွက်သွားမှာဖြစ်ပါတယ်”ဟု ပြောကြားသည်။

ဆက်လက်၍ JMC-U ဒုတိယဥက္ကဋ္ဌ (၁) စောအိုင်းဇက်ဖိုးက “NCA စာချုပ်နဲ့ပတ်သက်ရင် ကျွန်တော်တို့ တိုင်းရင်းသားတွေ နှစ်နှစ်ကျော် ညှိနှိုင်းပြီး ဆွေးနွေးခဲ့ကြတာ ဖြစ်ပါတယ်။ အဲ့ဒီလို ဆွေးနွေးရင်းနဲ့ ရရှိလာတဲ့ NCA စာချုပ်ဟာ သမိုင်းဝင်ဖြစ်သလို တိုင်းသိပြည်သိ ကမ္ဘာသိလည်း ဖြစ်ပါတယ်။ NCA စာချုပ်ဟာ အလွန်အရေးပါသလို စာချုပ်ကို အကောင်အထည်ဖော်ရတဲ့ ပုဂ္ဂိုလ်တွေကလည်း NCA စာချုပ်ကို ယုံကြည်မှုအပြည့်အဝနဲ့ ဆက်လက်ပြီး အကောင်အထည်ဖော်ရမှာ ဖြစ်ပါတယ်။ NCA စာချုပ်နဲ့ ပတ်သက်ပြီး လက်နက်ကိုင် အဖွဲ့အစည်းတွေရဲ့ အောက်ခြေမှာလည်း နားလည်နိုင်အောင် ချပြပေးနိုင်ဖို့ လိုပါတယ်။ အဲဒီလို ချပြပေးနိုင်မှလည်း JMC နဲ့ ပတ်သက်တဲ့ အခက်အခဲတွေကို ကျော်လွှားနိုင်မှာ ဖြစ်ပါတယ်။

“အောက်ခြေကို ချပြပေးလို့မရဘူးဆိုရင် ကျွန်တော်တို့အတွက် အခက်အခဲတွေ အများကြီးရှိပါတယ်။ NCA နဲ့ ပတ်သက်ပြီး နှစ်ဖက်တပ်တွေကြားထဲမှာလည်း သဘောပေါက်နားလည်မှုနည်းတာတွေ ရှိပါတယ်။ သဘောပေါက်နားလည်ဖို့လိုပါတယ်။ JMC-S ဖွဲ့ပြီးတဲ့နောက်မှာ ဘာတွေတိုးတက်မှုရှိသလဲဆိုတဲ့ မေးခွန်းတွေ အများကြီးပေါ်လာပါတယ်။ JMC နဲ့ ပတ်သက်ပြီး နှစ်ဖက်အောက်ခြေက သိရှိနားလည်မှုလည်း သူတို့ကိုယ်တိုင်က သူတို့ရဲ့လုံခြုံမှုနဲ့ လွတ်လပ်မှုကို ခံစားနိုင်ပါမယ်။ ကျွန်တော်တို့ အချင်းချင်း ကြားထဲမှာနားလည်မှု လွဲမှားတာတွေကို ပြန်ပြီးရှင်းလင်းရမှာတွေ ရှိပါတယ်။ ဒါတွေကိုလည်း ကျော်ဖြတ်သွားရမှာ ဖြစ်ပါတယ်။ အောက်ခြေကို ချပြဖို့လိုသလိုပဲ ပြည်သူ့ရဲ့ပါဝင်မှုကလည်း အဓိကကျပါတယ်”ဟု ပြောသည်။

ယင်းနောက် JMC-U ဒုတိယဥက္ကဋ္ဌ(၂) ဦးကိုကိုကြီးက “ပြီးခဲ့တဲ့ အစည်းအဝေးတွေ တစ်လျှောက်လုံးမှာလည်း JMC နဲ့ ပတ်သက်လို့ တိုင်းနဲ့ ပြည်နယ်အဆင့်၊ ဒေသဆိုင်ရာအဆင့်တွေအထိ လုပ်ငန်းလမ်းညွှန်အသေးစိတ်ကို ဆွေးနွေးခဲ့ကြပါတယ်။ အပစ်အခတ်ရပ်စဲရေးလုပ်ထားတဲ့ ဒေသတွေမှာ အပစ်အခတ်ရပ်စဲရေး စောင့်ကြည့်ဖို့ လုပ်နေတဲ့ တစ်ချိန်တည်းမှာ ထပ်မံဖွဲ့စည်းပြီး ရေးယာကျယ်လာဖို့ဆိုတာ NCA ကို လက်မှတ်ထိုးထားတဲ့ အဖွဲ့အစည်းတွေများလာတာနဲ့ အမျှ JMC ရဲ့နယ်ပယ်က တဖြည်းဖြည်းနဲ့ ကျယ်ပြန့်လာမှာပါ။ ကျွန်တော်တို့ ပုဂ္ဂိုလ်ချင်း ထိတွေ့ရင်းနှီးမှုကနေ ဖြေရှင်းနေတာကနေ နောက်ပိုင်းကျရင် လုပ်ငန်းလမ်းညွှန်တွေပေါ်မှာ အခြေပြုပြီးတော့ ပိုပြီးစနစ်ကျတဲ့ ဖြေရှင်းမှုတွေ ဖြစ်လာဖို့အတွက် မျှော်လင့်ပါတယ်။ ကျွန်တော်တို့ JMC အစည်းအဝေးတွေကနေတစ်ဆင့် အောက်ခြေဒေသဆိုင်ရာ အဆင့်တွေအထိ တကယ့်လက်တွေ့လုပ်ငန်း အကောင်အထည်ဖော်လာမှုတွေ ဖြစ်ပေါ်လာဖို့ဆိုတဲ့အခါမှာ ထူးခြားတာက NCA ဟာ အပစ်အခတ်ရပ်စဲရေးကို စောင့်ကြည့်ဖို့တင်မကဘဲ အရပ်သားတွေကို အကာအကွယ်ပေးဖို့အတွက် စောင့်ကြည့်ရတဲ့လုပ်ငန်းစဉ်က တော်တော်လေး ကျယ်ပြန့်ပါတယ်။ တစ်ချိန်တုန်းက ငြိမ်းချမ်းရေးဖြစ်စဉ်မှာ ပါဝင်ခွင့်မရခဲ့တဲ့ အရပ်သားတွေ အရပ်ဘက်အဖွဲ့အစည်းတွေရဲ့ အခန်းကဏ္ဍကိုလည်း ကျယ်ကျယ်ပြန့်ပြန့် ပါဝင်လာအောင်လည်း ကြိုးစားရမှာဖြစ်ပါတယ်။ NCA စာချုပ်ကို နှစ်ဖက်အောက်ခြေတပ်သားတွေပဲ နားလည်အောင် မဟုတ်ဘဲနဲ့ အရပ်သားတွေမှာပါ ကျွန်တော်တို့ ဆောင်ရွက်နေတဲ့ လုပ်ငန်းစဉ်ကို ကျယ်ကျယ်ပြန့်ပြန့် သိရှိလာဖို့နဲ့ အရပ်သား ပြည်သူတွေပါ ပူးပေါင်းဆောင်ရွက်နိုင်ဖို့အတွက် ဒီအစည်းအဝေးကစပြီး နောက်ပိုင်းမှာ အရှိန်မြှင့်သွားဖို့ လိုမယ်လို့ မြင်ပါတယ်”ဟု အဖွင့်အမှာစကားတွင် ထည့်သွင်းပြောကြားသည်။

စက်တင်ဘာ ၁၃ ရက်မှ ၁၅ ရက်အထိ သုံးရက်ကျင်းပမည့် သတ္တမအကြိမ်မြောက် JMC-U အစည်းအဝေးတွင် တိုင်းဒေသကြီး/ပြည်နယ်အဆင့် JMC-S အား ပဲခူးတိုင်းတွင် (ကရင်-၂) အနေဖြင့် ယခုလအတွင်း ဖွဲ့စည်းရန်နှင့် ဒီဇင်ဘာလတွင် ချင်းပြည်နယ်၌ ဆက်လက်ဖွဲ့စည်းရန်၊ JMC-TSC ယာယီရုံးအဖွဲ့၏ နောက်ဆုံးအခြေအနေအားတင်ပြခြင်း၊ JMC-U အတွင်းရေးမှူးနှစ်ဦး၏ လုပ်ငန်း လမ်းညွှန်များအား ဆွေးနွေးခြင်း၊ အလုပ်အမှုဆောင်ညွှန်ကြားရေးမှူးနှင့် ဒုတိယအလုပ်အမှုဆောင်ညွှန်ကြားရေးမှူးတို့၏ လုပ်ငန်းတာဝန်များအား ဆွေးနွေးအတည်ပြုခြင်း၊ JMC-U နှင့် UN တို့အကြား တွေ့ဆုံဆွေးနွေးအတည်ပြုခြင်း၊ နယ်မြေသတ်မှတ်မှု (Demarcation) ကိစ္စအား ဆွေးနွေးခြင်း၊ မိုင်းရှင်းလင်းရေး (Demining) ကိစ္စအား ဆွေးနွေးခြင်း၊ နိုင်ငံတကာ အထောက်အကူပြုပညာရှင်များကိစ္စအား ဆွေးနွေးခြင်း၊ လုပ်ငန်းလမ်းညွှန်မှုဆိုင်ရာကိစ္စရပ်များကို ဆွေးနွေးသွားမည်ဖြစ်ကြောင်း သိရသည်။

ပြည်ထောင်စုအဆင့် ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး ပူးတွဲစောင့်ကြည့်ရေးကော်မတီ (JMC-U) ၏ သတ္တမအကြိမ် ဒုတိယနေ့ ဆွေးနွေးပွဲကို စက်တင်ဘာ ၁၄ ရက် နံနက် ၉ နာရီတွင် NRPC ၌ ဆက်လက်ပြုလုပ်သွားမည်ဖြစ်သည်။

**သတင်း - ရဲခေါင်ညွန့်**
**ဓာတ်ပုံ - ဖိုးထောင်**




# ၂၀၁၆ ခုနှစ် ဩဂုတ်လအတွင်း ပြည်ပသို့ တရားဝင် အလုပ်သွားရောက်လုပ်ကိုင်သူ ၁၄၀၀၀ ကျော်နှင့် ပြည်တွင်းအလုပ်နေရာ ၁၈၈၀၀ ကျော်အား ခန့်ထားနိုင်ခဲ့

**နေပြည်တော် စက်တင်ဘာ ၁၃**

နိုင်ငံဖွံ့ဖြိုးတိုးတက်ရေး နှင့် အလုပ်လုပ်ကိုင်နိုင်သူ တစ်ဦးချင်းဝင်ငွေ တိုးပွားစေရေးအတွက် ရည်ရွယ်၍အလုပ်အကိုင်အခွင့်အလမ်းများ ပိုမိုရရှိစေရေးအတွက် ပြည်ပသို့ တရားဝင်စေလွှတ်ခြင်းနှင့် ပြည်တွင်းအလုပ်အကိုင်များ ရှာဖွေပေးခြင်းတို့အား အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာနမှ စဉ်ဆက်မပြတ် ကြိုးပမ်းဆောင်ရွက်လျက်ရှိသည်။

ယခုနှစ်အတွင်း ပြည်တွင်းအလုပ်အကိုင်ရရှိရေးကို ဦးစားပေးဆောင်ရွက်နေပြီး သင့်တော် ကောင်းမွန်သည့် အလုပ်အကိုင်များ ရရှိစေရေးနှင့် အလုပ်ရှင်များအတွက်လည်း အလုပ်သမား လုံလောက်စွာ ခန့်အပ်ထားရှိရန် အလုပ်အကိုင်နှင့် အလုပ်သမားရှာဖွေရေးရုံး (LEO) များတွင် Labour Exchange Management System စနစ်ဖြင့် Online မှ တစ်ဆင့် ဆောင်ရွက်ပေးခြင်းတို့အား လုပ်ဆောင်လျက်ရှိရာ ၂၀၁၆ ခုနှစ် ဩဂုတ်လအတွင်း အောက်ဖော်ပြပါအတိုင်း အလုပ်အကိုင်များ ဆောင်ရွက်ပေးနိုင်ခဲ့ပါသည်-

**၂၀၁၆ ခုနှစ် ဩဂုတ်လအတွင်း ပြည်တွင်းအလုပ်ရရှိမှုအခြေအနေ**

| စဉ် | ပြည်ထောင်စုနယ်မြေ/ တိုင်းဒေသကြီး/ ပြည်နယ် | အလုပ်ရ | | | မှတ်ချက် |
|---|---|---|---|---|---|
| | | အစိုးရ | ပုဂ္ဂလိက | စုစုပေါင်း | |
| ၁။ | ပြည်ထောင်စုနယ်မြေ | ၈၃ | ၂ | ၈၅ | |
| ၂။ | ရန်ကုန်တိုင်းဒေသကြီး | ၂၀၄ | ၁၂၈၀၀ | ၁၃၀၀၄ | |
| ၃။ | ဧရာဝတီတိုင်းဒေသကြီး | ၅၆ | ၉၄ | ၁၅၀ | |
| ၄။ | ပဲခူးတိုင်းဒေသကြီး | ၂၃၅ | ၁၇၃၄ | ၁၉၆၉ | |
| ၅။ | မန္တလေးတိုင်းဒေသကြီး | ၁၉၀ | ၆၃၉ | ၈၂၉ | |
| ၆။ | စစ်ကိုင်းတိုင်းဒေသကြီး | ၉၄ | ၃၅၇ | ၄၅၁ | |
| ၇။ | မကွေးတိုင်းဒေသကြီး | ၃၇ | ၆၂၉ | ၆၆၆ | |
| ၈။ | တနင်္သာရီတိုင်းဒေသကြီး | ၁၈၄ | ၂၂၃ | ၄၀၇ | |
| ၉။ | ကချင်ပြည်နယ် | ၅၀ | ၆ | ၅၆ | |
| ၁၀။ | ကယားပြည်နယ် | ၁၉ | ၈၀ | ၉၉ | |
| ၁၁။ | ကရင်ပြည်နယ် | ၃၃ | ၇၆ | ၁၀၉ | |
| ၁၂။ | ချင်းပြည်နယ် | ၁၃ | ၉ | ၂၂ | |
| ၁၃။ | မွန်ပြည်နယ် | ၅၈ | ၁၈၄ | ၂၄၂ | |
| ၁၄။ | ရခိုင်ပြည်နယ် | ၂၀ | ၁၀၄ | ၁၂၄ | |
| ၁၅။ | ရှမ်းပြည်နယ် | ၄၂၇ | ၁၉၂ | ၆၁၉ | |
| | **စုစုပေါင်း** | **၁၇၀၃** | **၁၇၁၂၉** | **၁၈၈၃၂** | |

၂၀၁၆ ခုနှစ် ဩဂုတ်လအတွင်း နိုင်ငံအလိုက် ပြည်ပအလုပ်အကိုင်ရရှိမှု အခြေအနေမှာ အောက်ပါအတိုင်းဖြစ်ပါသည်-

**၂၀၁၆ခုနှစ် ဩဂုတ်လအတွင်း နိုင်ငံအလိုက် ပြည်ပအလုပ်အကိုင် အလုပ်ရရှိမှုအခြေအနေ**

| စဉ် | နိုင်ငံ | စေလွှတ်ဦးရေ | မှတ်ချက် |
|---|---|---|---|
| ၁။ | မလေးရှားနိုင်ငံ | ၂၀၃၁ ဦး | |
| ၂။ | စင်ကာပူနိုင်ငံ | ၅ ဦး | |
| ၃။ | ကိုရီးယားနိုင်ငံ | ၁၇၉ ဦး | |
| ၄။ | ထိုင်းနိုင်ငံ | ၁၁၉၂၄ ဦး | |
| ၅။ | ဂျပန်နိုင်ငံ | ၁၁၆ ဦး | |
| ၆။ | ယူအေအီး | ၉ ဦး | |
| ၇။ | ကာတာနိုင်ငံ | ၃ ဦး | |
| | **စုစုပေါင်း** | **၁၄၂၆၇ ဦး** | |

# ကွမ်းစားသုံးမှုနှင့် စည်းကမ်းမဲ့ ကွမ်းတံတွေးထွေးမှု ကျဆင်းပပျောက်ရေး ပညာပေးဆွေးနွေး

**ရန်ကုန် စက်တင်ဘာ ၁၃**

ရန်ကုန်တိုင်းဒေသကြီး ဗဟန်းမြို့နယ် အထက ဗဟန်းရွှေနန်ယန်ခန်းမ၌ ယနေ့နံနက် ၁၀ နာရီက ကွမ်းစားသုံးမှုနှင့် ကွမ်းတံတွေးထွေးမှုကျဆင်းပပျောက်ရေး အသိပညာပေးဆွေးနွေးပွဲကို မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၏ ဦးဆောင်မှုဖြင့် ပြည်သူ့ကျန်းမာရေးဖောင်ဒေးရှင်း မြို့နယ်ပညာရေး၊ ကျန်းမာရေး၊ ပြန်/ဆက်ဦးစီးဌာနတို့ ပူးပေါင်း၍ ကျင်းပခဲ့ကြသည်။ အခမ်းအနားတွင် မြို့နယ်အုပ်ချုပ်ရေးမှူး ဦးထိန်စိုးက အမှာစကားပြောကြားပြီး ပြည်သူ့ကျန်းမာရေးဖောင်ဒေးရှင်းမှ တွဲဖက်အတွင်းရေးမှူး ဒေါက်တာဦးသိန်းလွင်၊ စီမံချက်လက်ထောက်မန်နေဂျာ ဦးမြင့်သိန်းတို့က အသိပညာပေးဆွေးနွေးကြသည်။ **သန္တာမေ(ပြန်/ဆက်)**



ဒုတိယသမ္မတ ဦးဟင်နရီဗန်ထီးယူနှင့် တက်ရောက်လာကြသူများက ဝန်ကြီးဌာနများ၊ အသင်းအဖွဲ့များမှ လူကုန်ကူးမှုတားဆီးကာကွယ်ရေးလုပ်ငန်းမှတ်တမ်းဓာတ်ပုံများအား ကြည့်ရှုကြစဉ် (သတင်းစဉ်)

❍ *ကျောဖုံးမှ*

ထို့ပြင် အမေရိကန်နိုင်ငံမှ ထုတ်ပြန်ခဲ့သည့် ၂၀၁၆ခုနှစ်၊ လူကုန်ကူးမှုတိုက်ဖျက်ရေး အစီရင်ခံစာတွင် မြန်မာနိုင်ငံကို စောင့်ကြည့်အဆင့်(၂) မှ အဆင့်(၃)သို့ လျှော့ချသတ်မှတ်ခဲ့ကြောင်း၊ ယင်းအစီရင်ခံစာပါ အကြံပြုချက်များကို လာမည့် တတိယငါးနှစ်စီမံကိန်းတွင် အကောင်အထည်ဖော် ဆောင်ရွက်သွားရမည်ဖြစ်ကြောင်း၊ နှစ်အလိုက်ချမှတ်ထားသည့်လုပ်ငန်းစီမံချက်များကို ကဏ္ဍ(၅)ရပ် ထည့်သွင်းရေးဆွဲပြီး အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိကြောင်း။

မူဝါဒနှင့်ပူးပေါင်းဆောင်ရွက်ရေးကဏ္ဍတွင် မြန်မာရေလုပ်သားများ နိုင်ငံရပ်ခြားတွင် ခေါင်းပုံဖြတ်ခံရမှုများပပျောက်စေရန် မြန်မာ-ထိုင်း-ကမ္ဘောဒီးယား-အင်ဒိုနီးရှား ဆက်စပ်လေးနိုင်ငံ ပူးပေါင်းဆောင်ရွက်မှုများကို မြှင့်တင်လျက်ရှိကြောင်း။

ကြိုတင်တားဆီးကာကွယ်ရေးကဏ္ဍတွင် လက်နက်ကိုင်ပဋိပက္ခနယ်မြေများမှ စစ်ဘေးရှောင်ကယ်ဆယ်ရေးစခန်းများ၊ ပြည်တွင်းရွှေ့ပြောင်းသွားလာလုပ်ကိုင်နေသူများ၏နေရာများ၊ သဘာဝဘေးအန္တရာယ်ကျရောက်ခဲ့သည့်နေရာများ၊ အထူးသဖြင့် ရေဘေးသင့်ဒေသများတွင် UN,INGO,NGO တို့နှင့်ပူးပေါင်းပြီး အသိပညာပေးရေးလုပ်ငန်းများကို ထိရောက်စွာ ဆောင်ရွက်နိုင်ခဲ့ကြောင်း။

တရားစွဲဆိုရေးကဏ္ဍတွင် လက်ရှိတည်ဆဲ လူကုန်ကူးမှုတားဆီးကာကွယ်ရေး ဥပဒေကို ပြန်လည် ပြင်ဆင်ရေးဆွဲရန် ဆောင်ရွက်လျက်ရှိကြောင်း၊ လူကုန်ကူး မှုခင်း၏ သဘောသဘာဝသည် နိုင်ငံဖြတ်ကျော်မှုခင်းများဖြစ်သည့်အတွက် ပြစ်မှုဆိုင်ရာကိစ္စရပ်များတွင် နိုင်ငံအချင်းချင်းအပြန်အလှန်အကူအညီပေးရေးကဏ္ဍ ပိုမိုတိုးတက်စေရန် လိုအပ်မည်ဖြစ်ကြောင်း။

လူကုန်ကူးခံရသူများအား ကာကွယ်စောင့်ရှောက်ရေးကဏ္ဍတွင် ဒေသတွင်းနိုင်ငံများ အထူးသဖြင့် တရုတ်၊ ထိုင်း၊ အင်ဒိုနီးရှားနိုင်ငံများမှ လူကုန်ကူးခံရသူများကို သက်ဆိုင်ရာနိုင်ငံများရှိ သံရုံးများ၊ နိုင်ငံတကာအဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်မှုကြောင့် ပြန်လည်ကယ်တင်နိုင်ခဲ့ပြီး မိဘရပ်ထံသို့ ပြန်လည်ပေါင်းစည်းပေးနိုင်ခဲ့ကြောင်း၊ သက်ဆိုင်ရာသံရုံးများ၏ပံ့ပိုးမှုဖြင့် ရေလုပ်သားများရသင့်ရထိုက်သည့် ခံစားခွင့်များရရှိအောင် ဆောင်ရွက်ပေးနိုင်ခဲ့ပါကြောင်း။

စွမ်းရည်မြှင့်တင်ရေးကဏ္ဍအနေဖြင့် လူကုန်ကူးခံရသူများ၏အခွင့်အရေးကို အကာအကွယ်ပေးနိုင်ရေး၊ လူကုန်ကူးခံရသူအား အလေးထားသည့် စုံစမ်းစစ်ဆေးရေး အရည်အသွေးများမြင့်မားစေရန် ပြည်ပသင်တန်းများစေလွှတ်ခြင်း၊ အလုပ်ရုံဆွေးနွေးပွဲများတက်ရောက်စေခြင်း၊ ပြည်တွင်းတွင်လည်း အလုပ်ရုံဆွေးနွေးပွဲ၊ သင်တန်းများ ပြုလုပ်ပေးခြင်း၊ လူကုန်ကူးမှုတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့နှင့် နယ်မြေရဲများအတွက် ပူးပေါင်းဆောင်ရွက်ရေးလမ်းညွှန်ရေးဆွဲနိုင်ရေး အလုပ်ရုံဆွေးနွေးပွဲများ ဆောင်ရွက်နိုင်ခဲ့ပါကြောင်း ပြောကြားသည်။

ထို့နောက် UNICEF Myanmar မှ ကလေးသူငယ်ကာကွယ်စောင့်ရှောက်ရေး အကြီးအကဲ Mr.Aaron Greenberg က မြန်မာနိုင်ငံလူကုန်ကူးမှုတိုက်ဖျက်ရေး လုပ်ငန်းများနှင့်ပတ်သက်၍ အမှာစကားပြောကြားပြီး International Organization for Migration (Myanmar) မှ Chief of Mission Mr.Kieran German-Best က လူကုန်ကူးမှုတိုက်ဖျက်ရေးဆိုင်ရာအချက်အလက်များနှင့် စပ်လျဉ်း၍ ဆွေးနွေးပြောကြားသည်။

ယင်းနောက် မြန်မာနိုင်ငံလူကုန်ကူးမှုတိုက်ဖျက်ရေးလုပ်ငန်းများတွင် ကြိုးပမ်းအားထုတ်မှုများအား မှတ်တမ်းတင်ထားသည့် ဗီဒီယိုမှတ်တမ်းကို ပြသသည်။

ထို့နောက် ဒုတိယသမ္မတ ပြည်ထောင်စုဝန်ကြီးများနှင့် တက်ရောက်လာကြသူများက ဝန်ကြီးဌာနများ၊ အသင်းအဖွဲ့များမှ လူကုန်ကူးမှုတားဆီးကာကွယ်ရေး လုပ်ငန်း မှတ်တမ်းဓာတ်ပုံများအား ကြည့်ရှုကြသည်။

ယခု၂၀၁၆ခုနှစ် မြန်မာနိုင်ငံလူကုန်ကူးမှုတိုက်ဖျက်ရေးနေ့ အထိမ်းအမှတ် ဆောင်ပုဒ်မှာ "လူကုန်ကူးမှုတိုက်ဖျက်ရေး သင်လည်း ပူးပေါင်းပါဝင်ပေး" ဖြစ်သည်။ **(သတင်းစဉ်)**

● *ကျောဖုံးမှ*

ရုပ်ရှင်ပွဲတော်မှာ ပါဝင်ပြသမှာဖြစ်ပါတယ်"ဟု မြန်မာနိုင်ငံရုပ်ရှင်အစည်းအရုံးမှ ဒုတိယဥက္ကဋ္ဌ (၁) ဦးအေးကြူလေးက ပြောသည်။

"နှလုံးသားဖြင့်ပြုလုပ်သည်"ရုပ်ရှင်ဇာတ်ကားသည် အကယ်ဒမီများရရှိသည့် ရုပ်ရှင် ဇာတ်ကားဖြစ်ကာ ဒါရိုက်တာ ဝိုင်း၊ ဇာတ်ညွှန်း သီဟစိုး၊ သရုပ်ဆောင်များဖြစ်ကြသည့် ပြေတီဦး၊ မိုးဟေကို၊ ဇင်ဝိုင်း၊ ဝတ်မှုံရွှေရည်တို့ ပါဝင်သရုပ်ဆောင်ထားကြောင်း သိရသည်။

ယင်းရုပ်ရှင်ပွဲတော်သို့ မြန်မာနိုင်ငံရုပ်ရှင်အစည်းအရုံးမှ အမှုဆောင်များဖြစ်ကြသည့် သရုပ်ဆောင် ခင်သန်းနွယ်၊ တက္ကသိုလ်ယဉ်ယဉ်လဲ့(စာရေးဆရာမ) တို့ သွားရောက်ကြမည်ဖြစ်ကြောင်း သိရသည်။

အဆိုပါရုပ်ရှင်ပွဲတော်ကို အာဆီယံတရုတ်စင်တာ(ACC) က တာဝန်ယူကျင်းပမည့် အာဆီယံရုပ်ရှင်ရက်သတ္တပတ် (AFW) တတိယအကြိမ် နိုင်ငံတကာရုပ်ရှင်ပွဲတော်ကို တရုတ်နိုင်ငံ ရှမ်စီပြည်နယ်၊ စီအန်းမြို့၌ စက်တင်ဘာ ၁၉ ရက်မှ ၂၃ ရက်အထိ ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

**သတင်းနှင့် ဓာတ်ပုံ-တင်စိုး(မြန်မာ့အလင်း)**

# လူကုန်ကူးမှုတိုက်ဖျက်ရေးနေ့ အထိမ်းအမှတ်အခမ်းအနားကျင်းပ

**ပဲခူး စက်တင်ဘာ ၁၃**

ပဲခူးမြို့ မြို့တော်ခန်းမတွင် စက်တင်ဘာ ၁၃ ရက် နံနက် ၉ နာရီက ပဲခူးတိုင်းဒေသကြီး ၂၀၁၆ ခုနှစ် စတုတ္ထအကြိမ်မြောက် မြန်မာနိုင်ငံ လူကုန်ကူးမှုတိုက်ဖျက်ရေးနေ့ အထိမ်းအမှတ်အခမ်းအနားအား ကျင်းပသည်။

အခမ်းအနားသို့ တိုင်းဒေသကြီး လွှတ်တော်ဥက္ကဋ္ဌ ဦးခင်မောင်ရင်၊ ဥပဒေချုပ် ဦးအုန်းမြင့်၊ တိုင်းဒေသကြီးလုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီး ဗိုလ်မှူးကြီး ခင်မောင်ဌေးနှင့် တိုင်းဒေသကြီးဝန်ကြီးများ၊ တိုင်းဒေသကြီး ရဲတပ်ဖွဲ့မှူး ရဲမှူးကြီး မျိုးမင်းထိုက်၊ တိုင်း/ခရိုင်/ မြို့နယ်ရဲတပ်ဖွဲ့ဝင်များ၊ တိုင်း/ခရိုင်/မြို့နယ်အဆင့် တာဝန်ရှိသူများ၊ လူကုန်ကူးမှုတိုက်ဖျက်ရေးနေ့ ပန်းချီ၊ ကာတွန်း၊ ပိုစတာပြိုင်ပွဲမှ ဆုရ ကျောင်းသား၊ ကျောင်းသူများ စုစုပေါင်း ၅၀၀ ခန့် တက်ရောက်ခဲ့ကြသည်။ အခမ်းအနားတွင် တိုင်းဒေသကြီးလုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီးက အမှာစကားပြောကြားကာ ဆုရ ကျောင်းသား၊ ကျောင်းသူများကို ဆုများချီးမြှင့်ခဲ့ကြပြီး တိုင်းဒေသကြီး လွှတ်တော်ဥက္ကဋ္ဌနှင့် တာဝန်ရှိသူများက လူကုန်ကူးမှုတိုက်ဖျက်ရေးနေ့ အထိမ်းအမှတ် ပြခန်းအား လှည့်လည်ကြည့်ရှုခဲ့ကြောင်း သိရသည်။

**သန့်စင်(ပဲခူး)**

## ဥပဒေဘောင်အတွင်း နေထိုင်ခြင်း ဘေးကင်းရန်ကွာ စိတ်ချမ်းသာ

# လူကုန်ကူးမှုတိုက်ဖျက်ရေးနေ့ မန္တလေးမြို့၌ ကျင်းပ

**မန္တလေး စက်တင်ဘာ ၁၃**

မြန်မာနိုင်ငံ လူကုန်ကူးမှုတိုက်ဖျက်ရေးနေ့ အခမ်းအနားကို စက်တင်ဘာ ၁၃ ရက် နံနက် ၉ နာရီက မန္တလေးမြို့ ချမ်းအေးသာစံမြို့နယ်ရှိ မြို့တော်ခန်းမ၌ကျင်းပရာ တိုင်းဒေသကြီးဝန်ကြီးချုပ် ဒေါက်တာ ဇော်မြင့်မောင်နှင့် တိုင်းဒေသကြီး ဝန်ကြီးများ၊ ဌာနဆိုင်ရာများ၊ လူမှုရေးအသင်းအဖွဲ့များ၊ ရပ်ရွာအခြေပြုစောင့်ကြည့်ရေး အဖွဲ့ဝင်များ၊ ကျောင်းသား ကျောင်းသူများ တက်ရောက်ကြသည်။

အခမ်းအနားတွင် တိုင်းဒေသကြီး ဝန်ကြီးချုပ်က မိန့်ခွန်းပြောကြားပြီး INGO များကိုယ်စား World Vision အဖွဲ့မှ တာဝန်ရှိသူတစ်ဦးက ဂုဏ်ပြုစကားပြောကြားသည်။ ဆက်လက်၍ မြန်မာနိုင်ငံလူကုန်ကူးမှု တိုက်ဖျက်ရေးတွင် ကြိုးပမ်းအားထုတ်ခဲ့မှုမှတ်တမ်းများအား ရှင်းလင်းပြသခြင်း၊ World Vision မှ စီစဉ်တင်ဆက်သည့် အသိပညာပေးတစ်ခန်းရပ် ပြဇာတ်၊ လူကုန်ကူးခံရသူ၏ ရင်တွင်းစကားသံ ဗီဒီယိုမှတ်တမ်းတို့ကို တက်ရောက်လာကြသူများက ကြည့်ရှုအားပေးကြသည်။

**တင်မောင်(မန်းကိုယ်ပွား)**




# မြန်မာနိုင်ငံ လူကုန်ကူးမှုတိုက်ဖျက်ရေးနေ့ ပုသိမ်မြို့၌ ကျင်းပ

**ပုသိမ် စက်တင်ဘာ ၁၃**

ဧရာဝတီတိုင်းဒေသကြီး လူကုန်ကူးမှုတားဆီးကာကွယ်ရေး အဖွဲ့ကကြီးမှူး၍ မြန်မာနိုင်ငံ လူကုန်ကူးမှုတိုက်ဖျက်ရေးနေ့ အခမ်းအနားကို စက်တင်ဘာ ၁၃ ရက် နံနက် ၉ နာရီက ပုသိမ်မြို့ ကမ်းနားလမ်း မြို့တော်ခန်းမ၌ကျင်းပရာ တိုင်းဒေသကြီး ဝန်ကြီးချုပ် မန်းဂျော်နီကအမှာစကားပြောကြားပြီး လူကုန်ကူးမှုတားဆီးနှိမ်နင်းရေးတပ်ဖွဲ့စု(၇) တပ်ဖွဲ့စုမှူး ရဲမှူးခင်ခင်စိုးက တိုင်းဒေသကြီးအတွင်းဖြစ်ပွားခဲ့သော လူကုန်ကူးမှုနှင့်ပတ်သက်သည့် မှုခင်းဖော်ထုတ်မှုများ၊ မြန်မာနိုင်ငံ လူကုန်ကူးမှုတိုက်ဖျက်ရေး ကြိုးပမ်းအားထုတ်ခဲ့သောဖြစ်ရပ်များကို ရှင်းလင်းပြသပေးသည်။

ယင်းနောက် လူကုန်ကူးမှုတိုက်ဖျက်ရေးနေ့ အထိမ်းအမှတ် စာစီစာကုံး၊ ကဗျာ၊ ကာတွန်း၊ ပန်းချီ၊ ပိုစတာပြိုင်ပွဲဆုရ ကျောင်းသား ကျောင်းသူများ၊ ၂၀၁၆ ခုနှစ်တက္ကသိုလ်ဝင်စာမေးပွဲတွင် ဧရာဝတီတိုင်းဒေသကြီး၌ ပထမ၊ ဒုတိယဆုရ ကျောင်းသူများကို တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများက ဂုဏ်ပြုဆုများ ချီးမြှင့်ပြီး ပုသိမ်ပညာရေးကောလိပ်မှ လုပ်ငန်းခွင်အကြိုမူလတန်းဆရာ အတတ်သင် အမှတ်စဉ် (၃/၁၆) သင်တန်းသား သင်တန်းသူများ၏ လူကုန်ကူးမှုတိုက်ဖျက်ရေး သရုပ်ဖော်ဇာတ်လမ်းဖြင့် ဖျော်ဖြေတင်ဆက်ကြောင်း သိရသည်။ **(အပေါ်ပုံ)**

**ပုသိမ်-လှကြည်**

# ကချင်ပြည်နယ်သည် လူကုန်ကူးခံရမှု တိုင်းဒေသကြီး/ပြည်နယ်အသီးသီးအနက် အဆင့်ငါးနေရာတွင်ရှိ

**မြစ်ကြီးနား စက်တင်ဘာ ၁၃**

ကချင်ပြည်နယ်သည် လူကုန်ကူးခံရမှုအနေဖြင့် တိုင်းဒေသကြီး ပြည်နယ်ဒေသအသီးသီး အနက်မှ အဆင့်ငါးနေရာတွင်ရှိနေကြောင်း မြစ်ကြီးနားမြို့ အမှတ်(၁)အခြေခံပညာ အထက်တန်းကျောင်း မြသီတာခန်းမ၌ ယနေ့နံနက် ၉ နာရီကကျင်းပသော မြန်မာနိုင်ငံ လူကုန်ကူးမှုတိုက်ဖျက်ရေးနေ့ အခမ်းအနားတွင် အမှတ်(၁၂)လူကုန်ကူးမှု တားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့စု(မြစ်ကြီးနား)တပ်ဖွဲ့စုမှူး ဒုတိယရဲမှူး စိုးမင်းက ပြောသည်။

အခမ်းအနားတွင် ပြည်နယ်လူကုန်ကူးမှုတားဆီးကာကွယ်ရေးအဖွဲ့ဥက္ကဋ္ဌ ပြည်နယ်အုပ်ချုပ်ရေးမှူး ဦးမြင့်လွင်က အမှာစကားပြောကြားပြီး ပြည်နယ်အဆင့် မြန်မာနိုင်ငံ လူကုန်ကူးမှုတိုက်ဖျက်ရေးနေ့အထိမ်းအမှတ် စာစီစာကုံး၊ ကဗျာ၊ ပန်းချီ ပိုစတာ၊ ကာတွန်းပြိုင်ပွဲများတွင် အထက်တန်း၊ အလယ်တန်း၊ မူလတန်းအဆင့် ဆုရရှိသော ကျောင်းသား ကျောင်းသူများကို ပြည်နယ်လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီး ဗိုလ်မှူးကြီး သူရမျိုးတင်၊ ပြည်နယ်အုပ်ချုပ်ရေးမှူးနှင့် တာဝန်ရှိသူများက ဂုဏ်ပြုမှတ်တမ်းလွှာနှင့် ဆုငွေများ ပေးအပ်ချီးမြှင့်ခဲ့ကြကြောင်း သိရသည်။

**မင်းရာဇာ**

# ဓာတုပစ္စည်းနှင့်ဆက်စပ်ပစ္စည်းများဆိုင်ရာ လုပ်ငန်းလုပ်ကိုင်သူများ သိကောင်းစရာ

## ဒေါက်တာလပြည့်ခင်

**ဓာတုပစ္စည်းများကို အသုံးပြုခြင်းသည် လူသားများ၏နေ့စဉ်ဘဝ၊ နေထိုင်မှုပုံစံဖွံ့ဖြိုးတိုးတက်မှုတွင် တိုက်ရိုက် သို့မဟုတ် သွယ်ဝိုက်၍အထောက်အကူပြုသည်။ အစားအသောက်များ ကြာရှည်အထားခံစေရန်ပြုပြင်ရာတွင် အသုံးပြုသည့် ဓာတုပစ္စည်းများနှင့် အစာဖြည့်စွက်ပစ္စည်းများ၊ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများတွင် အသုံးပြုသော ဆေးမျိုးစုံနှင့် သန့်ရှင်းရေးဆေးရည်များ၊ ပြုပြင်မွမ်းမံရေးလုပ်ငန်းသုံး သဘော်ဆေးကဲ့သို့ သုတ်ဆေးများ၊ ယာဉ်အမျိုးမျိုးအတွက် လိုအပ်သည့်ဓာတုလောင်စာများ၊ ပလတ်စတစ်ကဲ့သို့သော လူသုံးကုန်ပစ္စည်းများ အစရှိသည့်ဓာတုပစ္စည်းများသည် လူသားတို့၏နေ့စဉ်ဘဝတွင် မရှိမဖြစ်ကဏ္ဍမှပါဝင်လျက်ရှိနေသည်။**

### ကောင်းကျိုးနှင့်ဆိုးကျိုးဒွန်တွဲ

သုံးတတ်လျှင်ဆေး၊ မသုံးတတ်လျှင်ဘေး ဆိုသကဲ့သို့ ဓာတုပစ္စည်းများ၏ ပင်ကိုစရိုက်လက္ခဏာများဖြစ်သည့် အကျိုးရှိအသုံးဝင်ခြင်းနှင့် မီးလောင်နိုင်ခြင်း၊ ပေါက်ကွဲနိုင်ခြင်း၊ ယိုဖိတ်ရန်လွယ်ကူခြင်း၊ အဆိပ်အတောက်ဖြစ်စေနိုင်ခြင်း အစရှိသည့် ဘေးအန္တရာယ်ဖြစ်စေခြင်းတို့မှာလည်း ဒွန်တွဲလျက်ရှိနေသည်။ ထို့ကြောင့် ဓာတုပစ္စည်းများသည် လူသားတို့အတွက် အကျိုးရှိအရေးပါသကဲ့သို့ အဆိပ်အတောက်ဖြစ်စေခြင်းနှင့် အန္တရာယ်ရှိခြင်းတို့ကိုလည်း ဖြစ်စေသောကြောင့် ကောင်းကျိုးနှင့်ဆိုးကျိုးဒွန်တွဲနေကြောင်း သိထားသင့်သည်။

### ကုန်ကျစရိတ်အလွန်များပြား

စက်မှုလုပ်ငန်းများ တိုးတက်ထွန်းကားနေသည့်ယနေ့ခေတ်ကြီးထဲတွင် ကုန်ထုတ်လုပ်ငန်းများ၌ ကုန်ကြမ်းအဖြစ်အသုံးပြုနေကြသော ဓာတုပစ္စည်းများအရေအတွက်မှာ အများဆုံးဖြစ်နေပြီး စားသုံးသူလက်ဝယ်သို့တိုက်ရိုက်ရောက်သော လူသုံးကုန်ဓာတုပစ္စည်းများမှာ အနည်းငယ်သာရှိသည်။ ကမ္ဘာတစ်ဝန်းလုံးတွင် ဓာတုပစ္စည်းအမျိုးအစားများမှာ နှစ်စဉ်တိုးပွားလျက်ရှိနေရာ ယခုအခါ ဓာတုပစ္စည်းအမျိုးအစားပေါင်း ၅၅ သန်းကျော်ရှိနေပြီး ယင်းနှင့်ဆက်နွယ်နေသော ဘေးအန္တရာယ်များမှာလည်း များသထက်များပြားလာနေသည်။ ကမ္ဘာတစ်ဝန်းရှိ ကုန်ထုတ်လုပ်ငန်းခွင်များတွင် ဓာတုပစ္စည်းများကြောင့် သေဆုံးရမှုများမှာလည်း နှစ်စဉ်သုံးသိန်းနီးပါးခန့်ရှိနေသည်။ သို့သော် စားသုံးသူများအနေဖြင့် ဓာတုပစ္စည်းများ၏ ကောင်းကျိုးဆိုးကျိုးကို အလွယ်တကူသိရှိနိုင်ရန်ခက်ခဲပြီး ကာကွယ်တားဆီးနိုင်ရန်အတွက် ကုန်ကျမှုစရိတ်မှာလည်း အလွန်များပြားလှသည်။

### ရည်မှန်းချက်ထားဆောင်ရွက်

သို့ဖြစ်၍ ကမ္ဘာတစ်ဝန်းတွင် ဓာတုဗေဒဆိုင်ရာဥပဒေများ၊ ကန့်သတ်ချက်များ ပေါ်ပေါက်လာသည်။ ၁၉၉၀ ပြည့်နှစ်တွင် အပြည်ပြည်ဆိုင်ရာ အလုပ်သမားအဖွဲ့အစည်း (ILO) မှလည်း ဓာတုပစ္စည်းအသုံးပြုလုပ်ကိုင်ကြသော လုပ်ငန်းများတွင် ဘေးအန္တရာယ်ကင်းရှင်းလုံခြုံမှုနှင့်ပတ်သက်ပြီး ကြေညာချက်တစ်ရပ်ထုတ်ပြန်ခဲ့သည်။ ၁၉၉၂ ခုနှစ် ဇွန်လတွင် ဘရာဇီးနိုင်ငံ ရီယိုဒီဂျနေရိုးမြို့၌ပြုလုပ်သော ကုလသမဂ္ဂ ပတ်ဝန်းကျင်နှင့် ဖွံ့ဖြိုးမှုညီလာခံ (UNCED) အခန်း ၁၉ တွင် အစီအစဉ်ခြောက်ရပ်ရေးဆွဲ၍ ပတ်ဝန်းကျင်နှင့်သဟဇာတဖြစ်စေမည့် ဓာတုပစ္စည်းစီမံခန့်ခွဲမှုတစ်ရပ်ကို ချမှတ်ခဲ့သည်။ ယင်းဓာတုပစ္စည်းစီမံခန့်ခွဲမှုလုပ်ငန်းစဉ်တွင် အန္တရာယ်ဆန်းစစ်ခြင်း၊ ဓာတုပစ္စည်းများကို အမျိုးအစားခွဲခြားခြင်းနှင့် တံဆိပ်ကပ်ခြင်းတွင် ညီညွတ်မှုရှိခြင်း၊ သတင်းအချက်အလက်ဖလှယ်ခြင်း၊ အန္တရာယ်လျှော့ချခြင်းအစီအစဉ်၊ အမျိုးသားဓာတုပစ္စည်းများစီမံခန့်ခွဲမှုနှင့် လုပ်ကိုင်မှုစွမ်းရည်ဖြည့်တင်းခြင်း၊ အဆိပ်နှင့် အန္တရာယ်ရှိပစ္စည်းများ တရားမဝင်နိုင်ငံတကာသယ်ဆောင်မှုကို ကာကွယ်ခြင်းတို့ပါဝင်သည်။ ထို့အတူ ၂၀၀၂ ခုနှစ်တွင် ကျင်းပသည့် စဉ်ဆက်မပြတ်ဖွံ့ဖြိုးမှုအတွက် ကမ္ဘာ့ထိပ်သီးညီလာခံ (WSSD) ၏ အကောင်အထည်ဖော်မှုအစီအစဉ် စာပိုဒ် ၂၃(c)တွင်လည်း ခရစ်နှစ် ၂၀၂၀ ပြည့်နှစ်တွင် တစ်ကမ္ဘာလုံးရှိ ဓာတုပစ္စည်းသုံးစွဲမှုနှင့် ထုတ်လုပ်မှုနည်းလမ်းများတွင် ပတ်ဝန်းကျင်နှင့်လူသားများ၏ ကျန်းမာရေးအပေါ် ဆိုးရွားသည့် ထိခိုက်မှုများကို လျှော့ချသွားရန် ရည်မှန်းချက်ထားဆောင်ရွက်လျက်ရှိသည်။

### အသက်ဆုံးရှုံးခဲ့ရ

ထို့ကြောင့် ဓာတုပစ္စည်းများကို စနစ်တကျစီမံခန့်ခွဲရေး၊ ဘေးအန္တရာယ်ကင်းရှင်းစွာ ထုတ်လုပ်ရေး၊ သိမ်းဆည်းသိုလှောင်ရေး၊ သယ်ယူပို့ဆောင်ရေးနှင့် လွှဲမှားစွာအသုံးမပြုရေးတို့အတွက် လူတိုင်းတွင်တာဝန်ကိုယ်စီရှိကြောင်းသိရှိပြီး ထုတ်ပြန်ထားသောဥပဒေ၊ စည်းမျဉ်း၊ စည်းကမ်းများကိုလည်း တိကျစွာလိုက်နာဆောင်ရွက်ရန်လည်း လိုအပ်လှသည်။ ဓာတုပစ္စည်းမတော်တဆမှုများမှာလည်း ကမ္ဘာတစ်ဝန်းတွင် မကြာခဏဆိုသလိုဖြစ်ပွားလျက်ရှိသကဲ့သို့ မိမိတို့နိုင်ငံတွင်လည်း ၂၀၁၁ ခုနှစ် ဒီဇင်ဘာ ၂၉ ရက်က ရန်ကုန်မြို့မင်္ဂလာတောင်ညွန့်မြို့နယ်အတွင်းရှိ ကုန်ပစ္စည်းသိုလှောင်ရုံတစ်ရုံ မီးလောင်ပေါက်ကွဲပြီး တိုင်းရင်းဘယဆေးအမည်နှင့် သိုလှောင်ထားသော ဓာတုပစ္စည်းတန်ချိန် ၅၀ ကျော် ပျက်စီးဆုံးရှုံးခြင်းနှင့်အတူ မီးသတ်ဝန်ထမ်းတစ်ဦးအပါအဝင် ပြည်သူငါးဦး အသက်ဆုံးရှုံးခဲ့ရသည်။ ထိုနည်းတူစွာ နောက်တစ်နှစ် ၂၀၁၂ ခုနှစ် ဩဂုတ် ၈ ရက်က ချောက်မြို့၌တည်ရှိသော စက်မှုဝန်ကြီးဌာနပိုင် ဟိုက်ဒရိုဂျင်ပါအောက်ဆိုက်စက်ရုံ ($H_2O_2$) တွင် စက်ရုံ၏ Main Unit စက်ချွတ်ယွင်းမှုကြောင့် ဓာတုပစ္စည်းများမီးလောင်ပေါက်ကွဲမှုတစ်ခု ဖြစ်ပွားခဲ့သော်လည်း အသက်ဆုံးရှုံးခြင်း မရှိခဲ့ပေ။ ထို့ကြောင့် စက်မှုဝန်ကြီးဌာနတွင် ရေးဆွဲလျက်ရှိသော ဓာတုပစ္စည်းအန္တရာယ် ဘေးကင်းလုံခြုံရေးနှင့်သက်ဆိုင်သည့် ဥပဒေနှင့် နည်းဥပဒေများကိုလည်း အမြန်ဆုံးပြီးမြောက်အကောင်အထည်ဖော် ဆောင်ရွက်နိုင်စေရန် တာဝန်ရှိသူများက တိုက်တွန်းနှိုးဆော်ခဲ့သည်။

### ထုတ်ပြန်ကြေညာသွားမည်

သို့ဖြစ်ရာ မိမိတို့စက်မှုဝန်ကြီးဌာနမှ ၂၀၀၉ ခုနှစ်က စတင်ရေးဆွဲခဲ့သော အခန်း (၁၄)ခန်းနှင့် ပုဒ်မ ၄၇ ခုပါဝင်သည့် ဓာတုပစ္စည်းနှင့် ဆက်စပ်ပစ္စည်းများအန္တရာယ်မှ တားဆီးကာကွယ်ရေးဥပဒေကို ၂၀၁၃ ခုနှစ်ဩဂုတ် ၁၃ ရက်က ထုတ်ပြန်ကြေညာနိုင်ခဲ့သည်။ ထို့နောက် ယင်းဥပဒေကိုသက်ဝင်လှုပ်ရှားစေမည့်အခန်း (၁၉) ခန်းနှင့် ပုဒ်မ ၈၃ ခုတို့ပါဝင်သည့်နည်းဥပဒေများကို ဆက်လက်ရေးဆွဲခဲ့ပြီး ၂၀၁၆ ခုနှစ် ဇန်နဝါရီ ၁၂ ရက်က ပြဋ္ဌာန်းထုတ်ပြန်နိုင်ခဲ့သည်။ ထိုဥပဒေအရ ဗဟိုဦးစီးအဖွဲ့၊ ဗဟိုကြီးကြပ်ရေးအဖွဲ့နှင့် သက်ဆိုင်ရာဝန်ကြီးဌာန တာဝန်ရှိသူများပါဝင်၍ ဖွဲ့စည်းပြီးဖြစ်သကဲ့သို့ တားမြစ်ဓာတုပစ္စည်း (Prohibited Chemicals)၊ ကန့်သတ်ဓာတုပစ္စည်း (Restricted Chemicals)၊ သာမန်ဓာတုပစ္စည်း (Conditional Chemicals) များကိုလည်း အမိန့်စာများထုတ်ပြန်ကြေညာသွားမည်ဖြစ်သည်။ စစ်ဆေးရေးအဖွဲ့များကိုလည်း သက်ဆိုင်ရာတိုင်းဒေသကြီးနှင့်ပြည်နယ်များအလိုက် ဖွဲ့စည်းဆောင်ရွက်သွားမည်ဖြစ်သည်။

> **ဓာတုပစ္စည်းများကို စနစ်တကျစီမံခန့်ခွဲရေး၊ ဘေးအန္တရာယ်ကင်းရှင်းစွာ ထုတ်လုပ်ရေး၊ သိမ်းဆည်းသိုလှောင်ရေး၊ သယ်ယူပို့ဆောင်ရေးနှင့် လွှဲမှားစွာ အသုံးမပြုရေးတို့အတွက် လူတိုင်းတွင် တာဝန်ကိုယ်စီရှိကြောင်းသိရှိပြီး ထုတ်ပြန်ထားသော ဥပဒေ၊ စည်းမျဉ်း၊ စည်းကမ်းများကိုလည်း တိကျစွာလိုက်နာဆောင်ရွက်ရန်လည်း လိုအပ်လှသည် . . .**

### အသက်အန္တရာယ်ကို ထိခိုက်စေနိုင်

ဤနေရာတွင်တားမြစ်၊ ကန့်သတ်၊ သာမန်ဓာတုပစ္စည်းများ၏ အဓိပ္ပာယ်သတ်မှတ်ချက်များကိုလည်း အနည်းငယ်ဖော်ပြလိုသည်။ အပြည်ပြည်ဆိုင်ရာနှင့် ပြည်တွင်းဥပဒေများအရ **တားမြစ်ဓာတုပစ္စည်း**ဆိုသည်မှာ သိပ္ပံနည်းကျသုတေသနပြုလုပ်ခြင်း၊ ကူးစက်ရောဂါကာကွယ်တိုက်ဖျက်ခြင်း စသည့်ကိစ္စများအတွက် နိုင်ငံတော်ကသာ ထုတ်လုပ်သုံးစွဲခွင့်ရှိသော ဓာတုပစ္စည်းနှင့်ဆက်စပ်ပစ္စည်းများကို ဆိုလိုပြီး **ကန့်သတ်ဓာတုပစ္စည်း**ဆိုသည်မှာ လူသားများ၏ကျန်းမာရေးနှင့် ဘေးအန္တရာယ်ကင်းရှင်းရေးအတွက် အထူးထိန်းချုပ်ရသောအန္တရာယ်ရှိသည့် ဓာတုပစ္စည်းနှင့်ဆက်စပ်ပစ္စည်းများကိုဆိုလိုသည်။ **သာမန်ဓာတုပစ္စည်း**ဆိုသည်မှာ အများပြည်သူများသာမန်သုံးစွဲရန် သတ်မှတ်ထားသည့်ဓာတုပစ္စည်းနှင့် ဆက်စပ်ပစ္စည်းများကို ဆိုလိုသည်။ ယင်းတို့နှင့် ဆက်စပ်သည့် စွန့်ပစ်ပစ္စည်းများမှာ ဓာတုပစ္စည်းနှင့် ဆက်စပ်ပစ္စည်းများကိုထုတ်လုပ်သော သို့မဟုတ် အသုံးပြုသော စက်ရုံ၊ အလုပ်ရုံနှင့်လုပ်ငန်းများမှ စွန့်ထုတ်သော ဓာတုပစ္စည်းများ၊ ဆက်စပ်ပစ္စည်းများနှင့် ယင်း၏အကြွင်းအကျန်များ၊ သက်တမ်းလွန် ဓာတုပစ္စည်းများ၊ ဆက်စပ်ပစ္စည်းများနှင့် ယင်းတို့၏ထုပ်ပိုးပစ္စည်းများ စသည့်ပတ်ဝန်းကျင်ကို ညစ်ညမ်းစေပြီး သက်ရှိသတ္တဝါများ၏ ကျန်းမာရေးနှင့် အသက်အန္တရာယ်ကိုထိခိုက်စေနိုင်သောပစ္စည်းများဖြစ်သည်။

### ထိန်းချုပ်ကန့်သတ်သွားမည်

မိမိတို့စက်မှုဝန်ကြီးဌာနမှ မကြာခင်ထုတ်ပြန်ကြေညာတော့မည့်တားမြစ်ဓာတုပစ္စည်းများမှာ ဓာတုပစ္စည်းစီမံခန့်ခွဲမှုဆိုင်ရာ အပြည်ပြည်ဆိုင်ရာ သဘောတူညီချက်များဖြစ်သည့် ဆွီဒင်နိုင်ငံအခြေစိုက် Stockholm Convention နှင့် နယ်သာလန်နိုင်ငံအခြေစိုက် Rotterdam Convention မှ တားမြစ်ပိတ်ပင်ထားသည့် ပိုးသတ်ဆေးများနှင့် စက်မှုလုပ်ငန်းသုံးဓာတုပစ္စည်းများပါဝင်သော POPs ဟုခေါ်သည့် ကြာရှည်စွဲမြဲစေပြီး ပတ်ဝန်းကျင်ကို ဆိုးရွားစွာထိခိုက်စေသည့် အော်ဂဲနစ် ဓာတုပစ္စည်းများနှင့် ဂျပန်နိုင်ငံအခြေစိုက် Minamata Convention မှ တားမြစ်ထားသည့်မာကျူရီတို့ကို တားမြစ်ပိတ်ပင်သွားမည်ဖြစ်သည်။ ယခင်ကျန်းမာရေး ဝန်ကြီးဌာနမှ ထုတ်ပြန်ကြေညာထားသည့် မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများထုတ်လုပ်ရာတွင် အသုံးပြုနိုင်ပြီးအခြားကျန်းမာရေးကိစ္စများတွင်လည်း အသုံးပြုနိုင်သော Dual Effect ရှိသည့် ပရီကာဆာဓာတုပစ္စည်းများနှင့်ပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ ကွန်ဗင်းရှင်းများမှ ကန့်သတ်ထားသည့် အိုဇုန်းလွှာပျက်စီးစေသည့် ဒြပ်ပစ္စည်းများဖြစ်သော ဟိုက်ဒရိုက်ဖလူရိုကာဗွန် (HCFC-22)ဒြပ်ပေါင်းကဲ့သို့ အအေးခန်း၊ ရေခဲသေတ္တာ၊ လေအေးစက်သုံးဓာတ်ငွေ့များကိုလည်း ကန့်သတ်ဓာတုပစ္စည်းများအဖြစ် ထိန်းချုပ်ကန့်သတ်သွားမည်ဖြစ်ကြောင်း သိရသည်။

သို့ရာတွင် ပြည်တွင်းရှိသုတေသနဌာနများ၊ တက္ကသိုလ်များအနေဖြင့် သုတေသနလုပ်ငန်းများနှင့် သင်ကြားရေးအတွက် လိုအပ်သောတားမြစ်ဓာတုပစ္စည်းများနှင့် ကန့်သတ်ဓာတုပစ္စည်းများအား ခွင့်ပြုသတ်မှတ်ထားသည့် ပမာဏသာလျှင် တရားဝင်ကိုင်တွယ်သုံးစွဲခွင့်ရှိသည်။

ထိုနည်းတူ သာမန်ဓာတုပစ္စည်းများကိုလည်း အများပြည်သူအလွယ်တကူသုံးစွဲနိုင်စေရန်နှင့် ပြည်တွင်းသို့တင်သွင်းရာတွင် GHS စနစ်အသုံးပြုပြီး အန္တရာယ်ဖြစ်ပွားနိုင်မည့်ဒီဂရီအဆင့်ခွဲခြားဖော်ပြသွားမည်ဖြစ်သည်။ သာမန်ဓာတုပစ္စည်းများ၏ အမည်စာရင်းအားခွဲခြား၍ အလွယ်တကူသိရှိနိုင်စေရန် အမိန့်ကြော်ငြာစာ ထုတ်ပြန်ပေးရခြင်းအားဖြင့် ပြည်ပမှတင်သွင်းရာ၌ လွယ်ကူလျင်မြန်စွာ အမျိုးအစားခွဲခြားပေးနိုင်ခြင်း၊ လုပ်ငန်းဆောင်ရွက်မှုမြန်ဆန်ခြင်း၊ ပြည်သူများအနေဖြင့်ဓာတုပစ္စည်းများအား အန္တရာယ်ကင်းရှင်းစွာအသုံးပြုနိုင်စေရန် အထောက်အကူပြုစေသောလုပ်ငန်းစဉ်ဖြစ်ခြင်း၊ စနစ်တကျသိုလှောင်ထိန်းသိမ်းထားနိုင်ခြင်း၊ စစ်ဆေးရာတွင်လည်း လွယ်ကူလျင်မြန်စွာစစ်ဆေးနိုင်ခြင်း၊ မှတ်ပုံတင်လက်မှတ်နှင့်လုပ်ငန်းလိုင်စင်စိစစ်ခွင့်ပြုရာတွင် ထိရောက်မြန်ဆန်စွာ ဆောင်ရွက်နိုင်ခြင်းစသည်ဖြင့် လုပ်ငန်းစဉ်များကို ထိရောက်စွာအကောင်အထည်ဖော်နိုင်မည်ဖြစ်ကြောင်း သိရသည်။

ဆက်လက်ပြီး ဓာတုပစ္စည်းနှင့်ဆက်စပ်ပစ္စည်းများ လုပ်ငန်းလုပ်ကိုင်သူများ မှတ်ပုံတင်လက်မှတ်နှင့် လုပ်ငန်းလိုင်စင်လျှောက်ထားရာတွင် လုပ်ကိုင်ရမည့် လုပ်ငန်းစဉ်များကိုအလွယ်တကူသိသာနိုင်စေရန် နောက်အပတ်တွင် ဆက်လက်ဖော်ပြသွားမည်ဖြစ်ပါသည်။

**ကိုးကား-ဓာတုပစ္စည်းနှင့်ဆက်စပ်ပစ္စည်းများအန္တရာယ်မှ တားဆီးကာကွယ်ရေး ဥပဒေနှင့် နည်းဥပဒေ**

# ငါးဖမ်းစက်လှေပေါ်သို့ ရောင်းစားခံရသူများ ပြန်လည်လွတ်မြောက်

**မြဝတီ စက်တင်ဘာ ၁၃**

ထိုင်းနိုင်ငံ မဟာချိုင်ဒေသ ငါးဖမ်းစက်လှေပေါ်သို့ လွှန်ခဲ့သည့်တစ်လခန့်က ရောင်းစားခြင်းခံခဲ့ရသည့် မြန်မာများအား ထိုင်းနိုင်ငံ Labour Rights Promotion Network Foundation အဖွဲ့မှ ကယ်တင်ပြီး မြန်မာသံရုံးထောက်ခံချက်ဖြင့် ထိုင်းနိုင်ငံ တာ့ခ်ခရိုင်လဝကမှ Pol, Capt Mr Vuthichai Theeka Yu အဖွဲ့အား တစ်ဆင့်လွှဲပြောင်းပေးခဲ့သည်။

ထိုင်းနိုင်ငံ မဲဆောက်မှ မြန်မာနိုင်ငံ မြဝတီမြို့ အမှတ်(၅)ရပ်ကွက် မြို့ပတ်(၁)လမ်းရှိ လူကုန်တားရုံး(BCATIP)သို့ စက်တင်ဘာ ၁၂ ရက်က လွှဲပြောင်းပေးအပ်ခဲ့ရာ လူမှုဝန်ထမ်းဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူး ဦးမြင့်ဇော်နှင့် တာဝန်ရှိသူများက လက်ခံခဲ့သည်။

ထိုင်းနိုင်ငံ မဟာချိုင်ဒေသ ငါးဖမ်းစက်လှေပေါ်သို့ လွှန်ခဲ့သော တစ်လခန့်က ရောင်းစားခြင်းခံခဲ့ရသည့် မြန်မာအလုပ်သမားငါးဦးမှာ နေမင်းစိုး(၃၈နှစ်) ရန်ကုန်တိုင်းဒေသကြီးနေသူနှင့် မင်းသူစိုး(၂၃နှစ်)၊ စိုးမင်းထွန်း (၂၉နှစ်)၊ ထွန်းထွန်းဝင်း(၃၂နှစ်)၊ သန်းဝင်းအောင်(၂၆နှစ်) ရေဝတီတိုင်းဒေသကြီးနေသူတို့ဖြစ်ကြောင်း သိရသည်။

အဆိုပါ ငါးဦးနှင့်ပတ်သက်၍ သန်းဇော်ဦးနှင့် မသဇင်လှိုင်တို့အား ပန်းတနော်ရဲစခန်းတွင် အမှုဖွင့်အရေးယူထားပြီး လူကုန်ကူးခြင်းခံရသူ ငါးဦးအား တာဝန်ရှိသူများက ရန်ကုန်သို့သွားသည့် ခရီးသည်တင်ယာဉ်ဖြင့် ညနေ ၆ နာရီတွင် ပို့ဆောင်ပေးခဲ့ကြောင်း မြဝတီမြို့ လူကုန်တားရုံးမှ သိရသည်။

**တင်ဝင်းလှိုင်(ကော့ကရိတ်)**



# သယံဇာတများ ရေရှည်ထုတ်ယူသုံးစွဲရေးကိစ္စဆွေးနွေး

**နေပြည်တော် စက်တင်ဘာ ၁၃**

သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးအုန်းဝင်းအား တရုတ်ပြည်သူ့သမ္မတနိုင်ငံ Silk Road Fund ၏ Chairman of Board of Supervisors Mr. Yang Zejun ဦးဆောင်သော အဖွဲ့က စက်တင်ဘာ ၁၂ ရက် နံနက်ပိုင်းက နေပြည်တော် ရုံးအမှတ်(၁၉) ရှိ ပြည်ထောင်စုဝန်ကြီး၏ ဧည့်ခန်းမသို့ လာရောက်တွေ့ဆုံနှုတ်ဆက်သည်။

တွေ့ဆုံရာတွင် ဧည့်သည်တော်များဘက်မှ မြန်မာနိုင်ငံတွင် တရုတ်ပြည်သူ့သမ္မတနိုင်ငံနှင့် အနာဂတ်ပူးပေါင်းဆောင်ရွက်နိုင်မည့် စီမံကိန်းနှင့် မြန်မာနိုင်ငံ၏ သယံဇာတကဏ္ဍဆိုင်ရာ မူဝါဒများကို သိရှိလိုပါကြောင်းပြောကြားရာ ပြည်ထောင်စုဝန်ကြီးက မြန်မာနိုင်ငံရှိ သယံဇာတများကို ထုတ်ယူသုံးစွဲရာတွင် ပတ်ဝန်းကျင်ထိန်းသိမ်းရေး၊ လူမှုရေး၊ နိုင်ငံရေးကိုပါ အားလုံးပူးတွဲဆောင်ရွက်မှုသာ ရေရှည်တွင် အောင်မြင်မှုရရှိမည်ဖြစ်ကြောင်း၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုရရှိရေးကို ညီမျှစွာ ဒေသခံပြည်သူများ လက်ခံနိုင်သည့် အခြေအနေဖြင့် ဆောင်ရွက်သွားရမည်ဖြစ်ကြောင်း။

သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းမှု ဝိုင်းဝန်းဆောင်ရွက်မှုသာ သားစဉ်မြေးဆက် သဘာဝပတ်ဝန်းကျင် ကောင်းမွန်လာမည်ဖြစ်ကြောင်း၊ သယံဇာတများကို ရေရှည်ထုတ်ယူသုံးရန်ဖြစ်ကြောင်း၊ ရင်းနှီးမြှုပ်နှံသူအတွက် အကျိုးကျေးဇူးဖြစ်ထွန်းသကဲ့သို့ ပြည်သူလူထုကို အကျိုးပြုရမည်ဖြစ်ကြောင်း၊ ရင်းနှီးမြှုပ်နှံမှုအတွက် ဥပဒေ၊ နည်းဥပဒေနှင့် လုပ်ထုံးလုပ်နည်းများရှိပြီးဖြစ်ကြောင်း၊ မြန်မာနိုင်ငံတွင် ရင်းနှီးမြှုပ်နှံဆောင်ရွက်မည်ဆိုပါက စီးပွားရေးတိုးတက်မှုအတွက်နှင့် ဒေသနေပြည်သူတို့၏ ဖွံ့ဖြိုးတိုးတက်မှုအတွက်ပါ စီစဉ်ဆောင်ရွက်ပေးရန်ဖြစ်ကြောင်းဖြင့် ဆွေးနွေးပြောကြားသည်။ **(သတင်းစဉ်)**

ကမ္ဘာ့ခရီးသွားလုပ်ငန်းနေ့

**World Tourism Day**

**"မျှဝေခံစား အလေးထား ၊ အားလုံးအတွက် ခရီးသွား"**

**"Tourism For All: Promoting Universal Accessibility"**

**၂၀၁၆ခုနှစ်၊ စက်တင်ဘာလ (၂၇)ရက်**

**27th September, 2016**

# ကလေးငယ်များ လုံခြုံစွာပညာသင်ကြားနိုင်ရေး မူကြိုကျောင်းဆောင်သစ်ဆောက်လုပ်ပေးရန် မျှော်လင့်နေ

**ပန်းတနော် စက်တင်ဘာ ၁၃**

ဧရာဝတီတိုင်းဒေသကြီး ပန်းတနော်မြို့နယ် ကသဝင်ကျေးရွာအုပ်စု ဖိုးနန်းကျွန်းကျေးရွာတွင် ကျေးရွာသူ ကျေးရွာသားများ၏ ကိုယ့်အားကိုယ်ကိုးဖြင့် တည်ဆောက်ခဲ့သော အခြေခံပညာ မူလတန်းကျောင်းဆောင်မှာ ဟောင်းနွမ်းယိုယွင်းပျက်စီးလျက်ရှိကြောင်း သိရသည်။ ကသဝင်ကျေးရွာအုပ်စုအတွင်း ကျေးရွာပေါင်း ၂၂ ရွာရှိပြီး ၂၀ ရွာတွင် နိုင်ငံတော်အစိုးရက မူလတန်းနှင့် အလယ်တန်းကျောင်းများကို တည်ဆောက်ထားပြီး ဖိုးနန်းကျွန်းကျေးရွာ တစ်ရွာတည်းသာ ကျောင်းဆောက်လုပ်ပေးရန် ကျန်ရှိနေကြောင်း အဆိုပါကျေးရွာမှ ကျောင်းအုပ်ဆရာနှင့် ရွာသူရွာသားများ ပြောကြားချက်အရ သိရသည်။

ဖိုးနန်းကျွန်းကျေးရွာရှိ စာသင်ကျောင်းမှာ ကျေးရွာသူ ကျေးရွာသားများ ကိုယ့်အားကိုယ်ကိုးဖြင့် တည်ဆောက်ထားသော ကျောင်းဖြစ်ခြင်း၊ သွပ်မိုး၊ ဝါး၊ ဓနိကာ၊ သစ်သားကြမ်းခင်းဖြစ်ပြီး နှစ်ပေါင်း ၂၀ ကျော် ကြာပြီဖြစ်၍ ဥပဓိရုပ်မကောင်းခြင်း၊ အန္တရာယ်ကျောင်းဆောင်ဖြစ်ခြင်း၊ စာသင်ကျောင်းနှင့် အတွဲကျောင်းဆောင်ရှိနေခြင်းတို့ကြောင့် ကျောင်းသား ကျောင်းသူများ ပညာသင်ကြားရာတွင် လုံခြုံမှုရှိစေရေးနှင့် စိတ်အေးချမ်းသာစွာ ပညာသင်ကြားနိုင်ရေးတို့အတွက် စာသင်ကျောင်းဆောင်သစ်တစ်ခု တည်ဆောက်ပေးရန် ကျေးရွာသူ ကျေးရွာသားနှင့် အဆိုပါကျေးရွာ၌ ကလေးငယ်များကို ပညာသင်ကြားပေးလျက်ရှိသော ကျောင်းဆရာ ဆရာမများက မျှော်လင့်နေလျက်ရှိကြောင်း သိရသည်။




ထိုမူလတန်းကျောင်းရှိ ကျောင်းအုပ်ဆရာ ဦးမျိုးကိုကိုက "ဆရာတို့ဩဂုတ်လအတွင်းက မြစ်ရေကြီးမှုတွေ စဖြစ်တယ်။ မြစ်ရေက လေးပေခန့်တက်တယ်။ စာသင်ကျောင်းက မြစ်ရေမြုပ်နေတော့ ဩဂုတ် ၈ ရက်ကနေ ၁၄ ရက်အထိ ပိတ်ထားရတယ်။ မြစ်ရေကျသွားတဲ့အချိန်မှ ကျောင်းပြန်ဖွင့်ပေးရတယ်။ တော်တော်လေး ဒုက္ခရောက်တယ်။ စာသင်ကျောင်းထဲမှာ ကျောင်းသားတွေများနေလို့ အတွဲကျောင်းဆောင်လေးမှာ ဆက်သင်ကြားနေရတယ်"ဟု ပြောသည်။

"ကျွန်တော်တို့က ကိုင်းလုပ်၊ မြစ်ထဲငါးရှာတဲ့အလုပ်ပဲရှိတော့ တစ်ရွာပြောင်းဖို့အတွက် ပိုက်ဆံမရှိဘူး။ဒါပေမယ့် ကလေးတွေကို ပညာတတ်တွေဖြစ်အောင် ကျောင်းထားပေးတယ်။ အခုဆို စာသင်ကျောင်းက ဟောင်းနွမ်းပျက်စီးနေပြီ။ ကလေးတွေအတွက် အန္တရာယ်စိုးရိမ်နေရတယ်။ လုံခြုံမှုမရှိဘဲ စာသင်ကြားနေရတာ မြစ်ဝကျွန်းပေါ်ဒေသဆိုတော့ ရေနဲ့ အမြဲတမ်းထိတွေ့နေရတယ်။ လူကြီးတွေလည်း အရောက်အပေါက်နည်းတယ်။ ရေဘေးလှူတဲ့ စေတနာရှင်တွေပဲ လာရောက်ပြီး ပြန်သွားကြတာပါ။ ကလေးတွေ ပညာသင်ကြားရေးမှာ အခက်အခဲတွေ ရှိပါတယ်"ဟု ရာအိမ်မှူး ဦးသန်းဝင်းက ပြောသည်။

အဆိုပါ ဖိုးနန်းကျွန်းကျေးရွာတွင် အိမ်ခြေ ၇၇ လုံး၊ လူဦးရေ ၃၇၀ ခန့်ရှိပြီး မူလတန်းကျောင်းတွင် ပညာသင်ကြားနေသော KG တန်းမှ စတုတ္ထတန်းအထိ ကျောင်းသား ကျောင်းသူ ၆၀ ခန့်ရှိကြောင်း၊ ကျေးရွာသူ ကျေးရွာသားများ ကိုယ်ထူကိုယ်ထဖြင့် တည်ဆောက်ထားသော စာသင်ကျောင်းမှာ အလျား ပေ ၃၀၊ အနံ ၂၀ ပေ၊ အမြင့် ၁၂ ပေ ရှိ ကျယ်ပြန့်ပြီး ဆရာ ဆရာမ ငါးဦးဖြင့် ကျောင်းသားများကို သင်ကြားပို့ချပေးလျက်ရှိကြောင်း သိရသည်။

**သတင်း - မောင်ယဉ်ဦး**

**ဓာတ်ပုံ -နိုင်လင်းကျော်**

# ဆဲမာအူးလ်အွန်ဒုန်ဖြင့် ကျေးရွာသံကူကွန်ကရစ်တံတား တည်ဆောက်ပြီးစီး

**နွားထိုးကြီး စက်တင်ဘာ ၁၃**

နွားထိုးကြီးမြို့နယ် ရွှေပြည့်ရင်ကျေးရွာတွင် ရွာဝင်ရေကျော်ရေပြွန်ပျက်စီးနေမှုကို ကိုရီးယား-မြန်မာဆဲမာအူးလ်အွန်ဒုန် SMU အရ ကျေးရွာအသင်းဝင် ၁၇၀ ကျော်နှင့် အလှူရှင်များစုပေါင်း၍ ငွေကျပ် ၄၆ သိန်း အကုန်အကျခံပြီး အရှည် ၂၀ ပေ သံကူကွန်ကရစ်တံတားကို ဆောက်လုပ်လျက်ရှိရာ ယခုအခါ တည်ဆောက်ပြီးစီးနေပြီဖြစ်သည်။

ကျေးရွာအုပ်ချုပ်ရေးမှူး ဦးအောင်သန်းက ရွာဝင်ရေပြွန်တံတားပျက်စီးနေမှုကို ဆဲမာအူးလ်အွန်ဒုန်နှင့် အလှူရှင်များ ပူးပေါင်းမှုဖြင့် ဆောင်ရွက်ခဲ့ရာ ရွာဝင်လမ်းမှာ အဆင်ပြေစွာ သွားလာနိုင်ပြီဖြစ်၍ ကျေးရွာပြည်သူများ ဝမ်းသာလျက်ရှိကြောင်း ပြောသည်။ **ခင်ဇာမွန်မြင့်(ဥပဒေ)**

## မြန်မာ့ရုပ်မြင်သံကြား

## News Channel

**၁၄-၉-၂၀၁၆ (ဗုဒ္ဓဟူးနေ့)**

**နံနက်ပိုင်း**

| | | |
|---|---|---|
| ၆:၀၀ | - | မင်းကွန်းဆရာတော်ကြီး၏ ပရိတ်တရားတော် |
| ၇:၃၅ | - | မြန်မာ့ငွေကြေးဈေးကွက်ဆိုင်ရာ စကားဝိုင်း (လမ်းပန်းဆက်သွယ်ရေး ကောင်းမွန်ခြင်းဟာ တိုင်းပြည်အတွက် ဘယ်လိုအကျိုးသက်ရောက်မှုရှိသလဲ) (အပိုင်း-၁) |
| ၈:၃၅ | - | **၂၀၁၆ ခုနှစ် (၂၂)ကြိမ်မြောက် မြန်မာတိုင်းရင်းသားတို့၏ ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ၊ ပြိုင်ပွဲဝင်များ လေ့လာနိုင်ရန် (အဆိုဘာသာရပ်) (မဟာဂီတ)(ဝါသနာရှင် (ပထမတန်း)အဆင့်) (အမျိုးသား၊ အမျိုးသမီး)** |
| ၁၄:၅၀ | - | ကြယ်ပွင့်များရဲ့ရင်ခုန်သံ |

**ညပိုင်း**

| | | |
|---|---|---|
| ၁၆:၁၅ | - | **၂၀၁၆ခုနှစ် (၂၂)ကြိမ်မြောက် မြန်မာတိုင်းရင်းသားတို့၏ ရိုးရာယဉ်ကျေးမှုအဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲ၊ ပြိုင်ပွဲဝင်များ လေ့လာနိုင်ရန် (အဆိုဘာသာရပ်)(အမျိုးဂုဏ်၊ ဇာတိဂုဏ်မြှင့်တင်ရေး) (ဝါသနာရှင် (ဒုတိယတန်း) အဆင့်) (အမျိုးသမီး)** |
| ၁၇:၁၅ | - | မြန်မာ့ဓလေ့ရိုးရာလက်ဝှေ့ (အဖေ့သွေးနှင့် စောလဒိုး) |
| ၁၇:၃၅ | - | NHK Programme (Quiz Me!Science!) "တိုင်ဖွန်းမုန်တိုင်းများအကြောင်း" |
| ၁၉:၁၅ | - | နိုင်ငံခြားဇာတ်လမ်းတွဲ **မင်္ဂလာပါဂင်ချီ** (အပိုင်း-၁၀၀) |
| ၂၀:၀၀ | - | ပြည်တွင်းသတင်း |
| | - | Sunday Talk |
| | - | နိုင်ငံခြားဇာတ်လမ်းတွဲ **မကြွေတဲ့နှင်းဆီ** (အပိုင်း-၇၉) |
| | - | သုခမရင်ခွင်အငြိမ့်သဘင် "ယူနစ် အဖွဲ့" (မင်းသမီး- ချစ်ခွန်းချို၊ လူရွှင်တော်- ချက်ကြီး၊ ဖိုးသဲ၊ ပေါင်မုန့်၊ အာကာ၊ ချစ်ဦး) (ဒါရိုက်တာ-ဖုန်းမြင့်အောင်) |

**မှတ်ချက်။ ။နာရီစဉ်တိုင်းတွင် ပြည်တွင်းသတင်းနှင့် နိုင်ငံတကာသတင်းများ ထုတ်လွှင့်ပေးပါသည်။**

# ရေတာရှည်မြို့နယ် ဆွာချောင်းအတွင်းမှ တရားမဝင်သစ်များအား ဖောင်ဖွဲ့သယ်ဆောင်မှုများ ထိရောက်စွာ အရေးယူဆောင်ရွက်သင့်

**ရေတာရှည် စက်တင်ဘာ ၁၃**

ပဲခူးတိုင်းဒေသကြီး ရေတာရှည်မြို့နယ် ဆွာချောင်းရေလှောင်တမံမှတစ်ဆင့် ချောင်းအတိုင်း တရားမဝင် ကျွန်းခွဲသားများ ဖောင်ဖွဲ့သယ်ဆောင်မှုများအား ထိရောက်စွာ အရေးယူဆောင်ရွက်ပေးရန် ဒေသခံများက သုံးသပ်ပြောကြားမှုများရှိနေသည်။

ဆွာဆည်ရေလှောင်တမံမြောက်ဘက် ဝက်ယားကျင်းဘက်မှကျော်ချကာ ဆွာချောင်းအတွင်း ဖောင်ဖွဲ့သယ်ဆောင်မှုများ မကြာခဏ တွေ့ရှိနေရခြင်းဖြစ်ကြောင်း ဆွာမင်းလမ်းကျေးရွာအုပ်စု တံတားကြီးကျေးရွာ ဒေသခံများက ပြောသည်။ သာဂရ-ကိုးပင် ရိုးမဖြတ်ကျော်လမ်းပိုင်းမှ တရားမဝင်သစ်များအား ဆက်တိုက်ဖမ်းဆီးနေမှုကြောင့် ဆွာဆည်ဘက်သို့ စက်လှေများဖြင့်ဆွဲကာ နေပြည်တော်-ရန်ကုန် အမြန်လမ်းမှတစ်ဆင့်လည်းကောင်း၊ ဆွာချောင်းအတိုင်း မျှော၍လည်းကောင်း သယ်ယူနေကြခြင်းဖြစ်ကြောင်း သိရသည်။

"မနေ့ကညနေပိုင်းက ကညင်အိုင်ဘုန်းကြီးကျောင်းချောင်းမြောက်ဘက်ကမ်းမှာ ကျွန်းခွဲသား ဖောင်လေးဆက်ကပ်ထားတာတွေ့တယ်။ ဆွာက တောအုပ်ကြီးနဲ့ အဖွဲ့လည်းလာတယ်။ ပိုင်ရှင်မဲ့ဆို ချောင်းထဲမျှောလိုက်လို့ ပြောသံကြားလိုက်ရတယ်။ ညပိုင်းကျမှ သရက်တောရွာက လူလေးယောက်လာပြီး မျှောသွားတာ တွေ့လိုက်ရတယ်"ဟု ကိုယ်တိုင်မြင်တွေ့လိုက်ရသူတစ်ဦးက ပြောသည်။

ဆွာချောင်းရေလှောင်တမံ မြောက်ဘက်ခြမ်းရှိ ဝက်ယားကျင်းလျှိုသည် ယခင်ကလည်း ယခုကဲ့သို့ တရားမဝင်သစ်များ ဖြတ်သန်းသယ်ဆောင်မှုကြောင့် နိမ့်ကျသွားခဲ့၍ ဆည်မြောင်းဦးစီးဌာနမှ သဲအိတ်များဖို့ခြင်း၊ ရေကာငုတ်များရိုက်ခြင်းဖြင့် ပြုပြင်ခဲ့ရကြောင်း သိရသည်။ **ကိုလွင်(ဆွာ)**



# ယာယီပြောင်းရွှေ့လာသည့်ပြည်သူများအား စားသောက်ကုန်နှင့် ကယ်ဆယ်ရေးပစ္စည်းများထောက်ပံ့

**ဘားအံ စက်တင်ဘာ ၁၃**



ကရင်ပြည်နယ် လှိုင်းဘွဲ့မြို့နယ် ရှမ်းရွာသစ်မြို့ရှိ မဲလရောဒေသတွင် နယ်မြေတည်ငြိမ်အေးချမ်းမှု အားနည်းသည့်အတွက် ဒေသခံတိုင်းရင်းသားများသည် စက်တင်ဘာ ၉ ရက်မှစ၍ လှိုင်းဘွဲ့မြို့နယ် မြိုင်ကြီးငူအထူးဒေသသို့ ယာယီပြောင်းရွှေ့နေထိုင်လျက်ရှိရာ ယနေ့ နံနက် ၁၁ နာရီက ပြည်နယ်ဝန်ကြီးများနှင့် ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်တို့က အခြေခံစားသောက်ကုန်နှင့် ကယ်ဆယ်ရေးပစ္စည်းများ သွားရောက် ထောက်ပံ့ပေးခဲ့ကြောင်း သိရသည်။ **(ယာပုံ)**

ယနေ့ သွားရောက်ထောက်ပံ့သည့် ပစ္စည်းများမှာ တစ်ပတ်စာဆန်အိတ် ၁၈၀၊ ဆီ ၅၈၄ လီတာ၊ တာပေါ်လင်လိပ် ခြောက်လိပ်၊ ကျား မ လုံချည်၊ စောင်၊ တဘက်၊ ဒန်အိုး၊ ဇလုံ၊ တီရှပ်၊ ဆပ်ပြာ၊ ခြင်ထောင် စသည်တို့ ပါဝင်သော ကယ်ဆယ်ရေးပစ္စည်း ကိုးမျိုး ၅၈၄ စုံ တို့ဖြစ်သည်။ ပြည်နယ်အတွင်းရှိ စေတနာရှင်ပြည်သူများ၊ ကုမ္ပဏီများ၊ လူမှုရေးအသင်းအဖွဲ့များမှလည်း လိုအပ်သည့် စားသောက်ကုန်နှင့် အဝတ်အထည်များ သွားရောက်လှူဒါန်းလျက်ရှိကြောင်း သိရသည်။

"ဒီနေ့အစီအစဉ်မှာ တစ်ပတ်စာဆန်ရိက္ခာ၊ ဆီ၊ ကယ်ဆယ်ရေးပစ္စည်းတွေ ပေးပါမယ်၊ အဲဒီလို ကျွန်တော်တို့ ဝန်ကြီးဌာနက ပေးလိုက်တဲ့ ဒီပစ္စည်းတွေနဲ့ အကုန်လုံး ပြေလည်သွားမယ်လို့ မမျှော်လင့်ပါဘူး။ ဒါပေမယ့် အထိုက်အလျောက် အထောက်အကူဖြစ်မယ်လို့ မျှော်လင့်ပါတယ်။ ဆက်လက်ပြီးတော့လည်း အတတ်နိုင်ဆုံး ပံ့ပိုးသွားမှာဖြစ်ပါတယ်။ ကျွန်တော်တို့ အတတ်နိုင်ဆုံးကူညီနေမယ်"ဟု ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါက်တာကိုကိုနိုင်က ပြောကြားသည်။

မြိုင်ကြီးငူအထူးဒေသတွင် ရှမ်းရွာသစ်မြို့မှ ကျေးရွာအုပ်စု သုံးအုပ်စု၊ ကျေးရွာပေါင်း ၂၀ ရွာရှိ ဒေသခံတိုင်းရင်းသား အိမ်ထောင်စု ၆၇၅ စု လူဦးရေ ၃၈၇၄ ဦးတို့သည် ယာယီပြောင်းရွှေ့လာသည့်အတွက် မြပန်းဝတ်မှုံခန်းမဆောင်နှင့် အေးလင်းသာယာ ကျောက်စာကွင်းတို့တွင် ယာယီစခန်းများ ဖွင့်လှစ်ထားရှိပြီး မြို့နယ်အုပ်ချုပ်ရေးမှူး၊ ဒေသခံဆရာတော်များ၊ ဂေါပကအဖွဲ့များနှင့် လူမှုရေးအသင်းအဖွဲ့များ ပူးပေါင်း၍ လိုအပ်သည်များ စီမံဆောင်ရွက်ပေးလျက်ရှိသည်။

အလားတူ စစ်ဘေးရှောင်မိသားစုဝင်များအား မြိုင်ကြီးငူဆေးရုံတာဝန်ခံ ဒေါက်တာသန်းထိုက်အောင်နှင့် ကျန်းမာရေးဝန်ထမ်းများက လိုအပ်သောကျန်းမာရေးစောင့်ရှောက်မှုများ ဆောင်ရွက်ပေးလျက်ရှိပြီး မြို့နယ်ပညာရေးမှူး ဒေါ်မိုးပုလဲစိုးနှင့် ဆရာ ဆရာမများက ကျောင်းနေအရွယ်ကလေးများအား စာသင်ကြားပေးနိုင်ရေးအတွက် စီမံဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**စောမျိုးမင်းသိန်း(ပြန်/ဆက်)**







## ပုဂံညောင်ဦးရှေးဟောင်းဒေသရှိ မြေငလျင်ဒဏ်သင့် ဘုရား၊ စေတီပုထိုးများ ပြန်လည်ပြုပြင်ထိန်းသိမ်းရန် အလှူငွေများလှူဒါန်းနိုင်

၂၄-၈-၂၀၁၆ ရက်နေ့က မကွေးတိုင်းဒေသကြီး ချောက်မြို့အနောက်ဘက် ၁၂ မိုင်ခန့်အကွာကိုဗဟိုပြု၍ အင်အားရစ်ချ်တာစကေး ၆ ဒသမ ၈ အဆင့်ရှိ အင်အားပြင်းမြေငလျင်လှုပ်ခတ်မှုဒဏ်ကြောင့် ပုဂံနှင့်ညောင်ဦး ရှေးဟောင်းယဉ်ကျေးမှုဒေသရှိ ဘုရား၊ စေတီပုထိုးများ ထိခိုက်ပျက်စီးမှုများ ဖြစ်ပေါ်ခဲ့ရပါသည်။ အဆိုပါ ထိခိုက်ပျက်စီးခဲ့သော ဘုရား၊ စေတီပုထိုးများ ပြန်လည်ပြုပြင်ထိန်းသိမ်းရန်အတွက် ပြည်တွင်း/ပြည်ပမှ ရဟန်းရှင်လူပြည်သူများအနေဖြင့် အောက်ဖော်ပြပါ အလှူခံဌာနများတွင် အလှူငွေများ လှူဒါန်းနိုင်ပါသည်-

- ဦးမျိုးတင့်အောင်
  ညွှန်ကြားရေးမှူး ၊ အုပ်ချုပ်ရေးနှင့် လူ့အရင်းအမြစ်စီမံခန့်ခွဲမှုဌာနခွဲဝန်ကြီးရုံး (ယဉ်ကျေးမှု)
  သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန၊ နေပြည်တော်
  ဖုန်း-၀၆၇-၄၀၈၀၃၁၊ ၀၉-၈၆၁၇၃၄၂
- ဒေါ်ဥမ္မာအောင်
  ညွှန်ကြားရေးမှူး
  ရှေးဟောင်းသုတေသနနှင့် အမျိုးသားပြတိုက်ဦးစီးဌာန (ရန်ကုန်)
  ၃၂D၊ ၆ ၁/၂ မိုင် ပြည်လမ်း၊ လှိုင်မြို့နယ်၊ ရန်ကုန်မြို့
  ဖုန်း -၀၁-၅၁၃၈၇၇၊ ၀၉-၇၃၀၃၀၂၃၈/၀၉-၅၀၆၁၈၃၂
- ဦးညီမြင့်ထွန်း
  ညွှန်ကြားရေးမှူး
  ရှေးဟောင်းသုတေသနနှင့် အမျိုးသားပြတိုက်ဦးစီးဌာန(မန္တလေး)
  ၂၈လမ်း ×၇၀ လမ်း ချမ်းအေးသာစံမြို့နယ်၊ မန္တလေးမြို့
  ဖုန်း -၀၂-၆၀၀၅၉၊ ၀၉-၂၀၁၉၀၀၄
- ဦးစိုးတင့်
  ခရိုင်အုပ်ချုပ်ရေးမှူး
  ညောင်ဦးခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ ညောင်ဦးမြို့
  ဖုန်း-၀၆၁-၆၀၂၆၁၊ ၆၀၂၆၂၊ ၀၉-၄၄၂၀၀၃၀၁၂



## တိုက်ပွဲဖြစ်ပွားမှုကြောင့် ကျောင်း ၁၁ ကျောင်းပိတ်ထား

**လှိုင်းဘွဲ့ စက်တင်ဘာ ၁၃**

လှိုင်းဘွဲ့မြို့နယ် ရှမ်းရွာသစ်မြို့ မဲလရောကျေးရွာအုပ်စု၊ ရင်းဘိုင်းကျေးရွာအုပ်စု စောလောကျေးရွာအုပ်စုအတွင်းရှိ ယခင် DKBA မှ ခွဲထွက်ထားသော ဗိုလ်စောကျော်သစ် ဦးစီးသည့် KKO အဖွဲ့နှင့် နယ်မြေခံနယ်ခြားစောင့်တပ်ဖွဲ့များ အပြန်အလှန်ပစ်ခတ်ထိတွေ့မှုများ ဖြစ်ပေါ်လျက်ရှိသည့်အတွက် အခြေခံပညာကျောင်းပေါင်း ၁၁ ကျောင်းကို စက်တင်ဘာ ၈ ရက်မှစ၍ ပိတ်ထားခဲ့ရသည်။

အဆိုပါ ကျောင်း ၁၁ ကျောင်းမှ မြိုင်ကြီးငူအထူးဒေသသို့ စစ်ဘေးရှောင်လာသည့် ဆရာ ဆရာမ ၄၇ ဦးတို့ဖြင့် ကယ်ဆယ်ရေးစခန်းနှစ်ခု၌ ခိုလှုံလျက်ရှိသော စစ်ဘေးရှောင်မူလတန်း ကျောင်းသား ကျောင်းသူ ၂၂၀၊ အလယ်တန်းကျောင်းသား ကျောင်းသူ ၁၂ ဦး၊ စုစုပေါင်း ၁၃၂ ဦးတို့ကို မြိုင်ကြီးငူအထူးဒေသရှိ စတုဒိသာဓမ္မာရုံနှင့် အေးလင်းသာယာကျောင်းတို့တွင် သက်ဆိုင်ရာပညာရေးဌာနနှင့် ညှိနှိုင်း၍ ဖွင့်လှစ်သင်ကြားပေးသွားမည်ဖြစ်ကြောင်း သိရသည်။

**(မြို့နယ် ပြန်/ဆက်)**

## ရေဝတီမြစ် ကမ်းပါးပြိုကျမှုကြောင့် နေအိမ်အဆောက်အအုံများ ရွှေ့ပြောင်းရန် စီစဉ်

**တိုက်ကြီး စက်တင်ဘာ ၁၃**

တိုက်ကြီးမြို့နယ် အဖျောက်မြို့ အုန်းပင်ကွင်းကျေးရွာအုပ်စု အေးရွာ၌ ရေဝတီမြစ် ကမ်းပါးပြိုကျမှုကြောင့် ရွာဦးဘုန်းကြီးကျောင်းမုခ်ဦး၊ တံခွန်တိုင်၊ အုတ်ရေကန် နတ်လမ်းအဆောက်အအုံတို့ ပြိုကျပျက်စီးခဲ့ပြီး ကျေးရွာနေအိမ်အချို့ပါ အန္တရာယ်ရှိနိုင်ကြောင်း အဖျောက်မြို့ အုပ်ချုပ်ရေးမှူး ဦးခင်ဇော်လင်းထံမှ သိရသည်။

အုန်းပင်ကွင်းစုကျေးရွာအုပ်စု အေးရွာသို့ ရေဝတီမြစ်ကမ်းပါး ပြိုကျနေမှုများကို စက်တင်ဘာ ၁၁ ရက်က အဖျောက်မြို့အုပ်ချုပ်ရေးမှူးနှင့် ကျေးရွာအုပ်ချုပ်ရေးမှူး ဦးကျော်ရွှေတို့အဖွဲ့ သွားရောက်ကြည့်ရှုရာ အေးရွာရှိ ရွာဦးဘုန်းကြီးကျောင်းမုခ်ဦး၊ တံခွန်တိုင်၊ အုတ်ရေကန်နှင့် နတ်လမ်းအဆောက်အအုံတို့ ပြိုကျပျက်စီးသွားပြီး ကျေးရွာနေအိမ်အချို့ပါ ကမ်းပြိုရာတွင်ပါမည့် အခြေအနေတွင်ရှိနေသဖြင့် ရွာဦးကျောင်းနှင့် ကျေးရွာအိမ်ထောင်စု ၃၁ စု ပြောင်းရွှေ့နေထိုင်ရေးကိစ္စများကို ဆွေးနွေးညှိနှိုင်းပြီး မြို့နယ်စီမံခန့်ခွဲမှု ကော်မတီဥက္ကဋ္ဌ ဦးကျော်စိုးလွင်ထံ တင်ပြပြီး ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

"ကမ်းပါးပြိုလို့ ဘုန်းကြီးကျောင်းမုခ်ဦး၊ တံခွန်တိုင်၊ နတ်လမ်းပါသွားပြီ။ အခုပင်မကျောင်းဆောင်၊ ဓမ္မာရုံ၊ ဆွမ်းစာကျောင်းတွေလည်း ပါတော့မယ်။ အေးရွာကအိမ်ခြေ ၁၄၈ အိမ်ရှိပြီး လူဦးရေ ၅၆၈ ဦးရှိတယ်။ အခုအိမ် ၃၁ အိမ်နဲ့ ဘုန်းကြီးကျောင်း နေရာပြောင်းဖို့ စီစဉ်ဆောင်ရွက်နေပါတယ်"ဟု မြို့အုပ်ချုပ်ရေးမှူးက ပြောပြသည်။

အလားတူ အဖျောက်မြို့ကြွေပုဂံချောင်းရွာ ရန်ကုန်တိုင်းနယ်ခြားမှတ်တိုင်မှ ဓမ္မာရုံအထိ အဖျောက်ကမ်းတာ၏နေရာခုနစ်နေရာတွင် ၂၀၁၅ ခုနှစ်က ဆည်မြောင်းဦးစီးဌာနမှ တာဖို့ခဲ့သောနေရာများသည် မူလတာနှင့် တွဲဆက်ခြင်းမရှိခြင်းကြောင့် ပြိုဆင်းနေသဖြင့် ပြန်လည်ပြုရန် တာဝန်ရှိသူများက စီစဉ်ဆောင်ရွက်နေကြောင်း သိရသည်။

**ထွန်းလှိုင် (မြိုင်)**

## မြို့နယ်မီးသတ်တပ်ဖွဲ့မှ ကမ်းပြိုနေအိမ်ငါးလုံး ရွှေ့ပြောင်းပေး

**ရေစကြို စက်တင်ဘာ ၁၃**

ရေစကြိုမြို့နယ် ဆင်ခြေယာကျေးရွာအုပ်စု ဇရပ်နီကျေးရွာ၌ ချင်းတွင်းမြစ်ရေ တိုက်စားမှုကြောင့် ကမ်းများပြိုလျက်ရှိရာ စိုးရိမ်ဖွယ်ရာနေအိမ်ငါးလုံးကို မြို့နယ်မီးသတ်တပ်ဖွဲ့က စက်တင်ဘာ ၁၂ ရက်က သွားရောက်ကူညီရွှေ့ပြောင်းပေးခဲ့ကြောင်း သိရသည်။ **(ယာပုံ)**



ဆင်ခြေယာကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူး ဦးကြည်ရွှင်၏ အကူအညီတောင်းခံမှုကြောင့် မြို့နယ်မီးသတ်တပ်ဖွဲ့မှ တပ်ကြပ်ကြီး တင့်လွင်ဦးနှင့် သန္ဓေမီးသတ်တပ်ဖွဲ့ဝင် ခြောက်ဦး၊ အရန်မီးသတ်တပ်ဖွဲ့ဝင်ရှစ်ဦးတို့သည် စက်တင်ဘာ ၁၂ ရက် နံနက် ၈ နာရီမှ ညနေ ၆ နာရီထိ ဦးစိုးညွန့်၏ သွပ်မိုး၊ ပျဉ်ကာ၊ ပျဉ်ခင်း နှစ်ထပ် အိမ်တစ်လုံး၊ ဦးလှမောင်၏ သွပ်မိုး၊ ပျဉ်ကာ၊ ပျဉ်ခင်းနှစ်ထပ် အိမ်တစ်လုံး၊ ဦးအုန်းမောင်၏ သွပ်မိုး၊ ထရံကာ၊ ပျဉ်ခင်း နှစ်ထပ်အိမ်တစ်လုံး၊ ဒေါ်ရင်၏ သွပ်မိုး၊ ထရံကာ၊ ပျဉ်ခင်းနှစ်ထပ် အိမ်တစ်လုံးနှင့် ဦးကြည်ရွှင်၏ သွပ်မိုး၊ ပျဉ်ကာ၊ ပျဉ်ခင်း နှစ်ထပ်အိမ်တစ်လုံး၊ စုစုပေါင်း နေအိမ်ငါးလုံးကို ရွှေ့ပြောင်းပေးခဲ့ပြီး ဦးလှမောင်၏ အဆောက်အအုံနှင့်ပစ္စည်းများကို စက်လှေဖြင့် ရေစကြိုမြို့သို့ ကူညီရွှေ့ပြောင်းပေးခဲ့ရကြောင်း သိရသည်။

**ဖေထွဏ်းဇော်(ရေစကြို)**

## နေရာကွက်ကျား မိုးကြီးနိုင်

**နေပြည်တော် စက်တင်ဘာ ၁၃**

ကရင်ပြည်နယ်၊ တနင်္သာရီတိုင်းဒေသကြီးနှင့် မွန်ပြည်နယ်တို့တွင် ယနေ့ နေရာအနှံ့အပြားမိုးထစ်ချုန်းရွာပြီး နေရာကွက်၍ မိုးကြီးနိုင်ကြောင်း၊ ကချင်ပြည်နယ်၊ စစ်ကိုင်းတိုင်းဒေသကြီး အထက်ပိုင်း၊ စစ်ကိုင်းတိုင်းဒေသကြီး အောက်ပိုင်း၊ မန္တလေးတိုင်းဒေသကြီး၊ ရခိုင်ပြည်နယ်၊ ရှမ်းပြည်နယ်တောင်ပိုင်းနှင့် ရှမ်းပြည်နယ် အရှေ့ပိုင်းဒေသတို့တွင် ယနေ့ နေရာကျဲကျဲ မိုးထစ်ချုန်းရွာမည်ဖြစ်ကြောင်း သိရသည်။ **(မိုး/ဇလ)**

# မြန်မာမင်းများလက်ထက် ရတုများ




## မြင့်ဆွေဦး

ရတုဟူသောဝေါဟာရမှာ ရာသီချိန်ခါဟော 'ရိတု' ဟူသော သက္ကတဘာသာပျက်၍ ရတုဖြစ်လာသည်ဟု အချို့ယူဆကြောင်း။ ယင်းသို့ဆိုလျှင် ၁၂ ရာသီဘွဲ့ ရတုများနှင့်သာ ဝေါဟာရနှင့် အနက်အဓိပ္ပာယ်ညီညွတ်၍ ဘုရားတိုင်၊ ကျေးစေ၊ စစ်ချီစသော ရတုများနှင့်မူကား ဝေါဟာရအနက်အဓိပ္ပာယ် မညီမညွတ်ဖြစ်နေတော့မည်။

မြန်မာမှုတွင် ဥတုသုံးပါး၊ ဥတုခြောက်ပါးကို ရတုသုံးပါး၊ ရတုခြောက်ပါးဟုဆိုသကဲ့သို့ လည်းကောင်း၊ အနံ့ကို ရနံ့ဟု ဆိုသကဲ့သို့ လည်းကောင်း၊ အတုဟူသော မြန်မာစကားတွင် အ နေရာ၌ ရ ကိုသွင်းကာ ရတုဖြစ်လာသည်ဟုဆိုသင့်၏။ ရကန်ဟူသော ကဗျာလင်္ကာစီကုံးရာ၌ တစ်ပါးသူတို့၏ အသွားအလာကို ကန်ကျောက်တွန်းလှန်၍ ရေးစပ်ရသည်။ ရတုမှာ ထိုသို့မဟုတ်၊ ရှေးသူဟောင်းတို့ စာသွားစာလာကို အတုယူ၍ စီကုံးဖွဲ့နွဲ့ကြရသည်။ ရှေ့ပုဒ်အချီအချကို နောက်ပုဒ်က အတုလိုက်၍ ချီရ၊ ချရသည်။ သို့ဖြစ်၍ အတုယူကာ၊ အတုပြုကာဖွဲ့ဆိုရသောအဖွဲ့ကို ရတု ဟုဆိုလိုကြသည်။

ရတုအမျိုးအစားကို အဖွဲ့အနေအားဖြင့် ကြည့်လျှင် တစ်ပိုဒ်တည်းဖွဲ့ဆိုသော ဧကပိုဒ်ရတု၊ အခြားသူတို့ဖြည့်ရန်အတွက် တစ်ပိုဒ်ချန်ထား၍ နှစ်ပိုဒ်သာဖွဲ့ဆိုသော အဖြည့်ခံရတု၊ အချီသော်လည်းကောင်း၊ အချသော်လည်းကောင်း၊ နှစ်ပါးခွဲသော်လည်းကောင်း ညီစေ၍ သုံးပိုဒ်ဖွဲ့ဆိုသော ပိုဒ်စုံရတုဟု သုံးမျိုးသုံးစားတွေ့ရသည်။ စာဖွဲ့အကြောင်းခံအားဖြင့် ကြည့်ရှုလျှင် ဘုရားတိုင်ရတု၊ သိကြားတိုင်ရတု၊ သစ္စာတိုင်ရတု၊ စစ်ချီရတု၊ ကျေးစေရတု၊ သာလိကာစေရတု၊ ရာသီဘွဲ့ရတု၊ တောလားရတု၊ ရေလားရတု၊ မိုးတောရတု၊ မြို့ဘွဲ့ရတု၊ ဘုန်းတော်ဘွဲ့ရတု၊ မောင်ဘွဲ့မယ်ဘွဲ့ရတု၊ မေးဖြေရတု၊ မင်္ဂလာရတုစသောအားဖြင့် များစွာ ရှိလေသည်။ မြန်မာမင်းလက်ထက်က အရေးရေးအထွေးထွေး ဖြစ်နေသော အမှားမှား အယွင်းယွင်းဖြစ်နေသော ရတုများကို လက်ဝဲနော်ရထာအမတ်ကြီးက ပြန်လည်သန့်စင်၍ စုဆောင်းခဲ့သည်။ လက်ဝဲနော်ရထာ စုဆောင်းခဲ့သော ရတုများကို ပေမူများမှ ကူးယူ၍ ပြန်လည်ပုံနှိပ်ထုတ်ဝေခဲ့ကြသည်။

ပန်းရွှေပြည်စာအုပ်တိုက်မှ 'ပန်းရွှေပြည်ရေး ကဗျာစု-၁' အဖြစ် 'အိုင်ချင်း၊ အဲချင်း၊ အန်ချင်း' ပန်းရွှေပြည်ရေးကဗျာစု-၂ အဖြစ် 'ရှိမ္ဗကားကဗျာစု' ကိုလည်းကောင်း၊ စုစည်းထုတ်ဝေခဲ့သည်။ ယခု 'မြန်မာမင်းများလက်ထက် ရတုများ' ပ-ဒု-တ သုံးအုပ်ကို 'ရေးကဗျာစု-၃' အဖြစ် ထုတ်ဝေလိုက်လေသည်။

စိစစ်ခင်းကျင်းသူက မြန်မာရှေးဟောင်းစာပေများနှင့် ပတ်သက်၍ ယနေ့သည် 'မြန်မာ့ရှေးဟောင်းစာပေ မျက်နှာငယ်ချိန်လေလား' ဟုပင် ထင်မိလေတော့သည်။ အရိုးကို အရွက်ဖုံးသည်ကို အကောင်းဘက်ကမြင်သော်၊ စိမ်းစိုရှင်သန်အုပ်ဆိုင်းခြင်း၊ ရိုးတံကျဲကျဲ ခြောက်သယောင်းခြင်း၏ ဆန့်ကျင်ဘက်ဖြစ်ပါသည်။ အရိုးလည်းသန်၊ အရွက်လည်း ဖားဖားဝေလျှင်ကား ဤသစ်ပင်သည် ကောင်းစွာ ရှင်သန်ဖို့ရာ စိတ်ချရလောက်ပြီ။ အရိုးသည် ရှေးလူကြီးတို့ပြုစုခဲ့သော စာပေ၊ အရွက်သည် ခေတ်လူတို့ ပြုစုနေသော စာပေ သည်နှစ်ခု အချိုးညီစွာ ဖွံ့ဖြိုးပါလျှင် မြန်မာစာပေသည် စည်ပင်ရှင်သန်ပါလိမ့်မည်။ ဤရည်ရွယ်ချက်ဖြင့် ဝေးဝေး ဝေးခဲ့ပြီဖြစ်သော ရှေးရှေးက စာများကို စုစည်းခင်းကျင်းနေခြင်းဖြစ်ပါသည်။

'ရှေးဟောင်း အနုပညာ စာပေယဉ်ကျေးမှု' သည် အမျိုးသားရေးလက္ခဏာတစ်ခုလည်း ဖြစ်ပါသည်။ မှေးမှိန်လုနီးပါး ဥပေက္ခာပြုထားနေကြသော ယနေ့အချိန်အခါတွင် အလျဉ်မီရုံလေး စုစည်းထုတ်ဝေလိုက်နိုင်ခြင်းလည်းဖြစ်ကောင်းဖြစ်ပါလိမ့်မည်။

ကျွန်တော်တို့ ပြည်ထောင်စုမြန်မာနိုင်ငံသည် ကိုယ်ပိုင်နယ်နိမိတ်သတ်မှတ်ချက်၊ ကိုယ်ပိုင်စာပေယဉ်ကျေးမှု၊ ကိုယ်ပိုင်ဓလေ့ထုံးတမ်းစဉ်လာ၊ ကိုယ်ပိုင်အလေး၊ တင်းတောင်း အခြင်အတွယ်၊ အတိုင်းအတာ၊ ကိုယ်ပိုင်အတွက်အဆ၊ ကိုယ်ပိုင်အက္ခရာ စာ၊ စကား၊ ကိုယ်ပိုင်ယုံကြည်ကိုးကွယ်မှု၊ ကိုယ်ပိုင်ခေတ်အဆက်ဆက်၊ မင်းအဆက်ဆက်၊ ကိုယ်ပိုင်လွတ်လပ်မှု၊ တည်ထောင်မှုတို့ဖြင့် အခွန့်ရှည်ခဲ့သော နိုင်ငံတစ်နိုင်ငံ ဖြစ်ပါသည်။ နိုင်ငံသက်တမ်းလည်း နှစ်ပေါင်း ၂၀၀၀ ကျော် ရှည်လျားသည့် သက်တမ်းရင့်နိုင်ငံတော်တစ်ခု ဖြစ်ပါသည်။ ဤသို့သော ဂုဏ်ပုဒ်များနှင့် ပြည့်စုံသည့် နိုင်ငံမျိုးသည် ကမ္ဘာပေါ်၌ အပေါ်များကြီး မဟုတ်ပါ။ ဤကဲ့သို့သော ဂုဏ်အင်္ဂါအပေါင်းနှင့် ခညောင်းပြည့်စုံသည်နှင့်အညီ၊ မြန်မာ့ယဉ်ကျေးမှုသမိုင်း၊ မြန်မာ့နိုင်ငံရေးသမိုင်း၊ မြန်မာ့ပညာရေးသမိုင်း၊ မြန်မာ့စီးပွားရေးသမိုင်း၊ မြန်မာကိုးကွယ်ယုံကြည်မှုသမိုင်း၊ မြန်မာ့စစ်သမိုင်း၊ မြန်မာ့တိုင်းရင်းသားလူမျိုးစုများသမိုင်း စသည်ဖြင့် သမိုင်းတင်စရာများလှသော နိုင်ငံဖြစ်ပါသည်။ မြန်မာစာပေသမိုင်းထဲမှာပင် မြန်မာရှေးဟောင်းကဗျာများ (ဘုရင်၊ မင်းများအုပ်စိုးသော ခေတ်အထိကိုသာ ရှေးဟောင်းအဖြစ်သတ်မှတ်ပါသည်။) ကို သီးခြားကျမ်းငယ်များပြုစုနိုင်သည်ဟု ထင်မြင်မိပါသည်။ ထို့ကြောင့်လည်း ကျွန်တော် တစ်နိုင်တစ်ပိုင်အနေဖြင့် ရှေးဟောင်းကဗျာစုများကို ပေါင်းစုကာ ထုတ်ဝေခဲ့ခြင်းဖြစ်ပါသည်။ ချေင်းများ၊ ပျို့များ၊ မော်ကွန်းများ၊ လွမ်းချင်းများ၊ သံချိုများ၊ မေတ္တာစာများ၊ ရကန်များ စသည်တို့ကို တစ်စုတစ်စည်း တစ်အုပ်တစ်ချုပ်တည်း ထုတ်ဝေမှတ်တမ်းတင်ဖို့ရာ ကောင်းလှပါသည်။ သို့မဟုတ်ပါက နောင်လာနောက်သားတို့အတွက် လက်လှမ်းမီဖို့ရာ မလွယ်နိုင်တော့ပါ။

ရတုကို 'သဘင်' အနက်၊ ရာသီဥတုအနက်၊ ကဗျာလင်္ကာအနက် စသည်ဖြင့် ပေးကြသည်။ စိန်ရတု၊ ငွေရတု၊ မိုးရာသီ-မိုးဥတု၊ ရတုကဗျာ။

'ရမ္မတု' ပါဠိစကားမှလာသည်။ 'စိတ်နှလုံး၊ မွေ့လျော်ခြင်းကို ဖြစ်စေတတ်သည်' ဟု အနက်ရသည်။

မြန်မာအဘိဓာန်၌ ရတုကို 'လေးလုံးစာ တစ်ပိုဒ်ရေးဖွဲ့သော ကဗျာတစ်မျိုး' ဟု ဆိုသည်။

မုံရွေးဆရာတော်ကမူ ရတုများကို 'ပျို့' ဟုပင် သုံးထားပါသည်။ ရတုကိုလည်း 'လင်္ကာ' ဟု ယူကြောင်းကို အောင်မြေဘုံသာဆရာတော်က ဆိုထားပါသည်။ ရတုနှင့် ရကန်သည် ဆင်တူကြောင်းကို အချို့ပညာရှင်တို့က ဆိုကြပါသည်။

ထူးခြားသောရတုကိုလည်း ဖော်ပြထားသည်။ ယင်းမှာ 'တစ်ပြား နှစ်ပြား' ရတုဖြစ်သည်။ မည်သည့်ခေတ်အခါက မည်သည့်ပုဂ္ဂိုလ်က ရေးသားသည် မသိရပေ။ 'ရတု' ဟု ခေါ်ရသော်လည်း နောက်ပေါ်ရတုများကဲ့သို့ ရတုမျိုးမဟုတ်။ ထိုရတုကို သက္ကရာဇ် ၉၀၀ ကျော်တွင်တောင်ငူဘုရင် နတ်သျှင်နောင်က 'တစ်လုံး နှစ်လုံး' ချီရတုနှင့်လိုက်သည်။ နောက်လက်ဝဲသုန္ဒရက 'တစ်လျား နှစ်လျား' ချီရတုနှင့် လိုက်သည်။ ဗဟုသုတအလို့ငှာ ရတုများကို ဖော်ပြပေးလိုက်ပါသည်။ လေးလုံးတစ်ပါဒဖွဲ့နည်းပုံစံကို ပုံသေမယူထားချေ။

**တစ်ပြား နှစ်ပြား၊ ပြားပြား ထရံဖြူ၊**
**အဘိုး ရွှေကြက်တူ။**
**ကလူကလို့၊ ပိုးတောင်တဲ၊**
**တောင့်တဲတင်ကောက်၊ နို့ရည်သောက်။**
**သောက်ကိုသောက်ကြာ၊ ပဲနံ့သာ၊**
**နံ့သာပုတီး၊ အောက်ကနီး။**
**ညီးညီးပြောင်ပြောင်၊ မင်းရွှေတောင်၊**
**ရွှေတောင်ခမည်း၊ လင်နည်းပေါက်တဲ့အီး။**
**ခမီ၊ ခမက်၊ ရှိပါလျက်ကို၊**
**အရှက်ကွဲသည့် ညဲ။ ။**

'ပုဂံခေတ်ကောင်းစားစဉ် အခါက ရတု' ဟု ကဗျာဗန္ဓသာရကျမ်း၌ဆိုသည်။

**တစ်လုံး နှစ်လုံး လုံးလုံးခြံပွတ်နီ**
**အဘွား ငွေဝက်ပီ။**
**မထီဖငို၊ နွားခြေတို**
**ခြေတို ပေါင်ကား၊ နို့ဖတ်စား။**
**စနား စနေ ၊ ပြောင်းညီးခွေ၊**
**ညီးခွေနားတောင်း၊ ထိပ်ကဆောင်း။**
**မောင်းမောင်းမြိုင်မြိုင်၊ ဦးငွေဆိုင်**
**ငွေဆိုင်မယ် ဘွား၊ မယားယိုသည့်ချေး။**
**ချေးမိချေးမ၊ မရှိမှသာ**
**အလှကင်းသည့်မင်း။ ။**

'ညောင်ရမ်းခေတ်တွင် နတ်သျှင်နောင်ရေးဖွဲ့သည်' ဟု ကဗျာဗန္ဓသာရကျမ်း၌ ဆိုသည်။

**တစ်လျားတစ်လျား၊ လျားလျားသရိုင်ညို**
**အဘေးမြကြောင်လို။**
**ပရိုပဂုန်း၊ ပျားပိတုန်း**
**ပိတုန်းခြေကွ၊ နို့သီးဝ။**
**အင် အင်္ဂါ၊ နွမ်းလှိုင်စွာ**
**လှိုင်စွာခြေကျင်း၊ တောက်ပဝင်း။**
**လင်းလင်းဝေဝေ၊ ဘုန်းစိန်ထွေ**
**စိန်ထွေဦးရီး၊ မိကြီးစွန့်သည့်သေး။**
**ယောက်ဖယောက်မိ၊ မထောက်မိသည်**
**သတိနည်းသည်မွန်း။ ။**

'ကုန်းဘောင်ခေတ်ဦးတွင် လက်ဝဲသုန္ဒရရေးသည်' ဟု ကဗျာဗန္ဓသာရကျမ်း၌ ဆိုသည်။

ရတုအမျိုးအစားများကို ဖော်ပြပေးထားပြီး ရတုစပ်ဟန်များ၊ ရတုလင်္ကာ ချီနည်းချနည်း ၂၅ ပါး၊ နဝဒေး ခြောက်ဦး၊ အခံရတု၊ အလိုက်ရတုစသည်ဖြင့် ခွဲခြားရှင်းလင်းထားသည်။ အရှည်ဆုံး ရတု၊ အတိုဆုံးရတုကိုလည်း ဖော်ပြထားသည်။

မြန်မာမင်းများလက်ထက် ရတုများကို အုပ်တွဲသုံးတွဲခွဲ၍ စုစည်းပေးထားခြင်းဖြစ်သည်။ ရတုများကို ရေးသူအမည်ဖြင့် ရတုအမည်များကို တွဲ၍ ဖော်ပြသည်။ ထူးခြားသည့်ရတုများ၊ ကွဲလွဲချက်ရှိသည့်ရတုများကို မှတ်ချက်များဖြင့် ရှင်းလင်းပေးထားသည်။

ရာဇနန္ဒသံတော်ခံရေးဖွဲ့သည့် 'မြန်မာအကျွမ်း၊ ကျေးမှုထမ်း' ရတုအကြောင်းကို 'မော်ပီဆရာသိန်း၏ ပေါရာဏ ဒီပနီကျမ်းနှင့် ငွေတာရီမဂ္ဂဇင်းပါ မွန် နိုင်ပန်းလှ၏ 'မွန်မြန်မာကျေးစေရတုတစ်ပုဒ်ဆောင်းပါးမှ ယူသည်။ မုတ္တမမြို့သူမွန်မိန်းမငယ် မမင်းအောင်တမ်းတသော ရတု။ မွန်စကားအသုံးများကို ထည့်သွင်းရေးဖွဲ့ထားသည်။

ပဲခူးမိဖုရား၏ သူသိသူမြင်မဖြစ်ခင်က ရတုအကြောင်းကိုလည်း အောက်ပါအတိုင်း ရှင်းလင်းမှတ်ချက်ပေးထားသည်။

'ဘုရင့်နောင်(ဟံသာဝတီဆင်ဖြူရှင်)၏ မိဖုရားခေါင်ကြီးသည် စာဆိုစာရင်းဝင်။ ငါးဆူဒါယကာ နန္ဒဘုရင်၏မိဖုရားလည်း စာဆိုစာရင်းဝင်ဖြစ်သည်။ ၉၆၂ ခု ပထမဝါဆိုလ တောင်ငူမှာ ငါးဆူဒါယကာ မင်းတရားကြီးမိဖုရား စာဆိုပဲခူးမိဖုရားနတ်ပြည်စံတော်မူသည်-ဟု မှန်နန်းစာတွဲ၌ဖော်ပြ။

ပဲခူးမိဖုရားကြီး စာဖြစ်၍ ခွဲခြားစိစစ်ရပေဦးမည်။ 'တောင်ငူမိဖုရားစာလိပ်တွင် ရှိသည်။ တောင်ငူမိဖုရားလည်း ပဲခူးမိဖုရားပင်။'- လက်ဝဲနော်ရထာ။'

ဦးသြဘာသ 'မင်းဘူးဦးသြဘာသ' သည် ဝေဿန္တရာဇာတ်တော်ကြီးကို ရေးသားပြုစုခဲ့ပြီး ဇာတ်တော်ကြီး နိဂုံးပိုဒ်စုံရတု ၁၉ ပိုဒ်ကို ရေးဖွဲ့ခဲ့သည်။ ယင်းပိုဒ်စုံရတုများနှင့် ပတ်သက်၍ မှတ်ချက်ကိုအောက်ပါအတိုင်းရေးသားခဲ့သည်။ 'မိမိပြုစုသော ဝေဿန္တရာဇာတ်တော်ကြီးကို ဝေဖန်ပြည့်နိုင်ကြောင်း မေတ္တာရပ်ခံထားသည်။ ဇာတ်တော်ပါ ဇာတ်ဝင်ခန်းများကို ပြန်ပြောင်းပြဆိုရင်း လောကလူ့ရွာ၌ မည်သို့မည်ပုံနေထိုင်ကျင့်ကြံသင့်ကြောင်းများကို ဇာတ်ဝင်ခန်းများနှင့်ယှဉ်၍ ဆုံးမထားသည်။'

မြန်မာစာပေတွင် ရေးဖွဲ့ခဲ့သော ရတုများအားလုံးကို စုစည်း၍တင်ပြထားခြင်းဖြစ်သည်။ အတတ်နိုင်ဆုံး အကောင်းဆုံးဖြစ်အောင် စုစည်းခြင်းဖြစ်သည်။ ကြွင်းကျန်သည်များလည်းရှိနိုင်သည်ဟုဆိုသည်။ ပညာရှင်များက ဖြည့်စွက်၍ တင်ပြနိုင်လျှင် မြန်မာ့ရတုများအပြည့်အစုံကို ရရှိလာနိုင်လိမ့်မည်ဟု ယူဆမိပါသည်။

❖ ရတုအမျိုးအစားကို အဖွဲ့အနေအားဖြင့်ကြည့်လျှင် တစ်ပိုဒ်တည်းဖွဲ့ဆိုသော ဧကပိုဒ်ရတု၊ အခြားသူတို့ဖြည့်ရန်အတွက် တစ်ပိုဒ်ချန်ထား၍ နှစ်ပိုဒ်သာဖွဲ့ဆိုသောအဖြည့်ခံရတု၊ အချီသော်လည်းကောင်း၊ အချသော်လည်းကောင်း၊ နှစ်ပါးခွဲသော်လည်းကောင်း ညီစေ၍ သုံးပိုဒ်ဖွဲ့ဆိုသော ပိုဒ်စုံရတုဟု သုံးမျိုးသုံးစား တွေ့ရ

❖ မြန်မာမင်းလက်ထက်က အရေးရေးအထွေးထွေးဖြစ်နေသော အမှားမှား အယွင်းယွင်းဖြစ်နေသော ရတုများကို လက်ဝဲနော်ရထာအမတ်ကြီးက ပြန်လည်သန့်စင်၍ စုဆောင်းခဲ့

## မိုင်းအခြေခံသဘောတရား သင်တန်းဖွင့်

**ရန်ကုန် စက်တင်ဘာ ၁၃**

မိုင်းအခြေခံသဘောတရားနှင့် မိုင်းအန္တရာယ်ကာကွယ်ရေးပစ္စည်းများ ကိုင်တွယ်အသုံးပြုနည်း ဆင့်ပွားသင်တန်းအမှတ်စဉ်(၂)သင်တန်းဖွင့်ပွဲကို စက်တင်ဘာလပထမပတ်က သန်လျင်အဆင့်မြင့်(မွမ်းမံ)သင်တန်းကျောင်း၌ ကျင်းပရာ ရန်ကုန်တိုင်းဒေသကြီးရဲတပ်ဖွဲ့ ဒုတိယတိုင်းဒေသကြီးရဲတပ်ဖွဲ့မှူး ရဲမှူးကြီး မျိုးဆွေက သင်တန်းဖွင့်လှစ်ရခြင်း ရည်ရွယ်ချက်ကို ရှင်းလင်းပြောကြားသည်။ သင်တန်းသို့ သင်တန်းသား ၄၀ တက်ရောက်ပြီး သင်တန်းကာလမှာ ၁၂ ရက်ဖြစ်ကြောင်း သိရသည်။

(၁၆၄)

## ဇီးဖြူကုန်းတိုက်နယ်ဆေးရုံတွင် ဆရာဝန်မရှိသဖြင့် အခက်အခဲတွေ့

**လက်ပံတန်း စက်တင်ဘာ ၁၃**

ပဲခူးတိုင်းဒေသကြီး သာယာဝတီခရိုင် လက်ပံတန်းမြို့နယ် ဇီးဖြူကုန်းတိုက်နယ်တွင်(၁၆) ခုတင်ဆံ့ တိုက်နယ်ဆေးရုံကို ဒေသခံပြည်သူများက ငွေကျပ်သိန်း ၅၀၀ ထည့်ဝင်ပြီး နိုင်ငံတော်က ငွေကျပ် သိန်း ၆၀၀၀ ကျော် အကုန်အကျခံဆောက်လုပ်ထားသော ခေတ်မီဆေးရုံကို ဖေဖော်ဝါရီလနောက်ဆုံးပတ်က ဖွင့်လှစ်ပေးခဲ့သည်။

စတင်ဖွင့်လှစ်သည့်နေ့မှစ၍ နှစ်လခန့်သာဆရာဝန်ရှိပြီး ယနေ့အထိ ဆရာဝန်ရောက်ရှိလာခြင်းမရှိဘဲ သူနာပြုဆရာမ နှစ်ဦး၊ အခြေခံဝန်ထမ်းခုနစ်ဦးသာရှိသဖြင့် ကျေးရွာအုပ်စု ရှစ်အုပ်စုမှ ဒေသခံပြည်သူလေးသောင်းကျော်ခန့်မှာ ကျန်းမာရေးအတွက် အခက်အခဲကြုံတွေ့နေရသည်။

ကျန်းမာရေးနှင့်ပတ်သက်၍ အရေးကြီးသည့်အခါ ရှစ်မိုင်ခန့်ဝေးသည့် သာရဝေါ တိုက်နယ်ဆေးရုံနှင့် ခမုံတိုက်နယ်ဆေးရုံကို လည်းကောင်း၊ အရေးကြီးလူနာများအား ၂၃ မိုင်ကျော်ခန့် ဝေးသည့် လက်ပံတန်းပြည်သူ့ဆေးရုံသို့ လည်းကောင်း အခက်အခဲများဖြင့် သွားရောက်ကုသနေရခြင်းတို့ကြောင့် ဒေသခံပြည်သူများက အမြဲတမ်းဆရာဝန်တစ်ဦး စေလွှတ်ပေးရန် လိုလားလျက်ရှိကြောင်း သိရသည်။

**အောင်ဆင့်**

# ကန်နှင့်မဟာမိတ်များ၏ စည်းလုံးမှုအင်အားကိုပြသသည့်အနေဖြင့် တောင်ကိုရီးယားဝေဟင်ပေါ်တွင် ဗုံးကြဲလေယာဉ်များပျံသန်း

**ဝါရှင်တန် စက်တင်ဘာ ၁၃**

အမေရိကန်သံတမန်က မြောက်ကိုရီးယားကို အရေးယူတုံ့ပြန်မှုအလျင်အမြန်လုပ်ဆောင်ရန် တိုက်တွန်းနေစဉ် အမေရိကန်က ၎င်းနှင့်မဟာမိတ်များ၏စည်းလုံးညီညွတ်မှုအင်အားကို ပြသသည့်အနေဖြင့် အမေရိကန် B-1 အမျိုးအစား ဗုံးကြဲလေယာဉ် များ စက်တင်ဘာ ၁၃ ရက်က တောင်ကိုရီးယားကောင်းကင်ပေါ် ပျံသန်းခဲ့ကြောင်း ရိုက်တာသတင်းတစ်ရပ်တွင် ဖော်ပြခဲ့သည်။

မြောက်ကိုရီးယားဆိုင်ရာအမေရိကန် သံတမန်ဆန်ဂျ်ကင်မ်က စက်တင်ဘာ ၁၃ ရက်တွင် တောင်ကိုရီးယား မြို့တော်၌ မိန့်ခွန်းပြောကြားရာတွင် အမေရိကန်ပြည်ထောင်စုသည် မြောက်ကိုရီးယားနှင့် အမှန်စင်စစ်အဓိပ္ပာယ်ရှိသည့်ဆွေးနွေးမှုများ လုပ်ဆောင်ရန်အတွက် တံခါးဖွင့်ထားကြောင်း ပြောကြားခဲ့သည်။

ထို့အပြင် အမေရိကန်ပြည်ထောင်စုသည် မြောက်ကိုရီးယား၏ အဓိကမဟာမိတ်တရုတ်နိုင်ငံနှင့်လည်း လက်ရှိပြဿနာကို ဖြေရှင်းရန်အတွက် ပူးပေါင်းလုပ်ဆောင်လိမ့်မည်ဖြစ်ကြောင်း ၎င်းကပြောကြားခဲ့သည်။

မြောက်ကိုရီးယား၏ နောက်ဆုံးနျူကလီးယားစမ်းသပ်မှုကို တုံ့ပြန်ရန်ကုလသမဂ္ဂလုံခြုံရေးကောင်စီအနေဖြင့် ဆုံးဖြတ်ချက် သစ်ချမှတ်ရန်လိုအပ်သည်ဟု နားလည်ကြောင်း တရုတ်က ပြောကြားခဲ့သည်။

သို့သော်လည်း အမေရိကန်ပြည်ထောင်စုအနေဖြင့် မြောက်ကိုရီးယား၏ဒုံးလက်နက်ခြိမ်းခြောက်မှုကို ကာကွယ်ရန် တောင်ကိုရီးယားတွင် တက်ဒ်စနစ် ဖြန့်ကြက်ချထားရန် မကြာသေးမီက ချမှတ်ခဲ့သည့်ဆုံးဖြတ်ချက်ကို တရုတ်နှင့်ရုရှားတို့ ပြင်းထန်စွာ ဆန့်ကျင်ခဲ့ခြင်းက နောက်ထပ်မြောက်ကိုရီးယားအပေါ်ချမှတ်မည့် အရေးယူဆောင်ရွက်မှုများကို ဆက်လက်ကူညီရန် မသိကျိုးကျွံပြုရာရောက်နေသည်။ မြောက်ကိုရီးယား၏ နျူကလီးယားစမ်းသပ်မှုများသည် ကိုရီးယားကျွန်းဆွယ် ငြိမ်းချမ်းရေးတွင် အကျိုးမရှိနိုင်ကြောင်းနှစ်ဖက်စလုံးက ထင်မြင်ခဲ့ကြသည်။

**(ရိုက်တာ)**



# အိန္ဒိယနည်းပညာမြို့တော်တွင် ရေအငြင်းပွားပဋိပက္ခဖြစ်ပွား၊ တစ်ဦးသေဆုံး

**နယူးဒေလီ စက်တင်ဘာ ၁၃**




စက်တင်ဘာ ၁၂ ရက်က အိန္ဒိယနည်းပညာမြို့တော် ဘင်္ဂါလုရုနှင့် ထိစပ်ပြည်နယ်တစ်ခုတို့ ကာလရှည်ကြာဖြစ်ပွားနေသော မြစ်ရေအငြင်းပွားပဋိပက္ခအပေါ် မကျေမနပ် ဆန္ဒပြမှုများပြုလုပ်ခဲ့သောကြောင့် ရဲအဖွဲ့က နှိမ်နင်းခဲ့ရာ အနည်းဆုံးတစ်ဦး သေဆုံးခဲ့ပြီး အများအပြား ဒဏ်ရာရရှိခဲ့ကြောင်း ရိုက်တာသတင်းတစ်ရပ်၌ ဖော်ပြခဲ့သည်။

ဆန့်ကျင်ဆန္ဒပြသူများက ဘတ်စ်ကားများကို မီးရှို့ခြင်း၊ ကျောက်ခဲများဖြင့် ပစ်ပေါက်ခြင်းကြောင့် ရဲ ၁၅ ဦး ဒဏ်ရာရရှိခဲ့ကြောင်း အဆင့်မြင့်အရာရှိတစ်ဦးက ရိုက်တာသတင်းဌာနသို့ ပြောကြားခဲ့သည်။

ထို့ကြောင့် အဓိကရုဏ်းနှိမ်နင်းရေးရဲများက မငြိမ်မသက်ဖြစ်စေမည့် လူစုလူဝေးပြုလုပ်ခြင်းကို တားမြစ်ထားသည်။ ထို့အပြင် မြို့တော်၏နက်ခ်ဝေါ့ခ် ဆက်သွယ်မှုများကိုလည်း ယာယီဖြတ်တောက်မည်ဖြစ်ကြောင်း ပြောခဲ့သည်။

တုတ်များ၊ ဓားလက်နက်များကိုင်ဆောင်ထားသည့် ဆန္ဒပြသူ လူအုပ်ကြီးသည် ကားများကို ရပ်တန့်ခိုင်းပြီး ရှာဖွေမှုများ ပြုလုပ်ခဲ့ကြောင်း မျက်မြင်သက်သေတစ်ဦးက ပြောကြားခဲ့သည်။

အဓိကရုဏ်းဖြစ်ပွားရာနေရာတွင် ကားတာယာ မီးရှို့နှံများဖြင့် ဖုံးလွှမ်းလျက်ရှိကြောင်း မျက်မြင်သက်သေတစ်ဦးက ပြောခဲ့သည်။ ဒေသတွင်းရုပ်မြင်သံကြားတွင် ကားမီးရှို့ထားရာအနီး လူအုပ်ကြီးကို တွေ့ရမည်ဖြစ်သည်။ အိန္ဒိယတရားရုံးက နည်းပညာမြို့တော် ဘင်္ဂါလုရုတည်ရှိသော ကာနာသကာ ပြည်နယ်အနေဖြင့် ၎င်းနှင့်ထိစပ်ပြည်နယ်ဖြစ်သည် တမီလ်နာဒူးသို့ တစ်နေ့ လျှင် ရေဂါလန်ပေါင်း ၁၂၀၀၀ ခန့်ကို စက်တင်ဘာ ၂၀ ရက်အထိ လွှတ်ပေးရမည်ဖြစ်ကြောင်း အမိန့်ချမှတ်ပြီး နောက် ထိုသို့အငြင်းပွားပဋိပက္ခဖြစ်ပေါ်ခဲ့ခြင်းဖြစ်သည်။

အဆိုပါဖြစ်စဉ်သည် ယင်းပြည်နယ်နှစ်ခုအကြား ရာစုနှစ်အတော်များများကြာအောင် တင်းမာမှုဖြစ်ပွားရသည့် အခြေခံအကြောင်းတရား တစ်ခုဖြစ်သည်။

အရေးပေါ်တုံ့ပြန်ရေးအဖွဲ့များကို ယင်းမြို့အနှံ့တပ်ဖြန့်ချထားကြောင်း ဘင်္ဂါလုရုမြို့တော်ရဲများက တနင်္လာနေ့တွင် တွစ်တာ၌ ဖော်ပြခဲ့သည်။

ဘင်္ဂါလုရုမြို့နေ ပြည်သူအပေါင်းအား အကြမ်းဖက်မှုမဖြစ်စေဘဲ ငြိမ်သက်တိတ်ဆိတ်စွာ နေထိုင်ကြရန် တောင်းဆိုထားကြောင်း ၎င်းအာဏာပိုင်အဖွဲ့က ဆက်လက်ပြောကြားခဲ့သည်။

**(ရိုက်တာ)**

# မြို့တော်ဝန် ၂၈ ဦးကို ဖယ်ရှားပြီးနောက်ပဋိပက္ခဖြစ်ပွား

**အန်ကာရာ စက်တင်ဘာ ၁၃**

တူရကီတောင်ပိုင်းရှိ ကာ့ဒ်မျိုးနွယ်အများစု နေထိုင်ရာမြို့များတွင် ရွေးချယ်တင်မြှောက်ထားသည့်မြို့တော်ဝန် ၂၈ ဦးကိုရုံးတော်မှဖယ်ရှားခဲ့ပြီးနောက် ပဋိပက္ခများစွာဖြစ်ပွားခဲ့ကြောင်း သိရသည်။ ဇူလိုင်လက အာဏာသိမ်းကြိုးပမ်းမှုမအောင်မမြင်ဖြစ်ခဲ့ပြီးနောက် ယခုလအစောပိုင်းတွင် အရေးပေါ်ဥပဒေတစ်ရပ်အသက်ဝင်လာပြီးနောက် မြို့တော်ဝန်များအား ထုတ်ပယ်လိုက်ခြင်းဖြစ်သည်။ လစ်လပ်သွားသောမြို့တော်ဝန်ရာထူးနေရာများတွင် အစိုးရကညွှန်ကြားထားသည့် လူယုံများကို အစားထိုးခန့်အပ်သွားမည်ဖြစ်ကြောင်းသိရသည်။ အဆိုပါအာဏာသိမ်းရန် ကြံစည်မှုသည်အကြမ်းဖက်အဖွဲ့အစည်းများနှင့် ဆက်နွှယ်နေသည်ဟု စွပ်စွဲခဲ့ချိန်မှစပြီး အစိုးရဌာနမှလုပ်ငန်းဌာနများတွင် လူထောင်ပေါင်းများစွာကို အလုပ်မှထုတ်ပယ်ခဲ့သည်။

ပဋိပက္ခအတွင်းလူ ၂၀၀ ကို မျက်ရည်ယိုဗုံးများသုံး၍လူစုခွဲခဲ့ရကြောင်း Dogan အရပ်ဘက်သတင်းဌာနက ဖော်ပြခဲ့သည်။ ပဋိပက္ခဖြစ်ပွားခဲ့သည့် မြို့ကြီးများတွင် အင်တာနက်သုံးစွဲမှုနှင့် လျှပ်စစ်ဓာတ်အားဖြတ်တောက်မှုများ ပြုလုပ်ထားကြောင်း တူရကီသတင်းရင်းမြစ်များက ဖော်ပြသည်။ **(ဘီဘီစီ)**

# ယီမင်၌ အာရပ်ညွန့်ပေါင်းတပ်ဖွဲ့ဝင်သုံးဦးကျဆုံး

**ဆာနား စက်တင်ဘာ ၁၃**

၁၈ လကြာဖြစ်ပွားခဲ့သည့် ယီမင်ပဋိပက္ခများအတွင်း အာရပ်ကျွန်းစုညွန့်ပေါင်းအဖွဲ့မှ တပ်ဖွဲ့ဝင်သုံးဦး စစ်ဆင်ရေးအတွင်း ကျဆုံးသွားကြောင်း နိုင်ငံပိုင် QNA သတင်းအေဂျင်စီက ဖော်ပြသည်။ တပ်သားသုံးဦးသည် တနင်္လာနေ့ကကျဆုံးခဲ့ခြင်းဖြစ်ပြီး မည်သည့်နေရာတွင် မည်သို့မည်ပုံ သေဆုံးသွားခြင်းဖြစ်ကြောင်း အသေးစိတ်ရှင်းလင်းခြင်းမရှိခဲ့ပေ။

အနောက်နိုင်ငံနှင့် မဟာမိတ်ပြုထားသည့် ကာတာသည် ယီမင်သို့မြေပြင်တပ်သားတစ်ထောင်ခန့်ပေးပို့ခဲ့ကြောင်း ကာတာအခြေစိုက်အယ်ဂျာဇီရာ သတင်းဌာနက စက်တင်ဘာလတွင်ဖော်ပြသည်။ ထိုသို့ပေးပို့မှုသည် ဆော်ဒီကျောထောက်နောက်ခံပြုထားသည့် ကျူးကျော်တိုက်ခိုက်မှု၌ ကာတာ၏ပထမဆုံးအကြိမ် ပါဝင်ပတ်သက်လာမှုဖြစ်သည်။ အာရပ်မဟာမိတ်ညွန့်ပေါင်းအဖွဲ့သည် ပြီးခဲ့သည့်နှစ် မတ်လက အေဒင်ဆိပ်ကမ်းမြို့ရှိ သမ္မတအဗ္ဗဒူလ်ရာဘူမန်ဆောဟာဒီ၏ ယာယီရုံးဌာနချုပ်များကို အီရန်မဟာမိတ်ပြုထားသည့် ဟူသီသူပုန်များက တိုက်ခိုက်မှုများအပြင်းအထန်လုပ်ဆောင်လာပြီးနောက် သမ္မတမန်ဆောဟာဒီအား မူလနေရာပြန်လည်ရရှိရေးအတွက် ကြိုးစားတိုက်ခိုက်နေကြခြင်းဖြစ်သည်။

**(ရိုက်တာ)**



# ဆီးရီးယားတွင် ခုနစ်ရက်ကြာ အပစ်အခတ်ရပ်စဲမှုစတင် နှစ်ဖက်ထိခိုက်သေဆုံးမှုမရှိ

**ဒမတ်စကတ် စက်တင်ဘာ ၁၃**

တစ်နိုင်ငံလုံး အတိုင်းအတာအနေဖြင့် အပစ်အခတ်ရပ်စဲခြင်းကို စက်တင်ဘာ ၁၂ ရက် ဒေသစံတော်ချိန် ည ၇ နာရီမှစကာ စက်တင်ဘာ ၁၉ ရက်နေ့အထိ ခုနစ်ရက်ကြာ အပစ်အခတ်ရပ်စဲမည့်အကြောင်း ဆီးရီးယားတပ်မတော်၏ထုတ်ပြန်ကြေညာချက်ကို နိုင်ငံပိုင်ဆာနားသတင်း အေဂျင်စီက ဖော်ပြခဲ့သည်။ ယခုချိန်အထိ ဆီးရီးယားတပ်မတော်က အကြမ်းဖက်သောင်းကျန်းသူများ၏ ချိုးဖောက်မှုမှန်သမျှကို အရေးယူတုံ့ပြန်မှု ပြုလုပ်ရန် လုပ်ပိုင်ခွင့်ရှိကြောင်း ပြောကြားလျက်ရှိသည်။

အင်အားကြီးနိုင်ငံများဖြစ်သည့် အမေရိကန်ပြည်ထောင်စုနှင့်ရုရှားတို့က မကြာသေးမီက ဆီးရီးယားအပစ်အခတ်ရပ်စဲရေး သဘောတူညီမှုအစိတ်အပိုင်းတစ်ခုအဖြစ် ဆီးရီးယားတပ်မတော်က တစ်နိုင်ငံလုံးသို့ အပစ်ရပ်စဲရေး ကြေညာလိုက်ခြင်းဖြစ်သည်။ ထိုသို့တစ်ပတ်ကြာအပစ်အခတ်ရပ်စဲရေးတွင် လူသားချင်းစာနာမှုဆိုင်ရာ အထောက်အပံ့များ တိုးမြှင့်ပေးရေးနှင့် စစ်ရေးပူးတွဲလေ့ကျင့်မှုများ ပါဝင်ကြောင်း သိရသည်။

ထို့ပြင်လေကြောင်းတိုက်ခိုက်မှုများကို ရပ်နားထားမည်ဖြစ်ပြီး အပစ်အခတ်ရပ်စဲရေး သဘောတူညီမှုတွင် သိမ်းပိုက်လွှမ်းမိုးခံဒေသများဖြစ်သည့် အလက်ပို မြောက်ပိုင်းကိုလည်း ထောက်ပံ့ပစ္စည်းများ ကူညီပံ့ပိုးရေးတို့ ပါဝင်ကြောင်း သိရသည်။

**(ဆင်ဟွာ)**

# ဒုက္ခသည်များဝင်ရောက်မှုကိုဆန့်ကျင်သည့် အေအက်ဖ်ဒီပါတီက ဂျာမနီ၏ လက်ရှိအာဏာရပါတီကို ခြိမ်းခြောက်လာနိုင်



အေအက်ဖ်ဒီပါတီ၏ လက်ရှိခေါင်းဆောင် Frauke Petry (ယာ)

ခြူးစန္ဒီနွေး

**ဂျာမနီနိုင်ငံ၏ လက်ယာယိမ်းအမျိုးသားရေးပါတီတစ်ခုဖြစ်သည့် အေအက်ဖ်ဒီပါတီသည် ဂျာမနီနိုင်ငံ၏ပြည်နယ်ရွေးကောက်ပွဲ၌ လက်ရှိဝန်ကြီးချုပ် အိန်ဂျလာမာကယ်ဦးဆောင်သည့် အာဏာရကွန်ဆာဗေးတစ်ပါတီထက် ထောက်ခံမဲပိုမိုရရှိအောင်စွမ်းဆောင်နိုင်ခဲ့သည်။**

ဂျာမနီနိုင်ငံအရှေ့မြောက်ပိုင်းပြည်နယ်မှ မဲဆန္ဒရှင်များ၏ မဲပေးမှုရလဒ်များမှာ ဝန်ကြီးချုပ်အိန်ဂျလာမာကယ်၏ ဒုက္ခသည်များနှင့် ပြောင်းရွှေ့ အခြေချနေထိုင်သူများအရေး မူဝါဒအပေါ် စမ်းသပ်စိန်ခေါ်မှုတစ်ရပ်ပင်ဖြစ်သည်။ ၎င်း၏မူဝါဒကိုပြည်သူများလက်ခံနိုင်ခြင်းရှိမရှိ စိန်ခေါ်မှုတစ်ရပ်ပင်ဖြစ်သည်။

အေအက်ဖ်ဒီပါတီသည် ၂၀၁၃ ခုနှစ်က စတင်ဖွဲ့စည်းခဲ့သည့်ပါတီတစ်ခုဖြစ်ပြီး ၎င်း၏ ဦးတည်ချက်မှာ ရွှေ့ပြောင်းနေထိုင်သူများနှင့် မူဆလင်များကို ဆန့်ကျင်ခြင်းပင်ဖြစ်သည်။ ယခုအခါ ဂျာမနီနိုင်ငံ၏ပြည်နယ်လွှတ်တော် ၁၆ ခု၌ ကိုးခုတွင် ၎င်းတို့၏ပါလီမန်အမတ်များ ဝင်ရောက်နေရာယူလာနိုင်ပြီး နောက်နှစ်ရွေးကောက်ပွဲ၌ တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် ပထမဦးဆုံးအကြိမ် အောင်မြင်မှုရရှိလာရန် ရည်ရွယ်ထားသည်။

၂၀၁၅ ခုနှစ်က ဂျာမနီဝန်ကြီးချုပ် အိန်ဂျလာမာကယ်၏ ခွင့်ပြုချက်ဖြင့် ဒုက္ခသည်များနှင့် ရွှေ့ပြောင်းအခြေချနေထိုင်သူ တစ်သန်းကျော် ဝင်ရောက်လာခဲ့သည်ကို အမျိုးသားရေးဝါဒီများက မကျေနပ်ကြပေ။ ယင်းအချက်ကို အေအက်ဖ်ဒီတို့က အခွင့်အရေးတစ်ရပ်အဖြစ် ကောင်းစွာအသုံးချခဲ့သည်။ မက်ခ်လင်ဘတ်ဂျ် ပြည်နယ်ရွေးကောက်ပွဲ၌ အေအက်ဖ်ဒီပါတီက အသာစီးရခဲ့ခြင်းဖြစ်သည်။ လာမည့်နှစ်ရွေးကောက်ပွဲ၌ အိန်ဂျလာမာကယ်ကို အခက်ကြုံလာနိုင်စေမည့်အချက်လည်းဖြစ်သည်။

ဂျာမနီနိုင်ငံမှာ နယ်စပ်ဂိတ်ထိန်းချုပ်ရေးနှင့်ပတ်သက်၍ ပါလီမန်တွင်အသစ်တင်ပြရမည်ဖြစ်ပြီး ဥရောပသမဂ္ဂ၏နယ်စပ်များကိုပါ ပိတ်ပစ်ရမည်ဟု အေအက်ဖ်ဒီပါတီက ပြောသည်။ အေအက်ဖ်ဒီပါတီမှ ခေါင်းဆောင်ပိုင်းသည် သဘောထား တင်းမာသူများဟုလည်း ဆိုနိုင်သည်။ အေအက်ဖ်ဒီပါတီခေါင်းဆောင် Frauke Petry က ဂျာမနီရဲများသည် ဂျာမနီနိုင်ငံအတွင်းသို့ တရားမဝင်ခိုးဝင်လာသူများအား တွေ့ရှိပါက သေနတ်ဖြင့် ပစ်သင့်လျှင်လည်းပစ်ခတ်သင့်ကြောင်း ပြောခဲ့သည်။ ဒုက္ခသည်များ ဝင်ရောက်ခွင့်ပြုခြင်းကို အလွဲသုံးခြင်းမှ ဟန့်တားရန် တင်းကျပ်သည့် စည်းမျဉ်းများထုတ်ရန်လည်း အေအက်ဖ်ဒီက တောင်းဆိုခဲ့သည်။ ယင်းပါတီ၏ တောင်းဆိုမှုထဲတွင် ဂျာမနီနိုင်ငံအတွင်း ဒုက္ခသည်အမြောက်အမြားဝင်ရောက်လာခြင်းမှ တားဆီးရန် ဝင်ရောက်ခိုလှုံမည့်သူ၏ မူလနိုင်ငံကိုလည်း သေချာစွာစစ်ဆေးပေးရန် တောင်းဆိုမှုများပါဝင်သည်။

> **ဒုက္ခသည်များ ဝင်ရောက်ခွင့်ပြုခြင်းကို အလွဲသုံးခြင်းမှ ဟန့်တားရန် တင်းကျပ်သည့် စည်းမျဉ်းများထုတ်ရန်လည်း အေအက်ဖ်ဒီက တောင်းဆိုခဲ့သည်။ ယင်းပါတီ၏ တောင်းဆိုမှုထဲတွင် ဂျာမနီနိုင်ငံအတွင်း ဒုက္ခသည်အမြောက်အမြားဝင်ရောက်လာခြင်းမှ တားဆီးရန် ဝင်ရောက်ခိုလှုံမည့်သူ၏ မူလနိုင်ငံကိုလည်း သေချာစွာ စစ်ဆေးပေးရန် တောင်းဆိုမှုများပါဝင်**



၂၀၁၆ ခုနှစ် မေလက အေအက်ဖ်ဒီပါတီသည် မူဆလင်များကိုဆန့်ကျင်သည့် မူဝါဒကို စတင်ကျင့်သုံးခဲ့သည်။ ယင်းပါတီသည် မူဆလင်များ တိုင်းပြည်အတွင်းသို့ ဝင်ရောက်ခြင်းကို ပြင်းထန်စွာ ကန့်ကွက်သည့်ပါတီဖြစ်ရာ မူဆလင်များအတွက် ကန့်သတ်မှုများစွာထားရှိသည်။ ယဉ်ကျေးမှုပေါင်းစုံရောနှောနေခြင်းမှာ အလုပ်မဖြစ်ဟု ၎င်းတို့ကစောဒကတက်ထားကြသည်။ တူရကီလူမျိုးသုံးသန်းခန့်မှာ ဂျာမနီနိုင်ငံအတွင်း နေထိုင်နေကြသည်ဟု ခန့်မှန်းထားသည်။ ၎င်းတို့ထဲမှ အများစုမှာ မူဆလင်များဖြစ်ကြသည်။ ဥရောပသို့ဒုက္ခသည်များ အမြောက်အမြားဝင်ရောက်လာမှုကို ဟန့်တားရန်ဥရောပသမဂ္ဂနှင့် တူရကီတို့ သဘောတူ ထားသည့် အငြင်းပွားဖွယ်စာချုပ်ကိုလည်း အေအက်ဖ်ဒီပါတီက လက်မခံပေ။ တူရကီနိုင်ငံက ဂရိကျွန်းသို့ဒုက္ခသည်များ စုပြုံဝင်ရောက်မှုကို ဟန့်တားရာတွင် ကူညီခဲ့သည့်အတွက် ဥရောပသမဂ္ဂကလည်း တူရကီနိုင်ငံအပေါ် Schengen ဇုန်သို့သွားရောက်ရာ၌ ဗီဇာကင်းလွတ်ခွင့်ပေးထားသည်။ တူရကီတို့ဘက်မှလည်း ဥရောပသမဂ္ဂအတွင်းဝင်ရောက်ခွင့်ရရေး အမှန်တကယ်အကျိုးထူးစေရန် မျှော်လင့်ထားသည်။

အေအက်ဖ်ဒီသည် ၂၀၁၃ ခုနှစ်အစောပိုင်းကလည်း ယူရိုဇုန် ငွေကြေးအထောက်အကူပြုရေး စိန်ခေါ်မှုတစ်ရပ်နှင့် ရင်ဆိုင်ခဲ့သည်။ ယူရိုငွေကို ဆက်လက်ထိန်းသိမ်းနိုင်ရေး ဥရောပသမဂ္ဂ၏ သဘောတူညီမှုများကိုလည်း ယင်းပါတီကလက်မခံခဲ့ပေ။ အေအက်ဖ်ဒီပါတီသည် အစောပိုင်းက ယူရိုကိုဆန့်ကျင်သည့် ပါတီတစ်ခုဖြစ်ခဲ့သော်လည်း ယခုအခါ၌မူ သဘောထားအမြင်များ ပြောင်းလဲသွားခဲ့သည်။ လက်ရှိ ယင်းပါတီ၏ ဦးတည်ချက်မှာ ရွှေ့ပြောင်းအခြေချနေထိုင်သူများနှင့် မူဆလင်များကို ဆန့်ကျင်ရန်ပင်ဖြစ်သည်။ သို့သော် ယခင်က ၎င်းတို့ထားရှိခဲ့သည့် ကတိတစ်ခုဖြစ်သည့် ဥရောပနှင့်ပတ်သက်၍ လူထုဆန္ဒခံယူပွဲကျင်းပ ပေးမည်ဟူသော ကတိကိုမူ ဂျာမနီမဲဆန္ဒရှင်များအပေါ်ထားရှိဆဲဖြစ်သည်။

အေအက်ဖ် ဒီပါတီ၏ပထမခေါင်းဆောင်ဖြစ်သော ဘန်းဒ်လက်ကီက ဂရိကြွေးမြီပြဿနာကို ကန့်ကွက်သော စီးပွားရေးပညာရှင်အုပ်စုကို ဦးဆောင်ခဲ့သည်။ ဂျာမနီမှ အခွန်ပေးဆောင်သူ ပြည်သူများသည် ယူရိုဇုန်မှ အစိုးရများ၏ အကြွေးများအတွက် ပေးဆပ်ရန် တာဝန်မရှိဟု အတိအလင်းပြောခဲ့သည်။ မစ္စတာ လက်ကီသည် ၂၀၁၅ ခုနှစ်၌ အေအက်ဖ်ဒီပါတီမှနုတ် ထွက်ခဲ့သည်။ ၎င်း၏အကြောင်း ပြချက်မှာ ပါတီအတွင်း နိုင်ငံခြားသားမုန်းတီးရေးဝါဒီ များပြားလာ၍ဟု ဆိုသည်။

ဂရိကြွေးမြီပြဿနာနှင့် ပတ်သက်၍ ဂျာမနီနိုင်ငံမှ ပြည်သူလူထုအတွင်းစိုးရိမ်ပူပန်မှုကိုဖြစ်ပေါ်စေကာ ၂၀၁၄ ခုနှစ်၌ ယင်းပါတီ၌ အဖွဲ့ဝင်ခုနစ်ဦး ဥရောပပါလီမန်အတွင်းသို့ ဝင်ရောက်နိုင်ခဲ့သည်။

သို့သော် မူဝါဒဆိုင်ရာ အငြင်းပွားမှုများ ဖြစ်ပေါ်ပြီးနောက် ယင်းပါတီဝင်ခုနစ်ဦးထဲမှာနှစ်ဦးသာ ပါတီအတွင်းကျန်ရစ်ခဲ့ပြီးအခြားငါးဦးမှာ ပါတီမှနုတ်ထွက်သွားခဲ့သည်။ ယင်းပါတီက ဥရောပသမဂ္ဂသည်ဗဟိုမှချုပ်ကိုင်မှုများလွန်းသည်ဟုလည်း ဝေဖန်ခဲ့သည်။ အကယ်၍ ဥရောပသမဂ္ဂအဖွဲ့ကြီးသည် ဗဟိုမှချုပ်ကိုင်မှုကိုဖြေလျှော့ပေးခြင်းမရှိပါက အေအက်ဖ်ဒီပါတီသည် ဥရောပသမဂ္ဂအတွင်းမှ ဂျာမနီနုတ်ထွက်နိုင်ရေးနည်းလမ်းများရှာဖွေသွားမည်ဟု အေအက်ဖ်ဒီပါတီက ပြောခဲ့သည်။ နိုင်ငံရေးနယ်ပယ်တွင်လှုပ်ရှားနေကြသော နိုင်ငံရေးသမားများမှာ သာမန်မဲဆန္ဒရှင်များနှင့်ဝေးကွာလျက်ရှိကြောင်း အေအက်ဖ်ဒီပါတီက ဝေဖန်ခဲ့သည်။

မည်သို့ပင်ဆိုစေကာမူ လာမည့်နှစ်ရွေးကောက်ပွဲ၌ အေအက်ဖ်ဒီပါတီသည် လက်ရှိဝန်ကြီးချုပ်ကိုအခက်တွေ့စေမည်မှာ အမှန်ပင်ဖြစ်သည်။ ဂျာမနီနိုင်ငံအတွင်းရွှေ့ပြောင်းအခြေချ နေထိုင်သူများနှင့် ဒုက္ခသည်များကြောင့် အကြမ်းဖက်မှုများလည်းပေါ်ပေါက်ခဲ့ရာ ဂျာမနီပြည်သူတို့ကလုံခြုံစိတ်ချရမှုကို တောင့်တလျက်ရှိကြသည်။ ဤအချက်သည်ပင်လျှင် အေအက်ဖ်ဒီပါတီအတွက်အားသာချက်တစ်ခု ဖြစ်သည်။ ယင်းအခွင့်အရေးကို အေအက်ဖ်ဒီပါတီက ကောင်းစွာအသုံးချနိုင်ခြင်း ရှိ မရှိကိုမူ ဆက်လက်စောင့်ကြည့်ရမည်ဖြစ်သည်။

**ကိုးကား-၅-၉-၂၀၁၆(ဘီဘီစီ)**

## မလေးရှားလေယာဉ်မှအပျက်အစီးများဟုယူဆရသည့် အပိုင်းအစငါးခုကို မာဒါဂါစကာ၌တွေ့ရှိ



**မာဒါဂါစကာ စက်တင်ဘာ ၁၃**

ပျောက်ဆုံးမလေးရှားလေကြောင်းလိုင်း MH 370 မှ အပျက်အစီးများဟု ယူဆရသည့် အပိုင်းအစငါးခုကို မာဒါဂါစကာ၌ တွေ့ရှိခဲ့ကြောင်း သိရသည်။ အစိတ်အပိုင်းနှစ်ခုတွင် လောင်ကျွမ်းထားသည့် အပိုင်းအစများတွေ့ရှိရပြီး ထိုကဲ့သို့လောင်ကျွမ်းထားပုံမျိုးကို တွေ့ရခြင်းမှာ ပထမဆုံးအကြိမ်ဟု အတည်ပြုနိုင်ကြောင်း သိရသည်။

MH 370 မလေးရှားလေကြောင်းလိုင်းသည် ၂၀၁၄ ခုနှစ် မတ်လတွင် ခရီးသည် ၂၃၉ ဦးကို တင်ဆောင်လျက်ကွာလာလမ်ပူမှ ပေကျင်းသို့ပျံသန်း ထွက်ခွာလာစဉ် ရုတ်တရက် ပျောက်ကွယ်သွားခဲ့ခြင်းဖြစ်သည်။ လေယာဉ်သည် ပျံသန်းနေရာမှ ဦးတည်ရပ်လမ်းကြောင်းလွဲသွားပြီးနောက် အိန္ဒိယသမုဒ္ဒရာ အတွင်းသို့ ပျက်ကျသွားသည်ဟု ယူဆခဲ့ကြသည်။ လေယာဉ်၏အခြားအစိတ်အပိုင်းများကို ဦးစွာတွေ့ရှိခဲ့သည့် အပျက်အစီးရှာဖွေသူ ဘလာနီဂစ်ဘ်ဆန်က ရှာဖွေမှုများကို လုပ်ဆောင်ခဲ့သည်။

မစ္စတာဂစ်ဘ်ဆန်၏အဆိုအရ မာဒါဂါစကာအရှေ့တောင်ပိုင်းစိန်တီလူစီအနီး၌ တွေ့ရသည့် မီးလောင်ကျွမ်းထားသော အစိတ်အပိုင်းနှစ်ခုမှာ အထင်ရှားဆုံး၊ အသိသာဆုံး လေယာဉ်အစိတ်အပိုင်းများဖြစ်ကြောင်း သိရသည်။ သို့သော် အဆိုပါမီးလောင် အပိုင်းအစ များသည် လေယာဉ်ပျက်မကျမီ လောင်ကျွမ်းခြင်းလား၊ ပျက်ကျပြီးမှ မီးစွဲလောင်ခြင်းလား ကွဲကွဲပြားပြားမသိနိုင်ကြောင်း ၎င်းကပြောကြားခဲ့သည်။ **(ဘီဘီစီ)**

# လှိုင်ကော်မြို့ သီရိမင်္ဂလာဈေးရှိ ရွှေဆိုင်တစ်ဆိုင်၌ ရွှေအတုပေါင်နှံမှုဖြစ်ပွား

**လှိုင်ကော် စက်တင်ဘာ ၁၃**

ကယားပြည်နယ် လှိုင်ကော်မြို့ သီရိမင်္ဂလာဈေးအတွင်းရှိ ရွှေဆိုင်တစ်ဆိုင်၌ စက်တင်ဘာ ၁၁ ရက်က ရွှေအတုပေါင်နှံရောင်းချမှုတစ်ခု ဖြစ်ပွားခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ ယင်းနေ့ နံနက် ၁၁ နာရီခန့်က လှိုင်ကော်မြို့ သီရိမင်္ဂလာဈေးအတွင်းရှိ ဦးထွန်းရောင်ပိုင် ထိပ်တန်းရွှေဆိုင်၌ အမျိုးသားတစ်ဦးလာရောက်၍ ရွှေဆွဲကြိုးအတု ပေါင်နှံနေကြောင်း သိရသဖြင့် လှိုင်ကော်ခရိုင်ရဲတပ်ဖွဲ့မှူးရုံးမှ ရဲအုပ်မြသန်းနှင့်အဖွဲ့က သွားရောက်စုံစမ်းစစ်ဆေးခဲ့ကြသည်။

ရွှေအတုပေါင်နှံသူ အမျိုးသားမှာ ရန်ကုန်တိုင်းဒေသကြီး မင်္ဂလာဒုံမြို့နယ် မြရတနာရပ်ကွက်နေ သောင်းထိုက် (၃၂ နှစ်) ဖြစ်ပြီး ၎င်းထံမှ အလေးချိန် နှစ်ကျပ်၊ နှစ်ပဲနှင့် ခြောက်ရွေးခန့်ရှိ သံကြိုးအကျစ် ရွှေအတုဆွဲကြိုးတစ်ကုံးနှင့် တစ်ကျပ်ငါးမူးနှင့် နှစ်ပဲခန့် အလေးချိန်ရှိ ရွှေအတု ဟန်းချိန်းတစ်ခုတို့ကို သိမ်းဆည်းရမိခဲ့ကြောင်း သိရသည်။

စုံစမ်းစစ်ဆေးချက်အရ သောင်းထိုက်နှင့် အပေါင်းအပါ ခြောက်ဦးတို့သည် ရွှေအတုများပြုလုပ်ကာ ရွှေဆိုင်များတွင် ပေါင်နှံရောင်းချရန် ရန်ကုန်မြို့မှ လှိုင်ကော်မြို့သို့ အငှားယာဉ်စင်းလုံးငှားကာ လာရောက်ခဲ့ကြခြင်းဖြစ်ကြောင်း သိရှိရသဖြင့် ကျန်ရှိသူများအား ဆက်လက်ရှာဖွေဖမ်းဆီးရာ မြောက်ဥက္ကလာပမြို့နယ် ရွှေပေါက်ကံရပ်ကွက်နေ ဝင်းမင်းကျော်(ခ) အကြီးကောင် (၂၅ နှစ်) အား သီရိမင်္ဂလာဈေးဆန်တန်းအနီး၌လည်းကောင်း၊ မြောက်ဥက္ကလာပမြို့နယ် ရောရပ်ကွက်နေ ကျော်မြင့်ဝင်း(ခ)တရုတ်ကြီး(၃၂နှစ်)အား မိုးကောင်းဘုရားအနီး၌ လည်းကောင်း၊ ယာဉ်မောင်းသူ မင်္ဂလာဒုံမြို့နယ် ဝါယာလက်ရပ်ကွက်နေ ထွန်းထွန်းဦး (၄၀ နှစ်)အား DD/---- ပရိုဘောက်ခဲရောင်ယာဉ်နှင့်အတူ ကျောင်းသားအားကစားပွဲတော်ကွင်းအနီး၌ လည်းကောင်း ဖမ်းဆီးရမိခဲ့ပြီး ကျောက်တံတားမြို့နယ်နေ ဒေါ်သိန်းသိန်းအေး(၄၈ နှစ်) နှင့် မျိုးကိုတို့မှာ ထွက်ပြေးတိမ်းရှောင်သွားကြောင်း သိရသည်။



အဆိုပါဖြစ်စဉ်နှင့် ပတ်သက်၍ လှိုင်ကော်မြို့မရဲစခန်းက အမှုဖွင့်ကာ ဒုရဲအုပ် ကျော်ဟန်က ဆက်လက်စုံစမ်းစစ်ဆေးလျက်ရှိကြောင်း သိရသည်။

**ကြီးမြင့်နိုင်(လှိုင်ကော်)**

# ဆင်ပေါင်ဝဲမြို့နယ်၌ နေအိမ်အတွင်းမှ ဘိုးဘွားပိုင်ရွှေထည်ပစ္စည်း ငွေကျပ်သိန်း ၈၀ ကျော်ခန့် အခိုးခံရမှုဖြစ်ပွား

**ဆင်ပေါင်ဝဲ စက်တင်ဘာ ၁၃**

ဆင်ပေါင်ဝဲမြို့နယ် ငန်းပြားကျေးရွာနေ အမျိုးသမီးတစ်ဦးက ၎င်း၏ဘိုးဘွားပိုင်ရွှေထည်ပစ္စည်းများ နေအိမ်အတွင်းမှ စက်တင်ဘာ ၅ ရက်က အခိုးခံရမှုနှင့်ပတ်သက်၍ စက်တင်ဘာ ၁၂ ရက်တွင် တိုင်ကြားအမှုဖွင့်ခဲ့သည်။

ဖြစ်စဉ်မှာ မသင်းသင်းနွယ် (၃၇ နှစ်)သည် စက်တင်ဘာ ၅ ရက်က နေအိမ်၌ရှိနေစဉ် ကျေးရွာရှိ လူတချို့က ပက်စ်မြန်မာသို့ ငွေဆပ်ရန်အတွက် ငွေလိုနေသဖြင့် မသင်းသင်းနွယ်ထံ လာရောက်အကူအညီတောင်းစဉ် ၎င်း၏ရွှေအားပေါင်နှံချေးရန်အတွက် နေအိမ်အပေါ်ထပ်ရှိ သေတ္တာအားဖွင့်ကြည့်ရာ လွန်ခဲ့သော နှစ်လခန့်က သေတ္တာအတွင်း သော့ခတ်သိမ်းဆည်းထားသော ဘိုးဘွားပိုင် ရွှေထည်ပစ္စည်းမျိုးစုံ စုစုပေါင်းတန်ဖိုးငွေကျပ် ၈၃ သိန်းခန့်မှာ ပျောက်ဆုံးနေကြောင်း သိရ၍ စုံစမ်းဖော်ထုတ်ပေးရန် မသင်းသင်းနွယ်က စက်တင်ဘာ ၁၂ ရက်က တိုင်ကြားခဲ့သောကြောင့် မြို့နယ်မြို့မရဲစခန်းက အမှုဖွင့်ထားကြောင်း သိရသည်။

**ကျော်ဇေယျ**

# တွံတေး၌ ဆိုင်ကယ်လုယက်မှုဖြစ်ပွား

**တွံတေး စက်တင်ဘာ ၁၃**

ရန်ကုန်တိုင်းဒေသကြီး တွံတေးမြို့နယ်နှင့် ဒလမြို့နယ်အစပ်ရှိ အုန်းပင်ချောင်းတံတားပေါ်၌ စက်တင်ဘာ ၁၃ ရက်က ဆိုင်ကယ်လုယက်မှု ဖြစ်ပွားခဲ့သည်။

ဒလမြို့နယ် ကျန်စစ်သားရပ်ကွက်နေ ဦးသိန်းနိုင်သည် တွံတေးမြို့နယ် ပျော်ဘွယ်လေးကျေးရွာသို့ ဆိုင်ကယ်ကယ်ရီပို့ပြီးအပြန် အုန်းပင်ချောင်း တံတားပေါ်၌ လူငယ်သုံးဦးက ဆိုင်ကယ်ချိန်းပျက်သဖြင့် ခဏရပ်ပေးရန်တားရာ ဆိုင်ကယ်ရပ်လျှင်ရပ်ချင်း ၎င်းတို့သုံးဦးက တွန်းလှဲပြီး ဆိုင်ကယ်အားလုယူ၍ တွံတေးဘက်သို့ မောင်းနှင်ထွက်ပြေးသွားသည်။

အဆိုပါလုယက်မှုသတင်းရရှိသဖြင့် ဘုရားငုတ္တိုလမ်းဆုံရဲကင်း၌ ကင်းစစ်ဆေးရန် ရောက်ရှိနေသည့် တွံတေးမြို့နယ်ရဲတပ်ဖွဲ့မှူး ခင်မောင်ရွှေ၊ စခန်းမှူး ဒုတိယရဲမှူး ကျော်နိုင်စိုးတို့ ဦးဆောင်သောအဖွဲ့က လိုက်လံဖမ်းဆီးရာ ကော့မှူး-ကွမ်းခြံကုန်းလမ်းပေါ်တွင် ကော့မှူးပိတ်ဆို့ရှာဖွေရေး ရဲတပ်ဖွဲ့၏အကူအညီဖြင့် လုယက်သူ သုံးဦးအား ဆိုင်ကယ်နှင့်အတူ ဖမ်းဆီးရမိပြီး လုယက်မှုကျူးလွန်သူ စိုးမိုးအောင် (၁၉ နှစ်)၊ နေလင်းအောင်(၁၉ နှစ်)နှင့် ကျော်ဆန်းဝင်း(၁၉ နှစ်) ဒလမြို့နေသူတို့အား တွံတေးမြို့မရဲစခန်းက အရေးယူဆောင်ရွက်ထားကြောင်း သိရသည်။

**မျိုးလှိုင်(တွံတေး)**





# အရှိန်မထိန်းနိုင်သောယာဉ် လမ်းဘေးအုတ်ခုံအားတိုက်မိပြီး မြစ်အတွင်းသို့ထိုးကျ၊ ယာဉ်မောင်းသေဆုံး

**စစ်ကိုင်း စက်တင်ဘာ ၁၃**

စစ်ကိုင်းမြို့အမှတ်(၁၀၅) ယာဉ်ထိန်းရဲတပ်ဖွဲ့စုမှူးရုံးမှ ဒုရဲအုပ် အောင်ကိုကိုခိုင်သည် စစ်ကိုင်းမင်းကွန်းမြစ်ကမ်းနံဘေးသွားကားလမ်း၌ ယာဉ်တစ်စီး မြစ်အတွင်းထိုးကျသွားကြောင်း စက်တင်ဘာ ၁၂ ရက်က သတင်းအရ တပ်ဖွဲ့ဝင်များနှင့်အတူ သွားရောက်ကြည့်ရှုစစ်ဆေးခဲ့သည်။

မင်းကွန်းဘက်မှ စစ်ကိုင်းဘက်သို့ ယာဉ်မောင်း မျိုးအောင်(၂၂ နှစ်) မင်းကွန်းကျေးရွာ စစ်ကိုင်းမြို့နယ်နေသူ မောင်းနှင်လာသော 7F/--- တိုယိုတာယာဉ်သည် ရှင်ဖြူရှင်လှရွှေကျောင်းဘုရားကွေ့အရောက်၌ လမ်းဝဲဘက်ဘေးရှိ ကာရံထားသော ပန်းအုတ်ခုံများအား ဝင်ရောက်တိုက်မိသဖြင့် ယာဉ်မောင်း မျိုးအောင်မှာ ဒဏ်ရာပြင်းထန်စွာရရှိကာ ပွဲချင်းပြီးသေဆုံးသွားသည်။

အဆိုပါဖြစ်စဉ်နှင့်ပတ်သက်၍ စစ်ကိုင်းမြို့မရဲစခန်းက အမှုဖွင့်အရေးယူထားကြောင်းသိရသည်။

**ထွေးမြင့်နိုင်(စစ်ကိုင်း)**

# ပြည်မြို့၌ အများသုံးရေတွင်းထဲမှ ပုပ်ပွနေသည့် အမျိုးသားအလောင်းတွေ့ရှိ

**ပြည် စက်တင်ဘာ ၁၃**

ပဲခူးတိုင်းဒေသကြီး ပြည်မြို့ ဆင်စုရပ်ကွက် အုပ်ချုပ်ရေးမှူးရုံး အနောက်ဘက်ရှိ အများပြည်သူသုံး ရေတွင်းထဲ၌ ပုပ်ပွသေဆုံးနေသော အလောင်းတစ်လောင်းအား စက်တင်ဘာ ၁၂ ရက်က တွေ့ရှိခဲ့ကြောင်းသိရသည်။

ပြည်မြို့မရဲစခန်းမှ တပ်ဖွဲ့ဝင်များနှင့် ရပ်ကွက်တာဝန်ရှိသူများ သွားရောက်စစ်ဆေးခဲ့ပြီး ရေတွင်းထဲ၌ သေဆုံးနေသော အမျိုးသားအလောင်းအား ဆံတော်မီးသတ်တပ်ဖွဲ့၊ ပြည်ခရိုင်မီးသတ်တပ်ဖွဲ့နှင့် ခေတ္တရာလူငယ် သာရေးနာရေးကူညီပံ့ပိုးမှုအသင်းတို့က ဝိုင်းဝန်းဆယ်ယူခဲ့ပြီး ရေတွင်းအနီးတစ်ဝိုက်တွင် နေထိုင်သူများနှင့် ဆင်စုရပ်ကွက်အတွင်းရှိ ဒေသခံများအား စုံစမ်းမေးမြန်းခဲ့ရာ ရပ်ကွက်အတွင်းမှမဟုတ်ဘဲ မျက်နှာစိမ်းတစ်ဦးဖြစ်ကြောင်း သိရသည်။

သေဆုံးနေသည့် အမျိုးသားအလောင်းအား ရပ်ကွက်နေအမျိုးသမီးတစ်ဦးက ရေတွင်း၌ အဝတ်လျှော်ရန် ရေခပ်ယူစဉ် တွေ့ရှိခဲ့ရာမှ သက်ဆိုင်ရာသို့ အကြောင်းကြားခဲ့ခြင်းဖြစ်ကြောင်း သိရပြီး ပြည်မြို့မရဲစခန်းက အမှုဖွင့်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**ကိုလွင်(ဆွာ)**


## ပျောက်ဆုံးကြောင်း

ကျွန်မ ဒေါ်နီနီအေး ၁၀/သဖရ(နိုင်)၀၀၇၀၉၈၏ (Passport No) မမှတ်မိသည် ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။ **ဖုန်း-၀၉-၈၇၀၁၆၅၀၇၀**

## ဖခင်အမည်မှန်

စစ်ကိုင်းတိုင်းဒေသကြီး၊ ရေဦးမြို့နယ်၊ အထက ထန်းတောဇောင်၊ တက္ကသိုလ်ဝင်တန်း (C)မှ မောင်ကျော်နိုင်ထွန်း၏ ဖခင်အမည်မှန်မှာ ဦးမြင့်အောင် ၅/ရဥန(နိုင်)၀၂၃၃၀၃ ဖြစ်ပါကြောင်း။
**ဦးမြင့်အောင် ၅/ရဥန(နိုင်)၀၂၃၃၀၃**

## မိခင်အမည်မှန်

စစ်ကိုင်းတိုင်းဒေသကြီး၊ ရေဦးမြို့နယ်၊ အထကထန်းတောဇောင်၊ တက္ကသိုလ်ဝင်တန်း (C)မှ မသင်းလဲ့ဝင်းနှင့် ဆဋ္ဌမတန်း (A)မှ မစိုးစန္ဒာမြင့်တို့၏မိခင်အမည်မှန်မှာ ဒေါ်မွေးမွေးခိုင် ၅/ရဥန(နိုင်)၀၈၁၉၈၀ ဖြစ်ပါကြောင်း။
**ဒေါ်မွေးမွေးခိုင် ၉/ရဥန(နိုင်)၀၈၁၉၈၀**

## ဖခင်အမည်မှန်

ကျောက်ပန်းတောင်းမြို့နယ်၊ ပုပ္ပားအထက၊ တက္ကသိုလ်ဝင်တန်း (D)မှ မဖြူစင်သန့်၏ ဖခင်အမည်မှန်မှာ ဦးအောင်လင်းကြည် ၉/ကပတ(နိုင်)၀၄၁၀၈၅ဖြစ်ပါကြောင်း။
**ဦးအောင်လင်းကြည်**

## ဖခင်အမည်မှန်

ကျောက်ပန်းတောင်းမြို့နယ်၊ ပုပ္ပားအထက၊ တက္ကသိုလ်ဝင်တန်း (A)မှ မချိုမာဦး၏ ဖခင်အမည်မှန်မှာ ဦးနေဝင်း ၉/ကပတ(နိုင်)၀၄၀၅၆၂ ဖြစ်ပါကြောင်း။ **ဦးနေဝင်း**

## ဖခင်အမည်မှန်

ကျောက်ပန်းတောင်းမြို့နယ်၊ ပုပ္ပားအထက၊ တက္ကသိုလ်ဝင်တန်း (A)မှ မခင်မာဦး၏ဖခင်အမည်မှန်မှာ ဦးခင်မောင်ရွှေ ၉/ကပတ(နိုင်)၀၄၀၅၆၈ ဖြစ်ပါကြောင်း။ **ဦးခင်မောင်ရွှေ**

## ကန့်ကွက်နိုင်ပါသည်

ရန်ကုန်တိုင်းဒေသကြီး၊ သာကေတမြို့နယ်၊ (၈)ရပ်ကွက်၊ ကမာကြည်အိမ်ရာ၊ တိုက်အမှတ် (၁၉)၊ အခန်းအမှတ်(၂၀၂)သည် အမည်ပေါက် ဒေါ်သီတာရှိန် ၁၂/သဃက(နိုင်)၀၇၅၀၂၉ ဖြစ်ပါသည်။ အဆိုပါ အခန်းအမည်ပေါက်ထံမှ ဒေါ်နုနုကြည် ၁၂/ရကန(နိုင်)၀၁၅၄၃၉ က စာချုပ်စာတမ်းဖြင့် အပြီးအပိုင်ဝယ်ယူပြီး ဖြစ်ပါသဖြင့် အခန်းပိုင်ဆိုင်မှု အမည်ပြောင်းလဲရန် လျှောက်ထားခြင်းအား ကန့်ကွက်လိုပါက မြို့ပြနှင့်အိမ်ရာ ဖွံ့ဖြိုးရေးဦးစီးဌာန၊ မြေနှင့်အိမ်ရာဌာနခွဲ၊ အိမ်ရာ(၂)သို့ ကြော်ငြာပါသည့်ရက်မှ ၁၅ရက်အတွင်း အထောက်အထားပြည့်စုံစွာဖြင့် တင်ပြကန့်ကွက်နိုင်ပါသည်။
**အိမ်ရာ(၂)**
**မြေနှင့်အိမ်ရာဌာနခွဲ**
**မြို့ပြနှင့်အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာန**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

အင်းစိန်မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် မြို့သစ်(ဂ)၊ မြေကွက်အမှတ်-၃၁၇(ခ)၊ ဧရိယာ(၂၀'×၆၀')၊ မြေကွက်တည်နေရာအမှတ်(၃၁၇/ခ)၊ သရဖီလမ်း၊ မြို့သစ်(ဂ)ရပ်ကွက်၊ အင်းစိန်မြို့နယ်၊ ဒေါ်တင်အမည်ပေါက်ပါ ပါမစ်မြေအား အမည်ပေါက်ဒေါ်တင်(မိခင်)၄-၇-၂၀၀၈တွင် ကွယ်လွန်သွားပါသဖြင့် အိမ်နှင့်ခြံမြေကွက်အားလွှဲပြောင်းပေးခြင်းအရပ်ကာတိစာချုပ်ဖြင့် ရရှိခဲ့သူ ဒေါ်နော်ကျင်ရွှေ(၁၂/အစန(နိုင်)၀၃၄၀၁၁)နှင့် ဒေါ်နော်ကျင်မြိုင်(၁၂/အစန(နိုင်)၀၃၄၀၁၂)တို့နှစ်ဦးအနက် ဒေါ်နော်ကျင်ရွှေသည်(၅-၅-၂၀၀၉)တွင်ကွယ်လွန်သဖြင့် ဒေါ်နော်ကျင်မြိုင်(၁၂/အစန(နိုင်)၀၃၄၀၁၂)မှ တစ်ဦးတည်းသာပိုင်ဆိုင်ကြောင်း တရားရုံးကျမ်းကျိန်လွှာ၊ ထောက်ခံကျမ်းကျိန်လွှာ၊ ဒေါ်နော်ကျင်ရွှေသေဆုံးကြောင်း ရပ်ကွက်အုပ်ချုပ်ရေးမှူးရုံး ထောက်ခံချက်၊ သေမှိုင်းလက်မှတ် (မိတ္တူ)နှင့် အမည်ပေါက်၏ပါမစ်မူရင်း ပျောက်ဆုံးကြောင်း တရားရုံးကျမ်းကျိန်လွှာ၊ ရဲစခန်းထောက်ခံချက်၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးရုံးထောက်ခံချက်တင်ပြ၍ ပါမစ်ပျောက်ဖြင့်နှစ်(၆၀)မြေငှားစာချုပ်ရရန်လျှောက်ထားလာရာ တရားဝင်နိုင်လုံသောအထောက်အထားများဖြင့် ဤကြော်ငြာပါသည့်နေ့မှစ၍(၇)ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။
ဌာနမှူး၊ မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

## ဖခင်အမည်မှန်

နေပြည်တော် တပ်ကုန်းမြို့၊ အထက(၂)၊ တက္ကသိုလ်ဝင်တန်း($A_2$)မှ မဇာခြည်နိုင်၏ ဖခင်အမည်မှန်မှာ ဦးအေးကို ၉/တကန(နိုင်)၀၉၈၆၅၃ ဖြစ်ပါကြောင်း။ **ဦးအေးကို**

## ပျောက်ဆုံးခြင်း

ကျွန်တော် မောင်မိုးဟိန်းကျော် ၁၂/ဒဂဆ(နိုင်)၀၀၇၅၅၁၏ နိုင်ငံကူးလက်မှတ်အမှတ် A-၀၂၃၈၂၆ သည် ပျောက်ဆုံးသွားပါ၍ တွေ့ရှိက အကြောင်းကြားပေးပါရန်။
**ဖုန်း-၀၉-၄၂၁၁၀၆၃၃၉**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ကျွန်ုပ်၏အမှုသည်များဖြစ်သူ ဦးစန်းယုလှိုင် ၁၄/မမက(နိုင်)၀၀၀၂၆၄ နှင့် ဒေါ်လှနုဖြူ ၁၂/ခရန(နိုင်)၀၀၁၀၈၈၊ အမှတ် (၅၈) (ပထမထပ်)၊ ၅-လမ်း၊ လမ်းမတော်မြို့နယ်၊ ရန်ကုန်မြို့နေသူတို့က ရန်ကုန်တိုင်းဒေသကြီး၊ စမ်းချောင်းမြို့နယ်၊ ဟုမ်းလမ်းဘူတာရပ်ကွက်၊ ရှင်စောပုလမ်း၊ အမှတ်(၁၇)၊ WINDSOR CONDO အဆောက်အအုံအတွင်းရှိ ၂၃၃၄စတုရန်းပေ အခန်းအမှတ် (2-A) နှစ်လွှာတိုက်ခန်းအား Mother Construction Co.,Ltd. က တာဝန်ယူ ဆောက်လုပ်ဆဲတွင် ကုမ္ပဏီ၏ ကိုယ်စားရောင်းချပိုင်ခွင့်ရှိသူ ဒေါ်ကြည်မြင့်သွင်(ဒါရိုက်တာ) ၁၂/ဗဟန(နိုင်)၀၇၂၄၄၈ထံမှ တန်ဖိုးအပြည့်အဝပေးချေပြီး တရားဝင်ဝယ်ယူပိုင်ဆိုင်ထားပြီး ဖြစ်ပါသည်။

ယင်းတိုက်ခန်းနှင့်ပတ်သက်၍ ကန့်ကွက်မည့်သူရှိပါက ဤကြော်ငြာပါသည့်ရက်မှ ၁၄ရက်အတွင်း ခိုင်လုံသော စာချုပ်စာတမ်းအထောက်အထားမူရင်းများနှင့်တကွ ကျွန်ုပ်ထံသို့ကန့်ကွက်နိုင်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဦးမင်းစိန် B.Sc., R.A., C.P.A., R.L.,**
**တရားလွှတ်တော်ရှေ့နေ(စဉ်-၁၆၉၉)**
**#၀၇၊ ပန်းဆိုးတန်းအော့ဖစ်(စ်)တာပါ၊ အမှတ် ၁၈၉/၁၉၅၊ ပန်းဆိုးတန်းလမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၂၃ဃ/၆၈၈၃၆ ယာဉ်လက်ဝယ်ရှိသူ ဦးတင်ကြည် ၁၂/ကမန(နိုင်)၀၀၃၃၃၆က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။ **ကညန၊ ခရိုင်ရုံး (မအူပင်)၊ မအူပင်မြို့**

## ကန့်ကွက်နိုင်ပါသည်

မန္တလေးတိုင်းဒေသကြီး၊ ရမည်းသင်းခရိုင်၊ ရမည်းသင်းမြို့နယ်၊ သဲကွဲကျေးရွာ၊ ကွင်း/ အကွက်အမှတ် ၉၈၀၊ ဦးပိုင်အမှတ် ၆၉/၂၊ ရန်ကုန်-မန္တလေးလမ်း ဧရိယာ ၀ဒသမ၄၉၅ဧကရှိ (၁၀)နှစ်ဂရန်မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ ကြယ်စင်ရီးမစက်သုံးဆီအရောင်းဆိုင် လုပ်ငန်းလုပ်ကိုင်ခွင့်အပါအဝင် အကျိုးခံစားခွင့် အရပ်အရပ်အားမြေနှင့် လုပ်ငန်းလုပ်ကိုင်ခွင့်လိုင်စင် အမည်ပေါက်ဒေါ်ချောစုကြည် ၁၃/တကန(နိုင်)၀၀၁၅၆၀ထံမှ ကျွန်ုပ်တို့၏မိတ်ဆွေက အပြီးအပိုင်ဝယ်ယူရန် စရန်ငွေ ပေးချေပြီးဖြစ်ပါသည်။

အဆိုပါမြေ၊ စက်သုံးဆီဆိုင်၊ လုပ်ငန်းတို့နှင့်ပတ်သက်၍ ကန့်ကွက်လိုပါက ဤကြော်ငြာပါသည့်ရက်မှ ၁၄ရက်အတွင်း ခိုင်လုံသောစာရွက်စာတမ်းမူရင်းများဖြင့် ကျွန်ုပ်ထံသို့လာရောက် ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်သူမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ညွှန်ကြားချက်အရ-**

| | |
|---|---|
| **ဒေါ်အိသီရိကြူ** | **ဒေါ်ဝတ်ရည်ထွန်း** |
| **LL.B,M.A(Business Law)** | **LL.B,LL.M** |
| **တရားလွှတ်တော်ရှေ့နေ(စဉ်-၉၅၃၃)** | **အထက်တန်းရှေ့နေ(စဉ်-၂၆၅၄၁)** |
| **ဖုန်း-၀၉-၄၃၁၆၃၄၀၅** | **ဖုန်း-၀၉-၅၃၀၂၃၂၈** |

**အမှတ် ၃၇၊ အနော်ရထာလမ်းနှင့် မဂ္ဂင်လမ်းထောင့်၊ (၁၄)ရပ်ကွက်၊ ကျောက်ကုန်း၊ ရန်ကင်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး**

# မြန်မာ ယူ-၁၉ နှင့် ဩစတြေးလျ ယူ-၁၉ ယနေ့ ယှဉ်ပြိုင်မည်

**ရန်ကုန် စက်တင်ဘာ ၁၃**

၂၀၁၆ အာဆီယံ ယူ-၁၉ ပြိုင်ပွဲ အုပ်စု(ခ) ဒုတိယနေ့ပွဲစဉ်များကို စက်တင်ဘာ ၁၄ ရက် **(ယနေ့)**တွင် ဗီယက်နမ်နိုင်ငံ ဟန်ွိုင်းမြို့၌ ဆက်လက်ကျင်းပမည်ဖြစ်ပြီး မြန်မာအသင်းသည် ဩစတြေးလျအသင်းနှင့် ယှဉ်ပြိုင်ကစားရမည်ဖြစ်သည်။

အဖွင့်ပွဲတွင် အမှတ်ပြည့်ရယူနိုင်ခဲ့သည့် မြန်မာအသင်းသည် ပွဲဦးထွက် အနိုင်ရခဲ့သည့် ဩစတြေးလျအသင်းနှင့် ကစားရမည်ဖြစ်ပြီး ဆီမီးဖိုင်နယ်တက်ရောက်ရေးအတွက် အရေးပါသည့်ပွဲဖြစ်သည်။ စက်တင်ဘာ ၁၂ ရက်က ကျင်းပခဲ့သည့် ပထမပွဲတွင် မြန်မာ၊ ထိုင်းနှင့် ဩစတြေးလျအနိုင်ရရှိခဲ့ပြီး မြန်မာအသင်းက အင်ဒိုနီးရှားအသင်းကို သုံးဂိုး-နှစ်ဂိုး၊ ဩစတြေးလျအသင်းက ကမ္ဘောဒီးယားအသင်းကို နှစ်ဂိုး-ဂိုးမရှိဖြင့် အနိုင်ရခဲ့ခြင်းဖြစ်သည်။ မြန်မာအသင်းပါဝင်သော အုပ်စု(ခ)အနေအထားအရ ဆီမီးဖိုင်နယ်တက်ရောက်ရန် ပွဲစဉ်တိုင်း အရေးပါနေသောကြောင့် မြန်မာအသင်းအနေဖြင့် အမှတ်များရသလောက် ရယူနိုင်ရန် လိုအပ်နေသည်။ မြန်မာအသင်းသည် အင်ဒိုနီးရှားအသင်းနှင့် ယှဉ်ပြိုင်ကစားခဲ့သည့် အဖွင့်ပွဲတွင် ကစားပုံကောင်းမွန်ခဲ့ပြီး အခွင့်အရေးများ အသုံးချနိုင်ခဲ့သော်လည်း ခံစစ်ပိုင်းမှာ အမှားများနေဆဲဖြစ်သည်။ ဩစတြေးလျအသင်းသည် အင်ဒိုနီးရှားအသင်းထက် ပိုကောင်းသည့် အသင်းဖြစ်ရာ ခံစစ်ပိုင်းကိုစနစ်တကျပြင်ဆင်ရန်လိုအပ်နေသည်။ မြန်မာယူ-၁၉ အသင်းသည် နိုင်ငံတကာပြိုင်ပွဲများ ဆက်တိုက်ကစားလာရသောကြောင့် ကစားပုံပိုကောင်းခဲ့ပြီး လေးနိုင်ငံဖိတ်ခေါ် ပြိုင်ပွဲထက် ပိုကောင်းသည့် စွမ်းဆောင်ရည်ကို အင်ဒိုနီးရှားအသင်းနှင့် အဖွင့်ပွဲတွင် ပြသနိုင်ခဲ့သည်။

အုပ်စု(ခ)ဒုတိယနေ့အဖြစ် မြန်မာစံတော်ချိန် ညနေ ၃ နာရီခွဲတွင် မြန်မာနှင့် ဩစတြေးလျ၊ ကမ္ဘောဒီးယားနှင့် လာအို၊ ညနေ ၆ နာရီခွဲတွင် အင်ဒိုနီးရှားနှင့် ထိုင်းအသင်းတို့ ယှဉ်ပြိုင်ကစားမည်ဖြစ်သည်။

**သတင်း-ညီမြတ်သော်တာ**



**ပွဲဦးထွက် နိုင်ပွဲရရှိခဲ့သည့် မြန်မာယူ-၁၉ အသင်း အင်ဒိုနီးရှားဘက်သို့ ဂိုးသွင်းအပြီး အောင်ပွဲခံနေစဉ်။** ဓာတ်ပုံ- MFF

## ၂၀၁၆ ခုနှစ် မြန်မာပြည်တွင်းပတ်လည် ဂေါက်သီးရိုက်ပြိုင်ပွဲ စတုတ္ထပွဲစဉ် ကျင်းပမည်

**တောင်ငူ စက်တင်ဘာ ၁၃**

မြန်မာနိုင်ငံဂေါက်သီးအဖွဲ့ချုပ်နှင့် မြန်မာပီဂျီအေတို့က ကြီးမှူး၍ CB Bank မှ အဓိကကူညီပံ့ပိုးပြီး ၂၀၁၆ခုနှစ် ပြည်တွင်းပတ်လည်ဂေါက်သီးရိုက်ပြိုင်ပွဲ၏ စတုတ္ထပွဲစဉ်ကို ပဲခူးတိုင်းဒေသကြီး တောင်ငူမြို့ Southern Star Golf Club တွင် စက်တင်ဘာ ၂၂ ရက် မှ ၂၅ ရက်ထိ ကျင်းပမည် ဖြစ်သည်။

ပြိုင်ပွဲတွင် Professional အဆင့်နှင့် ဝါသနာရှင်အဆင့် အမျိုးသားပြိုင်ပွဲ (H'cap 0 -12) အမျိုးသမီး (H'cap 0-18)များသာ ယှဉ်ပြိုင်ခွင့်ပြုမည်ဖြစ်ပြီး ပြိုင်ပွဲဝင်ဦးရေ ကန့်သတ်ထားသည်။ အဆိုပါပြိုင်ပွဲကို စိန့်အင်ဒရူး (St. Andrew) ဂေါက်စည်းမျဉ်းများအတိုင်းနှင့် ဒေသန္တရ စည်းမျဉ်းများအတိုင်း ကျင်းပမည်ဖြစ်သည်။

ပြိုင်ပွဲတွင် ပါဝင်ယှဉ်ပြိုင်ကြမည့် ဂေါက်သီးရိုက်အားကစားသမားများသည် စက်တင်ဘာ ၉ ရက်မှ ၁၉ ရက်ထိ မွန်းလွဲ ၂ နာရီ နောက်ဆုံးထား၍ ပြိုင်ပွဲဝင်ကြေး ပညာရှင်အဆင့် တစ်ဦးလျှင် ၃၀၀၀၀ နှင့် ဝါသနာရှင်အဆင့် တစ်ဦးလျှင် ၁၀၀၀၀ ဖြင့် ဖုန်း ၀၉-၄၂၁၁၃၄၁၁၁၊ ၀၉-၄၂၁၀၀၂၂၅၉ တို့ထံ စာရင်းပေးသွင်းနိုင်သည်။

စာရင်းပေးသွင်းထားပြီး ပြိုင်ပွဲဝင်ကြေးပေးသွင်းပြီးသူများသည် စက်တင်ဘာ ၁၉ ရက်၊ ၂၀ ရက်များတွင် ( Official Practice Round) ကစားနိုင်သည်။ အမည်စာရင်းပေးသွင်းပြီး ပြိုင်ပွဲမဝင်နိုင်ပါက စက်တင်ဘာ ၁၉ ရက် မွန်းလွဲ ၂ နာရီမတိုင်ခင် အကြောင်းကြားပေးရန်ဖြစ်သည်။ အကြောင်းကြားခြင်း မပြုနိုင်ပါက နောက်ပြိုင်ပွဲများဝင်ရောက်ယှဉ်ပြိုင်ခွင့်ပြုမည်မဟုတ်ပါ။

အမည်စာရင်းပေးသွင်းပြီး ပြိုင်ပွဲဝင်ကြေး အချိန်မီပေးသွင်းခြင်းမပြုပါက ပြိုင်ပွဲ အတွဲဇယားတွင် ထည့်သွင်းရေးဆွဲမည်မဟုတ်ကြောင်း သိရသည်။

**ဖိုးသော်ဇင်**

## ဘဏ္ဍာရေးဆိုင်ရာလုပ်ငန်းခွင် ရက်တိုသင်တန်းဖွင့်

**မန္တလေး စက်တင်ဘာ ၁၃**

မန္တလေးတိုင်းဒေသကြီး ရဲတပ်ဖွဲ့မှူးရုံး ရဲသူရိန်ခန်းမ၌ စက်တင်ဘာ ၁၂ ရက် နံနက် ၈ နာရီက ဘဏ္ဍာရေးဆိုင်ရာ လုပ်ငန်းခွင်ရက်တိုသင်တန်းဖွင့်ပွဲကျင်းပရာ တိုင်းဒေသကြီး ရဲတပ်ဖွဲ့မှူး ရဲမှူးကြီး ဟန်ထွန်းက သင်တန်းဖွင့် အမှာစကားပြောကြားခဲ့သည်။

သင်တန်းသို့ တိုင်းဒေသကြီးရဲတပ်ဖွဲ့၊ ခရိုင်ရဲတပ်ဖွဲ့မှူးရုံးနှင့် မြို့နယ်ရဲတပ်ဖွဲ့မှူးရုံး၊ မြို့မရဲစခန်းများတွင် တာဝန်ထမ်းဆောင်လျက်ရှိသော တပ်ဖွဲ့ဝင်အရာရှိ၊ အခြားအဆင့်များနှင့် စာရေးဝန်ထမ်း စုစုပေါင်း ၅၀ တက်ရောက်ခဲ့ပြီး သင်တန်းကာလမှာ စက်တင်ဘာ ၁၂ ရက်မှ ၁၅ ရက်အထိ ဖြစ်သည်။

**တင်မောင်(မန်းကိုယ်ပွား)**

### ထစ်ချုန်းမိုး

**နေပြည်တော် စက်တင်ဘာ ၁၃**

နေပြည်တော်နှင့် မန္တလေးမြို့တို့ အနီးတစ်ဝိုက်တွင် ယနေ့ နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။ ရန်ကုန်မြို့နှင့်အနီးတစ်ဝိုက်တွင် ယနေ့ မိုးတစ်ကြိမ် နှစ်ကြိမ် ထစ်ချုန်းရွာမည်။ မြန်မာ့ပင်လယ်ပြင် အခြေအနေမှာ လှိုင်းအသင့်အတင့်ရှိမည်။ **(မိုး/ဇလ)**

**ဘူးသီးတောင်မြို့အမှတ် (၄) ရပ်ကွက် မြို့ဦး ပရိယတ္တိ စာသင်တိုက်ဝင်း အတွင်းရှိ ချုံနွယ်မြက်များအား စက်တင်ဘာ ၁၀ ရက်က မြို့နယ်ရဲတပ်ဖွဲ့ ခေတ္တ မြို့နယ်ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူး အောင်ထွန်းလှ ဦးဆောင်၍ တပ်ဖွဲ့ဝင် ၄၅ ဦးတို့က ခုတ်ထွင်ရှင်းလင်းခြင်း ဆောင်ရွက်စဉ်**

(မြို့နယ် ပြန်/ဆက်)






### စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန
### ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန
### တင်ဒါအဆိုပြုလွှာခေါ်ယူခြင်း

၁။ ၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ်၊ နိုင်ငံတော်ထောက်ပံ့ငွေဖြင့် မန္တလေးတိုင်းဒေသကြီးအတွင်း ညောင်ဦးခရိုင်၊ ညောင်ဦးမြို့နယ် တောင်ဇင်းမြစ်ရေတင် လုပ်ငန်းတွင် အသုံးပြုရန် အောက်ပါစက်ပစ္စည်းများ ဝယ်ယူလိုပါ၍ ပေးသွင်းလိုသူ တိုင်းရင်းသားလုပ်ငန်းရှင်များအား တင်ဒါအဆိုပြုလွှာတင်သွင်းရန် ဖိတ်ခေါ်အပ်ပါသည်-

| စဉ် | အမျိုးအမည် | အရေအတွက် | ပစ္စည်းပေးပို့/တပ်ဆင်ရန်နေရာ |
|---|---|---|---|
| (က) | Submersible Pump with motor (Control Pannel နှင့် ဆက်စပ်ပိုက်ဆက်ပစ္စည်းများ) (Q=360~410m³/hr, H=60m~80m) | (၂)လုံး | နတ်သမီးကမ်းပါးရေစက်ရုံ ညောင်ဦးမြို့ |
| (ခ) | Centrifugal Pump with motor (Control Pannel နှင့် ဆက်စပ်ပိုက်ဆက်ပစ္စည်းများ) (Q=450m³/hrထက်မနည်း, H=10m~15m) | (၁)လုံး | နတ်သမီးကမ်းပါးရေစက်ရုံ ညောင်ဦးမြို့ |
| (ဂ) | Centrifugal Pump with motor (ဆက်စပ်ပိုက်ဆက်ပစ္စည်းများ) (120HPControl Pannel ဖြင့် တွဲဖက်အသုံးပြုရန်) (Q=160m³/hrထက်မနည်း, H=120m ထက်မနည်း) | (၂)လုံး | ငှက်ပစ်တောင်၊ အင်တိုင်း ရေစက်ရုံ ညောင်ဦးမြို့ |
| (ဃ) | Centrifugal Pump with motor (Q=115~135m³/hr, H=70m~90m) (63KVA Transformer ဖြင့် တွဲဖက်အသုံးပြုရန်) | (၁)စုံ | ရှင်မိန်ရေစက်ရုံ ညောင်ဦးမြို့ |

၂။ တင်ဒါလျှောက်လွှာပုံစံစည်းကမ်းချက်နှင့် အသေးစိတ်အချက်အလက်များ သိရှိလိုပါက ရုံးချိန်အတွင်း ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန (ရုံးချုပ်) သို့ ဆက်သွယ်မေးမြန်းနိုင်ပါသည်။

**တင်ဒါလျှောက်လွှာစတင်ရောင်းချမည့်ရက်** - ၁၄-၉-၂၀၁၆ရက်
**တင်ဒါလျှောက်လွှာနောက်ဆုံးတင်သွင်းမည့်ရက်/အချိန်** - ၁၄-၁၀-၂၀၁၆ရက် နံနက် ၉း၃၀ နာရီ
**တင်ဒါဖွင့်လှစ်မည့်ရက်/အချိန်** - ၁၄-၁၀-၂၀၁၆ရက် နံနက် ၁၀း၀၀ နာရီ
**တင်ဒါလျှောက်လွှာတင်သွင်းမည့်နေရာ** - ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန(ရုံးချုပ်)၊ နေပြည်တော်၊ ဖုန်း-၀၆၇-၄၀၉၄၀၇၊ ၀၆၇-၄၀၉၀၂၉

**တင်ဒါစိစစ်ရွေးချယ်ရေးအဖွဲ့၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန**

### ဖခင်အမည်မှန်

မွန်ပြည်နယ်၊ ပေါင်မြို့နယ်၊ အထက(ခွဲ)၊ ဥတ္တမ်တားကျောင်း၊ နဝမတန်း(A) မှ မောင်ဇော်မျိုး၏ ဖခင်အမည်မှန်မှာ ဦးသန်းနိုင်ဦး ၁၀/ပမန(နိုင်)၀၉၅၀၅၉ ဖြစ်ပါသည်။ **ဦးသန်းနိုင်ဦး**

### မိဘအမည်မှန်

နောင်ချိုမြို့နယ်၊ ကံကြီး အထက၊ တက္ကသိုလ်ဝင်တန်းတွင် ပညာသင်ကြားနေသော မသုသုရှင်းသန့်၏ မိဘအမည်မှန်မှာ ဦးအောင်စိုးမိုး-ဒေါ်ခင်ခင်စိုး(ခ) ဒေါ်နိုင်ဇင်အောင် ဖြစ်ပါသည်။

### အမည်မှန်

နောင်ချိုမြို့၊ ဘူတာရပ်ကွက်၊ အကွက်(၃)၊ နယ်မြေ (၁၀)တွင် နေထိုင်သူ ဦးစံဝင်း - ဒေါ်ဇင်မာလတ်တို့၏သား နောင်ချို အထကကျောင်း ပထမတန်း(ခ) တွင် ပညာသင်ကြားနေသော ဘုန်းမြင့်စံ အား မောင်ဖုန်းမြင့်စံဟု ခေါ်ပါရန်။

### အမည်ပြောင်း

ဦးမျိုးမြင့်အောင် ၅/မရန(နိုင်)၀၃၀၁၉၂ ၏သား မုံရွာမြို့၊ အလက(နန္ဒဝန်)၊ တတိယတန်းမှ မောင်ရဲမင်းမြတ်အောင် အား မောင်ရဲထွန်းနိုင်ဟု အမည်ပြောင်းလဲခေါ်ပါရန်။ **မောင်ရဲထွန်းနိုင်**

### ပျောက်ဆုံးကြောင်း

ကျွန်တော် မောင်အောင်မျိုးဝင်း ၁၀/ပမန(နိုင်)၁၅၆၁၃၉ ၏ Passport No မမှတ်မိသည် ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။ **ဖုန်း-၀၉-၈၇၀၁၆၅၀၇၀**

### ဖခင်အမည်မှန်

စစ်ကိုင်းတိုင်းဒေသကြီး၊ ရေဦးမြို့နယ်၊ အထက ထန်းတောဗောဓိ၊ ပဉ္စမတန်း (B)မှ မောင်ဟန်ထွန်းဦးနှင့် KG တန်းမှ မလင်းလတ်ကြယ်စင်တို့၏ ဖခင်အမည်မှန်မှာ ဦးလေးလွင်မြင့် ၅/ရဥန(နိုင်) ၀၅၄၄၉၁ ဖြစ်ပါကြောင်း။ **ဦးလေးလွင်မြင့်**

### ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်တိုင်းဒေသကြီး၊ တာမွေမြို့နယ်၊ ကျောက်မြောင်းကြီးရပ်ကွက်၊ သီတာလမ်း၊ တိုက်အမှတ် ၁၃ ၏ (မြေညီနှင့်ဟောင်ကောင်စတိုင် ပထမထပ်တစ်စုံ)(ခြေရင်းခန်း) အကျယ်အဝန်း(၁၄ ဒသမ ၅ ပေ×၅၅ ပေ)ခန့်ရှိ တိုက်ခန်းနှင့်တကွ ယင်းတိုက်ခန်း၏ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးကို လက်ဝယ်ထားရှိပိုင်ဆိုင်ကာ လွှဲပြောင်းရောင်းချခွင့်ရှိသည်ဟု ဝန်ခံသူထံမှ ကျွန်ုပ်၏မိတ်ဆွေက ဝယ်ယူရန်အတွက် ရောင်းဖိုးငွေ၏ တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ် ပေးချေခဲ့ပြီးဖြစ်ပါသည်။ အဆိုပါတိုက်ခန်းနှင့်ပတ်သက်သော အကျိုးခံစားခွင့်အရပ်ရပ်တို့အပေါ် ပိုင်ရေးဆိုင်ခွင့်ရှိကြောင်း ကန့်ကွက်လိုသူများရှိပါက ပိုင်ဆိုင်မှုစာရွက်စာတမ်းအထောက်အထားမူရင်းများဖြင့် ကျွန်ုပ်ထံသို့ ခုနစ်ရက်အတွင်းလာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း လာရောက်ကန့်ကွက်ခြင်းမရှိခဲ့ပါက အရောင်းအဝယ်အား ဥပဒေနှင့်အညီ ပြီးဆုံးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-

**ဦးမျိုးမြင့်အောင် LL.B** (စဉ်-၂၅၁၆၅)
**ဦးအေးမင်းသူ LL.B** (စဉ်-၂၆၁၉၉)

**ရှီးမဘာဏ်ဥပဒေအကြံပေး၊ အထက်တန်းရှေ့နေများ**
**အမှတ် ၆၀၊ ပထမထပ်၊ မဟာဗန္ဓုလပန်းခြံလမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့၊ ဖုန်း-၀၉-၅၁၄၅၇၆၇၊ ၀၉-၄၂၀၀၂၈၃၆၆**

### ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၃၀ယ/၇၆၆၅၈ Honda Dream 100 ယာဉ်လက်ဝယ်ရှိသူ ဦးမြင့်ဝင်း ၁၀/သထန(နိုင်)၁၃၇၁၀၁ က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး (သထုံ)**

### ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၂၃ယ/၂၄၆၂၈ Honda Wave 110 ယာဉ်လက်ဝယ်ရှိသူ ဦးဝင်းဖေ ၁၀/ဘလန(နိုင်)၀၆၈၀၃၈ က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး (သထုံ)**

### ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၃၀ယ/၄၈၅၅၀ KENBO 110 ယာဉ်လက်ဝယ်ရှိသူ ဦးခင်မောင်အေး ၁၀/သထန(နိုင်)၁၂၇၇၉၈ က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး (သထုံ)**

# မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှု ဥပဒေကြမ်း

**အများပြည်သူ သိရှိလေ့လာအကြံပြုနိုင်ပါရန် ဖော်ပြခြင်းဖြစ်ပါသည်**

*ယမန်နေ့မှအဆက်*

(ဆ) သဘာဝသယံဇာတပစ္စည်းများ ရှာဖွေခြင်းနှင့် ထုတ်လုပ်ခြင်းဆိုင်ရာ အခွင့်အရေးများအပါအဝင် သက်ဆိုင်ရာ ဥပဒေ သို့မဟုတ် ပဋိညာဉ်စာချုပ်အရ ပေးအပ်ထားသည့်လုပ်ငန်းဆိုင်ရာ အခွင့်အရေးများ၊

၄၃။ ရင်းနှီးမြှုပ်နှံမှုဆိုင်ရာ စည်းမျဉ်းစည်းကမ်းများ ကျင့်သုံးခြင်းနှင့် အမျိုးသားရေးမူဝါဒရည်မှန်းချက်များကိုအခြေခံ၍ ကော်မရှင်သည် ရင်းနှီးမြှုပ်နှံမှုမြှင့်တင်မည့် ကဏ္ဍနှင့် ရင်းနှီးမြှုပ်နှံမှုဆောင်ရွက်ရန် ကန့်သတ်သည့် ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းအမျိုးအစားများနှင့်ကဏ္ဍများကို သတ်မှတ်ရမည်။

၄၄။ အောက်ပါရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများကို တားမြစ်သည့် ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများအဖြစ် သတ်မှတ်သည်-

(က) နိုင်ငံတော်အတွင်းသို့ ဘေးအန္တရာယ်ရှိသော သို့မဟုတ် အဆိပ်အတောက်ရှိသော စွန့်ပစ်ပစ္စည်းများ သယ်ဆောင်လာနိုင်သည့် သို့မဟုတ် ပေါ်ပေါက်လာနိုင်သည့် ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများ၊

(ခ) သုတေသနနှင့် ဖွံ့ဖြိုးတိုးတက်မှုရည်ရွယ်ချက်ဖြင့် ပြုလုပ်သော ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများမှအပ ပြည်ပမှ စမ်းသပ်ဆဲဖြစ်သော သို့မဟုတ် အသုံးပြုရန်၊ စိုက်ပျိုးမွေးမြူရန်၊ အတည်ပြုချက်မရရှိသေးသော နည်းပညာများ၊ ဆေးဝါးများ၊ အပင်နှင့်တိရစ္ဆာန်မျိုးစိတ်များ၊ အသုံးအဆောင်များ သယ်ဆောင်လာနိုင်သည့် ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများ၊

(ဂ) နိုင်ငံတော်အတွင်း တိုင်းရင်းသားလူမျိုးများ၏ ရိုးရာယဉ်ကျေးမှုနှင့် ဓလေ့ထုံးစံများကို ထိခိုက်စေသော ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများ၊

(ဃ) ပြည်သူတို့အပေါ် ဘေးအန္တရာယ်ဖြစ်စေနိုင်သော ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများ၊

(င) သဘာဝပတ်ဝန်းကျင်နှင့်ဂေဟစနစ်တို့ကို ထိခိုက်ပျက်စီးစေနိုင်သော ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများ၊

(စ) တည်ဆဲဥပဒေတစ်ရပ်ရပ်အရ တားမြစ်ပိတ်ပင်ထားသော ကုန်ပစ္စည်းများ ထုတ်လုပ်သည့်ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများ။

၄၅။ အောက်ပါရင်းနှီးမြှုပ်နှံမှုလုပ်ငန်းအမျိုးအစားများကို ကန့်သတ်သည့် ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများအဖြစ် သတ်မှတ်သည်-

(က) နိုင်ငံတော်ကသာ ဆောင်ရွက်ခွင့်ရှိသည့် ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများ၊

(ခ) နိုင်ငံခြားရင်းနှီးမြှုပ်နှံသူက ဆောင်ရွက်နိုင်ခွင့်မရှိသည့် ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများ၊

(ဂ) နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုများကို ပြည်တွင်းရှိ နိုင်ငံသားလူပုဂ္ဂိုလ်တစ်ဦးဦးသို့မဟုတ် နိုင်ငံသားပိုင်လုပ်ငန်းတစ်ခုခုနှင့် ပူးပေါင်း၍ ဖက်စပ်ရင်းနှီးမြှုပ်နှံမှုဖြင့်သာ ဆောင်ရွက်နိုင်သည့် ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများ၊

(ဃ) သက်ဆိုင်ရာဝန်ကြီးဌာနများ၏ အတည်ပြုချက်ဖြင့် ဆောင်ရွက်နိုင်သည့် ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများ။

၄၆။ ကော်မရှင်သည် ပုဒ်မ ၄၅ ပါ ကန့်သတ်သည့် ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းအမျိုးအစားများအား အများပြည်သူသိရှိစေရန်အစိုးရအဖွဲ့၏ အတည်ပြုချက်ဖြင့်အမိန့်ကြော်ငြာစာ သတ်မှတ်ကြေညာရမည်။

၄၇။ ကော်မရှင်သည် ပုဒ်မ ၄၅ အရ ကန့်သတ်သည့် ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းအမျိုးအစားများကို အခါအားလျော်စွာ ပြန်လည်သုံးသပ်ပြီးနောက် လျှော့ပေါ့ခြင်း သို့မဟုတ် ပြင်ဆင်ခြင်း သို့မဟုတ် ပယ်ဖျက်ခြင်း ပြုရန်လိုအပ်လာလျှင် အစိုးရအဖွဲ့သို့ တင်ပြအတည်ပြုချက်ရယူ၍ ပြင်ဆင်သတ်မှတ်ကြေညာရမည်။

၄၈။ ကော်မရှင်သည် ပုဒ်မ ၄၇ အရ ပြန်လည်သုံးသပ်ရာတွင် အစိုးရအဖွဲ့က ပြုလုပ်ထားသော နိုင်ငံတကာကုန်သွယ်ရေးနှင့် ရင်းနှီးမြှုပ်နှံမှုဆိုင်ရာ ကတိကဝတ်များနှင့် သွေဖည်မှုမရှိစေရန် အလေးထား၍ ပုဂ္ဂလိကကဏ္ဍ၊ အစိုးရဌာန၊ အစိုးရအဖွဲ့အစည်းများမှ တာဝန်ရှိပုဂ္ဂိုလ်များနှင့် ဆွေးနွေးညှိနှိုင်းတိုင်ပင်နိုင်သည်။

၄၉။ ကော်မရှင်သည် နိုင်ငံတော်နှင့် နိုင်ငံသားတို့၏ လုံခြုံရေးအခြေအနေ၊ စီးပွားရေးအခြေအနေ၊ သဘာဝပတ်ဝန်းကျင်အခြေအနေနှင့် လူမှုအကျိုးစီးပွားကို ကြီးမားစွာ အကျိုးသက်ရောက်မှု ဖြစ်စေနိုင်သော ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းကြီးများကို ခွင့်ပြုမိန့်ထုတ်ပေးရန်ဆောင်ရွက်သည့်အခါ အစိုးရအဖွဲ့မှတစ်ဆင့် ပြည်ထောင်စုလွှတ်တော်သို့ တင်ပြအတည်ပြုချက်ရယူရမည်။

## အခန်း (၁၁)
## ရင်းနှီးမြှုပ်နှံသူများအား ဆက်ဆံဆောင်ရွက်ခြင်း

၅၀။ အစိုးရအဖွဲ့သည် ရင်းနှီးမြှုပ်နှံသူများအပေါ် ဆက်ဆံဆောင်ရွက်ရာတွင်-

(က) ဥပဒေ၊ နည်းဥပဒေနှင့် အမိန့်ကြော်ငြာစာတို့တွင် တစ်နည်းနည်းဖြင့် သတ်မှတ်ပြဋ္ဌာန်းထားခြင်းမှတစ်ပါး ဤဥပဒေ၏ သတ်မှတ်ပြဋ္ဌာန်းချက်များနှင့်အညီ နိုင်ငံခြားရင်းနှီးမြှုပ်နှံသူများနှင့် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုများကို လုပ်ငန်းတိုးချဲ့ခြင်း၊ စီမံခန့်ခွဲခြင်း၊ လုပ်ငန်းလည်ပတ်ခြင်းနှင့် ရောင်းချခြင်း သို့မဟုတ် တိုက်ရိုက်ရင်းနှီးမြှုပ်နှံမှုဆိုင်ရာ အခြားအစီအစဉ်များနှင့်စပ်လျဉ်း၍ မြန်မာနိုင်ငံသား ရင်းနှီးမြှုပ်နှံသူများအပေါ် ပေးအပ်ထားသည့် ဆက်ဆံဆောင်ရွက်မှုများထက် လျော့နည်းမှုမရှိစေရ၊

(ခ) တူညီသောအခြေအနေမျိုးတွင် နိုင်ငံတစ်ခုမှ နိုင်ငံခြားရင်းနှီးမြှုပ်နှံသူများ၊ ၎င်းတို့၏ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုများနှင့် သက်ဆိုင်သည့် လုပ်ငန်းဖွဲ့စည်းတည်ထောင်ခြင်း၊ လုပ်ငန်းရယူခြင်း၊ လုပ်ငန်းတိုးချဲ့ခြင်း၊ စီမံခန့်ခွဲခြင်း၊ လုပ်ငန်းလည်ပတ်ခြင်းနှင့်ရောင်းချခြင်း သို့မဟုတ် တိုက်ရိုက်ရင်းနှီးမြှုပ်နှံမှုဆိုင်ရာ အခြားအစီအစဉ်များအပေါ် အခြားနိုင်ငံတစ်ခုခုမှ နိုင်ငံခြားရင်းနှီးမြှုပ်နှံသူများနှင့် ၎င်းတို့၏ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုများအပေါ် ပေးအပ်ထားသည့် ဆက်ဆံဆောင်ရွက်မှုထက် လျော့နည်းခြင်းမရှိစေရ၊

(ဂ) ပုဒ်မခွဲ(ခ)ပါ ပြဋ္ဌာန်းချက်သည် နိုင်ငံခြားရင်းနှီးမြှုပ်နှံသူများအား အောက်ပါကိစ္စရပ်များအလို့ငှာ ပေးအပ်နိုင်သော ခံစားခွင့်များ၊ ဦးစားပေးခြင်းများ သို့မဟုတ် အထူးအခွင့်အရေးပေးခြင်းတို့အတွက် လိုက်နာရန် တာဝန်ရှိသည်ဟု မမှတ်ယူစေရ-

(၁) အကောက်ခွန်ယူနီယံ (Customs Union)၊ လွတ်လပ်သော ကုန်သွယ်ရေးဇုန်၊ စီးပွားရေးယူနီယံနှင့်နိုင်ငံတကာ သဘောတူညီမှုများအရ ဖြစ်ပေါ်လာသောအကောက်ခွန်ယူနီယံ (Customs Union)၊ လွတ်လပ်သောကုန်သွယ်ရေးဇုန်နှင့် စီးပွားရေးယူနီယံ၊

(၂) နိုင်ငံတကာသဘောတူညီချက်များ၊ နှစ်နိုင်ငံ သို့မဟုတ် ဒေသတွင်း သို့မဟုတ် နိုင်ငံတကာသဘောတူစာချုပ်များနှင့် အကျုံးဝင်သော ရင်းနှီးမြှုပ်နှံသူများနှင့် ၎င်းတို့၏ရင်းနှီးမြှုပ်နှံမှုများကို ပေးအပ်သည့် ပိုမိုသာလွန်သော ဆက်ဆံဆောင်ရွက်မှုများ၊ ဒေသတွင်း နိုင်ငံများအကြား ချုပ်ဆိုသည့် သဘောတူစာချုပ်များ သို့မဟုတ် အစီအစဉ်များ၊ အခြားနိုင်ငံများနှင့်ချုပ်ဆိုသည့် သဘောတူစာချုပ်များ သို့မဟုတ် အစီအစဉ်များနှင့် အကျုံးဝင်သော ရင်းနှီးမြှုပ်နှံသူများနှင့် ၎င်းတို့၏ ရင်းနှီးမြှုပ်နှံမှုများကို ပေးအပ်သည့် ပိုမိုသာလွန်သော ဆက်ဆံဆောင်ရွက်မှုများ သို့မဟုတ် အခွန်အကောက်ဆိုင်ရာ ကိစ္စရပ်များနှင့် အားလုံးဖြစ်စေ၊ တစ်စိတ်တစ်ပိုင်းဖြစ်စေ ပါဝင်ပတ်သက်နေသော အစီအစဉ်များ။

၅၁။ အစိုးရအဖွဲ့သည် ရင်းနှီးမြှုပ်နှံသူများကို အောက်ဖော်ပြပါ ကိစ္စရပ်များနှင့် စပ်လျဉ်း၍ သာတူညီမျှ ဆက်ဆံဆောင်ရွက်မှုပြုရန် အာမခံသည်-

(က) ရင်းနှီးမြှုပ်နှံသူများနှင့် ၎င်းတို့၏တိုက်ရိုက်ရင်းနှီးမြှုပ်နှံမှုများကို ကြီးမားစွာ ထိခိုက်နစ်နာစေသည့် ဆုံးဖြတ်ချက် သို့မဟုတ် ဆောင်ရွက်ချက်များနှင့်သက်ဆိုင်သည့် သတင်းအချက်အလက်များ ရပိုင်ခွင့်၊

(ခ) ရင်းနှီးမြှုပ်နှံသူများနှင့် ၎င်းတို့၏ တိုက်ရိုက်ရင်းနှီးမြှုပ်နှံမှုများကို အစိုးရအဖွဲ့မှ ခွင့်ပြုထားသည့်လိုင်စင် သို့မဟုတ် ခွင့်ပြုမိန့်၊ အတည်ပြုမိန့်ပါ စည်းကမ်းသတ်မှတ်ချက်များကို ပြောင်းလဲခြင်းအပါအဝင် အခြားသော အလားတူလုပ်ဆောင်မှုများနှင့်စပ်လျဉ်း၍ တရားဥပဒေနှင့်အညီ ဆောင်ရွက်ခွင့်နှင့် အယူခံခွင့်။

၅၂။ ဤအခန်းပါပြဋ္ဌာန်းချက်များသည် ပုဒ်မ ၇၉ ပါ ပြဋ္ဌာန်းချက်များကို ထိခိုက်ခြင်း မရှိစေရ။

## အခန်း(၁၂)
## မြေအသုံးပြုခွင့်

၅၃။ (က) ဤဥပဒေအရ ခွင့်ပြုမိန့်ရရှိထားသော သို့မဟုတ် အတည်ပြုမိန့်ရရှိထားသော ရင်းနှီးမြှုပ်နှံသူသည် ပုဂ္ဂလိကမြေ သို့မဟုတ် အဆောက်အအုံပိုင်ရှင်ထံမှလည်းကောင်း သို့မဟုတ် နိုင်ငံတော်ပိုင်မြေ သို့မဟုတ် အဆောက်အအုံဖြစ်ပါက သက်ဆိုင်ရာအစိုးရဌာန၊ အစိုးရအဖွဲ့အစည်းများထံမှလည်းကောင်း ရင်းနှီးမြှုပ်နှံမှုပြုလုပ်ရန်အလို့ငှာ သတ်မှတ်ချက်များနှင့်အညီ နှစ်ရှည်မြေ သို့မဟုတ် အဆောက်အအုံငှားရမ်းခွင့်ရှိသည်။ နိုင်ငံသားရင်းနှီးမြှုပ်နှံသူသည်မိမိပိုင်မြေ သို့မဟုတ် အဆောက်အအုံတွင် တည်ဆဲဥပဒေများနှင့်အညီ ရင်းနှီးမြှုပ်နှံနိုင်သည်။

(ခ) နိုင်ငံခြားရင်းနှီးမြှုပ်နှံသူသည် ပြည်ထောင်စုအစိုးရ သို့မဟုတ် အစိုးရအဖွဲ့အစည်းများထံမှဖြစ်စေ၊ ပုဂ္ဂလိကမြေ သို့မဟုတ် အဆောက်အအုံပိုင်ရှင်ထံမှဖြစ်စေ ကော်မရှင်ခွင့်ပြုမိန့် သို့မဟုတ် အတည်ပြုမိန့်ရရှိသည့်နေ့မှစ၍ ကနဦးနှစ်(၅၀)အထိ သတ်မှတ်ချက်နှင့်အညီ မြေ သို့မဟုတ် အဆောက်အအုံငှားရမ်းနိုင်သည်။

(ဂ) အထက်ဖော်ပြပါပုဒ်မခွဲ (ခ) အရ ခွင့်ပြုထားသောမြေ သို့မဟုတ် အဆောက်အအုံငှားရမ်းကာလ သို့မဟုတ် မြေ သို့မဟုတ် အဆောက်အအုံအသုံးပြုခွင့်ကာလ သက်တမ်းကုန်ဆုံးပြီးနောက် ကော်မရှင်၏ ခွင့်ပြုချက်ဖြင့် တစ်ဆက်တည်း သက်တမ်းတိုးခွင့် ၁၀ နှစ်နှင့် ယင်းသက်တမ်းကုန်ဆုံးပြီး ထပ်မံ၍ ၁၀ နှစ်သက်တမ်းတိုးမြှင့်နိုင်သည်။

(ဃ) ရင်းနှီးမြှုပ်နှံသူသည် မြေငှားရမ်းခြင်းစာချုပ်အား စာချုပ်စာတမ်း မှတ်ပုံတင်ခြင်းအက်ဥပဒေနှင့်အညီ စာချုပ်စာတမ်းမှတ်ပုံတင်ရုံးတွင် မှတ်ပုံတင်ရမည်။

(င) ပြည်ထောင်စုအစိုးရသည် မြေအသုံးချမှု သို့မဟုတ် မြေငှားရမ်းမှုများအတွက် မြန်မာနိုင်ငံသားရင်းနှီးမြှုပ်နှံသူများအား ပိုမိုကောင်းမွန်သော သတ်မှတ်ချက်များနှင့် အခွင့်အရေးများကို ခွင့်ပြုပေးနိုင်သည်။

(စ) ကော်မရှင်သည် နိုင်ငံတော်တစ်ဝန်းလုံးတွင် ဖွံ့ဖြိုးတိုးတက်စေရန် အလို့ငှာ စီးပွားရေးဖွံ့ဖြိုးမှုနည်းပါးပြီး ဆက်သွယ်သွားလာရေးခက်ခဲသော ဒေသများတွင် ရင်းနှီးမြှုပ်နှံသူများအတွက် ဤဥပဒေပါမြေ သို့မဟုတ် အဆောက်အအုံငှားရမ်းခွင့်ကာလ သို့မဟုတ် မြေ သို့မဟုတ် အဆောက်အအုံအသုံးပြုခွင့်ကာလထက် ပိုမို၍ခံစားခွင့်ပြုနိုင်သည်။

## အခန်း(၁၃)
## အမှုထမ်းများနှင့်အလုပ်သမားများ ခန့်ထားခြင်း

၅၄။ ရင်းနှီးမြှုပ်နှံသူသည် -

(က) နိုင်ငံတော်အတွင်း ၎င်း၏ရင်းနှီးမြှုပ်နှံမှုတွင် သတ်မှတ်အရည်အချင်းနှင့်ကိုက်ညီသည့် မည်သည့်နိုင်ငံသားကိုမဆို အကြီးတန်းစီမံခန့်ခွဲမှု၊ နည်းပညာ၊ လုပ်ငန်းကျွမ်းကျင်သူနှင့် အကြံပေးအဖြစ် တည်ဆဲဥပဒေများနှင့်အညီ ခန့်အပ်နိုင်သည်၊

(ခ) အကြီးတန်းစီမံခန့်ခွဲမှု၊ နည်းပညာ၊ လုပ်ငန်းကျွမ်းကျင်သူနှင့် အကြံပေးနေရာတို့တွင် နိုင်ငံသားများအား ခန့်အပ်နိုင်ရန်အလို့ငှာ စွမ်းဆောင်ရည်မြှင့်တင်ရေးအစီအစဉ်များ ဆောင်ရွက်ပေးရမည်၊

(ဂ) ကျွမ်းကျင်မှုမလိုသော လုပ်ငန်းများတွင် နိုင်ငံသားများကိုသာ ခန့်ထားရမည်၊

(ဃ) နိုင်ငံခြားသားနှင့် နိုင်ငံသားကျွမ်းကျင်သူ အလုပ်သမားများ၊ အတတ်ပညာရှင်များနှင့် ဝန်ထမ်းများခန့်ထားရာတွင် အလုပ်သမားဆိုင်ရာဥပဒေ၊ နည်းဥပဒေများနှင့်အညီ အလုပ်ခန့်ထားမှုဆိုင်ရာ သဘောတူညီချက်စာချုပ်ကို အလုပ်ရှင်နှင့် အလုပ်သမားတို့နှစ်ဦးနှစ်ဖက်လက်မှတ်ရေးထိုး၍ ခန့်ထားရမည်၊

(င) အလုပ်ခန့်ထားမှုဆိုင်ရာ သဘောတူညီချက်စာချုပ်ပါ အလုပ်ရှင်နှင့် အလုပ်သမားတို့၏ အခွင့်အရေးနှင့်တာဝန်များကိုလည်းကောင်း၊ အလုပ်အကိုင်ဆိုင်ရာ စည်းကမ်းချက်များကိုလည်းကောင်း သတ်မှတ်ရာ၌ အနည်းဆုံးလုပ်ခလစာ၊ ခွင့်ရက်၊ အလုပ်ပိတ်ရက်၊ အချိန်ပိုလုပ်ခ၊ နစ်နာကြေး၊ အလုပ်သမားလျော်ကြေး၊ လူမှုဖူလုံရေးနှင့် အလုပ်သမားများနှင့်သက်ဆိုင်သည့် အခြားအာမခံထားရှိခြင်းတို့ အပါအဝင် အလုပ်သမားဆိုင်ရာ ဥပဒေ၊ နည်းဥပဒေများပါ အခွင့်အရေးများရရှိရေးအတွက် ဆောင်ရွက်ပေးရမည်၊

(စ) ရင်းနှီးမြှုပ်နှံမှုတွင် အလုပ်ရှင်အချင်းချင်း၊ အလုပ်သမားအချင်းချင်း၊ အလုပ်ရှင်နှင့်အလုပ်သမား၊ အလုပ်သမားနှင့် အတတ်ပညာရှင် သို့မဟုတ် ဝန်ထမ်းတို့အကြား ပေါ်ပေါက်လာသည့် အငြင်းပွားမှုများကို တည်ဆဲဥပဒေများနှင့်အညီ ဖြေရှင်းရမည်။

## အခန်း(၁၄)
## အစိုးရက ရင်းနှီးမြှုပ်နှံမှုကိုသိမ်းယူခြင်း

၅၅။ အစိုးရအဖွဲ့သည် အောက်ပါအခြေအနေများနှင့်အညီ ဆောင်ရွက်ခြင်းမှအပ ရင်းနှီးမြှုပ်နှံမှုကို သိမ်းယူခြင်း သို့မဟုတ် နိုင်ငံပိုင်ပြုလုပ်ခြင်းကိုဖြစ်စေ၊ သွယ်ဝိုက်သိမ်းယူခြင်းကိုဖြစ်စေ၊ ရပ်ဆိုင်းစေခြင်း သဘောသက်ရောက်သော ဆောင်ရွက်မှုများကိုဖြစ်စေ မပြုလုပ်ဟုအာမခံသည်-

(က) အများပြည်သူအကျိုးအတွက် လိုအပ်ချက်တစ်ရပ်ရပ်ရှိခြင်း၊

(ခ) ခွဲခြားဆက်ဆံမှုမရှိဘဲ ဆောင်ရွက်ခြင်း၊

(ဂ) တည်ဆဲဥပဒေများနှင့်အညီဆောင်ရွက်ခြင်းနှင့်

(ဃ) သိမ်းယူသည့်အခြေပစ္စည်းအား မျှတ၍ ပြည့်စုံလုံလောက်သော လျော်ကြေးကို မြန်ဆန်စွာပေးချေခြင်း။

၅၆။ မျှတ၍ပြည့်စုံလုံလောက်မှုရှိသော လျော်ကြေးသတ်မှတ်ရာတွင် လျော်ကြေးပမာဏသည် သိမ်းဆည်းသည့်ရင်းနှီးမြှုပ်နှံမှု၏ ဈေးကွက်တန်ဖိုးနှင့် ညီမျှရမည်ဖြစ်ပြီး သိမ်းဆည်းသည့်ကာလ၌ ဖြစ်ပေါ်နေသည့် ဈေးကွက်တန်ဖိုးဖြင့် သတ်မှတ်ရမည်။ သို့ရာတွင် ၎င်းလျော်ကြေးပမာဏအား သတ်မှတ်ရာတွင် အများပြည်သူအကျိုးနှင့် ရင်းနှီးမြှုပ်နှံသူ၏အကျိုးစီးပွားအကြား မျှတသော အခြေအနေအပေါ် အခြေခံရမည်ဖြစ်ပြီး ရင်းနှီးမြှုပ်နှံမှု၏လက်ရှိနှင့် ယခင်အနေအထား၊ ရင်းနှီးမြှုပ်နှံမှုလုပ်ငန်း သို့မဟုတ် ပစ္စည်းသိမ်းယူရခြင်း၏ အကြောင်းအရင်း၊ ရင်းနှီးမြှုပ်နှံမှု၏မျှတသော ဈေးကွက်တန်ဖိုး၊ ရင်းနှီးမြှုပ်နှံမှုလုပ်ငန်း သို့မဟုတ် ပစ္စည်းသိမ်းယူရခြင်း၏ရည်ရွယ်ချက်၊ ရင်းနှီးမြှုပ်နှံသူမှရင်းနှီးမြှုပ်နှံမှုပြုလုပ်ထားသည့်ကာလတစ်လျှောက် ရရှိခဲ့သည့်အမြတ်ငွေများနှင့် ရင်းနှီးမြှုပ်နှံမှုသက်တမ်းတို့ကိုပါ ထည့်သွင်းစဉ်းစားရမည်။

၅၇။ ဤဥပဒေ၏ အခန်း (၂၀) နှင့်အခန်း (၂၂) ပါ ပြဋ္ဌာန်းချက်များ အပါအဝင် အစိုးရအဖွဲ့၏ စီရင်ပိုင်ခွင့်အရ ဆောင်ရွက်သည့် စီးပွားရေးဆိုင်ရာ ထိန်းညှိရန် ရည်ရွယ်ချက်အတွက် သို့မဟုတ် လူမှုအကျိုးစီးပွား အထောက်အကူပြုစေရေး ရည်ရွယ်ချက်များအတွက် လုပ်ဆောင်သည့် ခွဲခြားမှုမရှိသည့်ဆောင်ရွက်ချက်များသည် ဤအခန်း၏ ပြဋ္ဌာန်းချက်များနှင့် အကျုံးဝင်သက်ဆိုင်ခြင်းမရှိစေရ။

၅၈။ ပုဒ်မ ၅၅ ကို လိုက်နာကျင့်သုံးရာတွင် လုပ်ကိုင်ဆောင်ရွက်မှုများသည် အဆိုပါပုဒ်မပါ ပြဋ္ဌာန်းချက်များနှင့် ကိုက်ညီမှုမရှိကြောင်းနှင့် သွယ်ဝိုက်၍ ရင်းနှီးမြှုပ်နှံမှုသိမ်းယူခြင်းဖြစ်ကြောင်း ရင်းနှီးမြှုပ်နှံသူက တင်ပြလာလျှင် အစိုးရအဖွဲ့သည် အောက်ဖော်ပြပါအချက်အလက်များကို ထည့်သွင်းစဉ်းစား၍ ကိစ္စရပ်တစ်ခုချင်းအလိုက် စုံစမ်းစစ်ဆေးမှုပြုခြင်း၊ အချက်အလက်ကို စိစစ်ခြင်းတို့ကို ဆောင်ရွက်ရမည်-

(က) ရင်းနှီးမြှုပ်နှံမှု၏ စီးပွားရေးတန်ဖိုးကို ကြီးမားပြင်းထန်စွာထိခိုက်နစ်နာစေရန် တမင်ဖန်တီးရည်ရွယ်ဆောင်ရွက်ခြင်း ရှိ၊ မရှိ၊

(ခ) အစိုးရမှ ရင်းနှီးမြှုပ်နှံသူသို့ ယခင်စာဖြင့် ရေးသားထားသည့် ကတိကဝတ်များ၊ သဘောတူစာချုပ်၊ လိုင်စင် သို့မဟုတ် အခြား တရားဝင်စာရွက်စာတမ်းများကို ချိုးဖောက်မှု ရှိ၊ မရှိ၊

(ဂ) အထက်ပုဒ်မ ၅၅ (က) တွင် ဖော်ပြထားသည့် အစိုးရအဖွဲ့၏ရည်ရွယ်ချက် အပါအဝင်၎င်း၏လုပ်ဆောင်ချက်များသည် အများပြည်သူအကျိုးစီးပွားနှင့်ကိုက်ညီမှု ရှိ၊ မရှိ။

## အခန်း(၁၅)
## ဘဏ္ဍာငွေများလွှဲပြောင်းခြင်း

၅၉။ နိုင်ငံခြားရင်းနှီးမြှုပ်နှံသူများသည် ဤဥပဒေအရ ဆောင်ရွက်သည့် ရင်းနှီးမြှုပ်နှံမှုနှင့် ဆက်နွယ်လျက်ရှိသည့် အောက်ပါဘဏ္ဍာငွေများကို ပြည်ပသို့ လွှဲပြောင်းနိုင်သည် -

(က) မြန်မာနိုင်ငံတော်ဗဟိုဘဏ်မှ ချမှတ်ထားသည့် မတည်ရင်းနှီးငွေစာရင်းဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ သတ်မှတ်ထားသည့် မတည်ရင်းနှီးငွေများ၊

*(ဆက်လက်ဖော်ပြပါမည်)*

# အသစ်ဖော်ထုတ်သည့်လယ်ယာမြေများတွင် စံပြကွက်စိုက်ပျိုးပြသရန် ဆောင်ရွက်လျက်ရှိ

**ဂန့်ဂေါ စက်တင်ဘာ ၁၃**
ဂန့်ဂေါမြို့နယ်အတွင်း အသစ်ဖော်ထုတ်ထားသော လယ်ယာမြေများတွင် စိုက်ပျိုးနည်းပညာ စံပြကွက်အဖြစ် မြေပဲနှင့် စပ်မျိုးနေကြာသီးညှပ်စံပြကွက် ငါးဧကကို စိုက်ပျိုးပြသရန် ဂန့်ဂေါမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနက စီစဉ်ဆောင်ရွက်လျက်ရှိပြီး မြေဆီလွှာတိုးတက်ကောင်းမွန်ရေးလုပ်ငန်းအဖြစ် နွားချေးမြေဆွေး၊ သဲ၊ နုန်းနှင့် သဘာဝမြေသြဇာထည့်သွင်းခြင်း၊ မြေညှိပြုပြင်ခြင်း စသည့်လုပ်ငန်းများကို ဆောင်ရွက်နေကြောင်း သိရသည်။

ဂန့်ဂေါမြို့နယ်တွင် မြစ်သာရေလှောင်တမံဘက်စုံစီမံကိန်းကို တည်ဆောက်ခြင်းကြောင့် အဆိုပါရေလှောင်တမံ ရေဝပ်ဧရိယာအတွင်း ပါဝင်သွားခဲ့သည့် လယ်ယာမြေ ၁၅၈၀ ဧကအတွက် လယ်ယာမြေပိုင်ရှင်များအား မြေယာလျော်ကြေးနှင့် သီးနှံလျော်ကြေးငွေများ ပေးအပ်ထောက်ပံ့သည့်အပြင် ရေဝပ်ဧရိယာအတွင်းပါသွားသည့် လယ်ယာမြေများအစား လယ်ယာမြေအသစ်များ ဖော်ထုတ်ပေးလျက်ရှိရာ လယ် ၄၁၀ ဧကခန့်နှင့် ယာ ၈၂၃ ဧကတို့ကို ဖော်ထုတ်ပေးထားပြီးဖြစ်ကြောင်း သိရသည်။

အဆိုပါ လယ်ယာမြေသစ်များတွင် မြေဆီလွှာအဆင့်အတန်းတိုးတက်အောင် ဆောင်ရွက်ရန်အတွက် စိုက်ပျိုးရေးဦးစီးဌာန(ရုံးချုပ်)မှ မြေဆီလွှာပညာရှင် ဦးတင်အောင်ရှိန်နှင့်အဖွဲ့က ဇူလိုင်လအတွင်းက လာရောက်ခဲ့ကာ မြစ်သာတမံစီမံကိန်းဧရိယာဒေသနေ ကျေးရွာများမှ တောင်သူများနှင့်တွေ့ဆုံပြီး မြေဆီလွှာပြုပြင်ရေးနည်းပညာနှင့် သဘာဝမြေသြဇာ ပြုလုပ်သုံးစွဲနည်းများ၊ လိုက်နာဆောင်ရွက်ရမည့် နည်းပညာများတို့ကိုလည်း စာတွေ့လက်တွေ့ ဆွေးနွေးပြသခဲ့ပြီးဖြစ်ကြောင်း သိရသည်။

မကြာမီကာလ၌ အဆိုပါ လယ်ယာမြေသစ်များတွင် သီးနှံများ စိုက်ပျိုးကြမည်ဖြစ်ရာ ဘက်စုံရေလှောင်တမံ စီမံကိန်းဒေသတွင် စိုက်ပျိုးရေးလုပ်ငန်းများ ပြန်လည်ဖွံ့ဖြိုးတိုးတက်လာစေရေးအတွက် စိုက်ပျိုးရေးဦးစီးဌာနနှင့် ဒေသခံတောင်သူများ ပူးပေါင်းဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။ **(ခရိုင် ပြန်/ဆက်)**

# မြောင်းမြခရိုင်အတွင်း လူမှုရေးအဖွဲ့များသို့ လူမှုဝန်ထမ်းဦးစီးဌာနမှ ထောက်ပံ့ငွေများပေးအပ်

**မြောင်းမြ စက်တင်ဘာ ၁၃**
ဧရာဝတီတိုင်းဒေသကြီး မြောင်းမြခရိုင်အတွင်းမှ လူမှု ဝန်ထမ်းဦးစီးဌာနအသိအမှတ်ပြု ကိုယ့်အားကိုယ်ကိုး မူလတန်းကြိုကျောင်းများ၊ ပရဟိတဂေဟာများနှင့် ဘိုးဘွားရိပ်သာများသို့ ၂၀၁၆- ၂၀၁၇ ဘဏ္ဍာရေးနှစ်အတွက် ထောက်ပံ့ငွေပေးအပ်ပွဲကို မြောင်းမြမြို့ရှိ ခရိုင်လူမှုဝန်ထမ်းဦးစီးဌာနရုံးခန်းမ၌ စက်တင်ဘာ ၈ ရက်က ကျင်းပခဲ့သည်။

ထောက်ပံ့ငွေပေးအပ်ပွဲတွင် မြောင်းမြခရိုင်လူမှုဝန်ထမ်းဦးစီးဌာနမှ လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်သီတာအောင်က ထောက်ပံ့ငွေပေးအပ်ရခြင်းအကြောင်း ရှင်းလင်းပြောကြားပြီး မြောင်းမြ၊ အိမ်မဲနှင့် ဝါးခယ်မမြို့နယ်များမှ ဘိုးဘွားရိပ်သာ၊ ပရဟိတဂေဟာနှင့် ကိုယ့်အားကိုယ်ကိုး မူလတန်းကြိုကျောင်းများသို့ ထောက်ပံ့ငွေများ ပေးအပ်ခဲ့သည်။ မြောင်းမြခရိုင် လူမှုဝန်ထမ်းဦးစီးဌာနအနေဖြင့် ယခုဘဏ္ဍာရေးနှစ်အတွက် စေတနာ့ဝန်ထမ်းအဖွဲ့အစည်းများသို့ ထောက်ပံ့ငွေပေါင်းမှာ ကျပ် ၂၄၈၈၄၀၀၀ ဖြစ်ကြောင်း သိရသည်။ **အောင်မင်း(ပြန်/ဆက်)**

# မြစ်ကြီးနားမြို့ ပညာရေးနှင့်လေ့ကျင့်ရေးသင်တန်းကျောင်းများရှိ ကျောင်းသား ကျောင်းသူများအား အာဟာရဒါနကျွေးမွေး

**မြစ်ကြီးနား စက်တင်ဘာ ၁၃**
ကချင်ပြည်နယ် မြစ်ကြီးနားမြို့ရှိ နယ်စပ်ရေးရာဝန်ကြီးဌာနက ဖွင့်လှစ်ထားသော ပညာရေးနှင့် လေ့ကျင့်ရေးသင်တန်းကျောင်း အမျိုးသား၊ အမျိုးသမီးကျောင်းများမှ ကျောင်းသား ကျောင်းသူများအား မြစ်ကြီးနားမြို့ အဖြူရောင် နှလုံးသားပိုင်ရှင်များ (Golden Land )ပရဟိတအဖွဲ့က စက်တင်ဘာ ၁၁ ရက်တွင် အာဟာရဒါနကုသိုလ်ပြုခဲ့ကြောင်း သိရသည်။

"ဒီကျောင်းတွေမှာရှိတဲ့ကျောင်းသား ကျောင်းသူလေးတွေဟာ မိဘမဲ့ကလေးတွေနဲ့ ဆင်းရဲနွမ်းပါးတဲ့ ကလေးငယ်လေးတွေဖြစ်ပါတယ်။ သူတို့တိုင်းရင်းသား လူငယ်လေးတွေရဲ့ဘဝတွေကို လူသားချင်းစာနာမိတာရယ်၊ နောက်ပြီး သူတို့ရဲ့ဘဝလေးတွေ တိုးတက်စေချင်တာရယ်ကြောင့် အခုလို အာဟာရဒါန လာရောက်လှူဒါန်းတာ ဖြစ်ပါတယ်။ ရှေ့ဆက်ပြီးလည်း လာရောက်လှူဒါန်းသွားမှာပါ"ဟု အဖြူရောင်နှလုံးသားပိုင်ရှင်များ ပရဟိတအသင်းဥက္ကဋ္ဌ ဦးဇော်ဝင်းအောင်က ပြောသည်။



အဖြူရောင် နှလုံးသားပိုင်ရှင်များ ပရဟိတအဖွဲ့သည် ပညာရေးနှင့် လေ့ကျင့်ရေးသင်တန်းကျောင်း အမျိုးသား၊ အမျိုးသမီးကျောင်းများမှ ကျောင်းသား ကျောင်းသူများနှင့် ဆရာ ဆရာမ စုစုပေါင်း ၃၁၃ ဦးကို နေ့လယ်စာအဖြစ် ထမင်း၊ အာဟာရနှင့် ဖျော်ရည်များ တိုက်ကျွေးခဲ့ကြောင်း သိရသည်။

အဆိုပါ သင်တန်းကျောင်းသည် မိဘမဲ့ကလေးများနှင့် ဆင်းရဲနွမ်းပါးသော တိုင်းရင်းသားလူငယ်များ၏ ဘဝအနာဂတ်များ တိုးတက်မြင့်မားလာစေရန်အတွက် နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူငယ်များဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက အဓိကရည်ရွယ် ဖွင့်လှစ်ပေးထားခြင်းဖြစ်ပြီး ကျောင်းသား ကျောင်းသူများအား ဘွဲ့ရပြီး အလုပ်အကိုင်အခွင့်အလမ်းများရသည်အထိ ဖြည့်ဆည်းဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

**သတင်း-မောင်လွင်**
**ဓာတ်ပုံ- ကိုဇော်ကြီး**

# ရာသီပေါ်သီးနှံများ ဈေးကောင်းရရန် တောင်သူများမျှော်လင့်

**မလှိုင် စက်တင်ဘာ ၁၃**
မလှိုင်မြို့နယ်အတွင်းရှိ ဒေသခံတောင်သူများ မိုးဦးကာလက စိုက်ပျိုးခဲ့သောသီးနှံများ ပေါ်စအချိန်က ဈေးကောင်းခဲ့သော်လည်း ယခု သီးနှံလှိုင်လှိုင်ထွက်ရှိနေချိန်တွင် ဈေးနှုန်းမကောင်းတော့သဖြင့် ဈေးကောင်းရရန် တောင်သူများမျှော်လင့်နေကြကြောင်း သိရသည်။

မိုးဦးကစိုက်ပျိုးခဲ့သော သီးနှံများဖြစ်သည့် နှမ်း၊ ပဲတီစိမ်းနှင့် ပဲနောက်များ လှိုင်လှိုင်ပေါ်နေပြီဖြစ်သော်လည်း ဈေးကောင်းမရဖြစ်နေကြောင်း၊ နှမ်းစတင်ထွက်ရှိချိန်တွင် တစ်တင်းလျှင် ကျပ် ၂၄၀၀၀ မှ ၂၄၅၀၀ ခန့်အထိရှိပြီး ပဲတီစိမ်းနှင့် ပဲနောက် တစ်တင်းလျှင် ၁၇၅၀၀၀ ကျပ်နှုန်း ရောင်းရသော်လည်း သီးနှံများလှိုင်လှိုင်ထွက်ရှိချိန်တွင် နှမ်းတစ်တင်း ၂၀၀၀၀ မှ ၂၁၀၀၀ ကျပ်နှုန်းနှင့် ပဲတီစိမ်းနှင့် ပဲနောက်မှာ တစ်တင်းလျှင် ၁၆၀၀၀ ကျပ်နှုန်းသာ ရောင်းရတော့သဖြင့် တောင်သူများ တွက်ခြေမကိုက်ဖြစ်နေကြောင်း သိရသည်။

"သီးနှံဈေးမကောင်းတော့ ကျွန်တော်တို့တောင်သူတွေ ကြပ်တာပေါ့။ သီးနှံဈေးကမကောင်း၊ အလုပ်သမားခကျတော့ အရင်နှစ်တွေထက် ပိုပေးရတော့ ပိုဆိုးတာပေါ့။ မနှစ်က လူတစ်ယောက် တစ်နေ့ကို ၂၅၀၀ ကျပ်ပေးရပါတယ်။ ဒီနှစ် အလုပ်သမားခက ၃၀၀၀ ကနေ ၃၅၀၀ ကျပ် ပေးရပါတယ်။ အလုပ်သမားရှားတော့လည်း ပေးခါရတာပါပဲ။ အလုပ်သမားခက ဈေးကြီးပြီး သီးနှံဈေးမကောင်းတော့ တွက်ခြေမကိုက်ဘူး။ တောင်သူလုပ်မယ့် အလုပ်သမားလည်း နည်းသွားပါပြီ။ ဒါကြောင့် သီးနှံဈေးကောင်းရဖို့ မျှော်လင့်နေကြပါတယ်" ဟု ဒေသခံတောင်သူတစ်ဦးက ပြောသည်။

မလှိုင်မြို့နယ်အတွင်းမှ ဒေသခံတောင်သူများအနေဖြင့် သီးနှံဈေးကောင်းမရခြင်း၊ တောင်သူလုပ်ငန်းလုပ်ကိုင်မည့် အလုပ်သမားရှားပါးလာခြင်းတို့ကြောင့် စိုက်ပျိုးရေးလုပ်ငန်းများ ဆက်လက်လုပ်ကိုင်ရန် ခက်ခဲလာလျက်ရှိနေကြောင်း သိရသည်။
**အောင်ဌေး(မလှိုင်)**

# မြို့နယ်အဆင့် သင်္ချာအိုလံပစ်နှင့် စာစီစာကုံးပြိုင်ပွဲများ ကန့်ဘလူ၌ ကျင်းပ

**ကန့်ဘလူ စက်တင်ဘာ ၁၃**
စစ်ကိုင်းတိုင်းဒေသကြီး ကန့်ဘလူမြို့နယ်တွင် ကျောင်းသား ကျောင်းသူများ မြန်မာစာရေးသားမှုစွမ်းရည် ဖွံ့ဖြိုးတိုးတက်ရေးနှင့် သင်္ချာစွမ်းရည်မြင့်မားရေး ရည်ရွယ်ချက်များဖြင့် မြို့နယ်အဆင့် သင်္ချာအိုလံပစ်နှင့် စာစီစာကုံးပြိုင်ပွဲကို အမှတ်(၁)အခြေခံပညာအထက်တန်းကျောင်း၌ စက်တင်ဘာ ၁၁ ရက်က ကျင်းပခဲ့ကြောင်း သိရသည်။

ကျောင်းသား ကျောင်းသူများ၏ သင်္ချာစွမ်းရည်နှင့် စာစီစာကုံးအရေးအသားများ တိုးတက်လာစေရန် ရည်ရွယ်ကျင်းပခြင်းဖြစ်ကြောင်း၊ မူလတန်းအဆင့် စာစီစာကုံးပြိုင်ပွဲဆိုလျှင် ရုပ်ပုံကားချပ်ကိုသာ ချိတ်ဆွဲပြသထားပြီး ကျောင်းသား ကျောင်းသူများက ကိုယ်တိုင်ခေါင်းစဉ်ပေးကာ ရေးသားရမည်ဖြစ်ကြောင်း၊ သို့ဖြစ်၍ သင်ကြားပြသလမ်းညွှန်ပေးမည့် ဆရာ ဆရာမများ၏ အရည်အချင်းကလည်း ထူးချွန်ဖို့လိုကြောင်း ပြိုင်ပွဲကြီးကြပ်သူ လက်ထောက်ပညာရေးမှူး ဦးသာအေးက ပြောသည်။

အဆိုပါပြိုင်ပွဲတွင် အထက်တန်းအဆင့် ကျောင်းသား ကျောင်းသူများအတွက် သင်္ချာအိုလံပစ်ပြိုင်ပွဲနှင့် ကမ္ဘာ့ငြိမ်းချမ်းရေးနှင့် ကုလသမဂ္ဂ၏အခန်းကဏ္ဍ ခေါင်းစဉ်ဖြင့် စာစီစာကုံးပြိုင်ပွဲကို ကျင်းပပြီး ကျောင်းသား ကျောင်းသူ ၅၅ ဦး၊ အလယ်တန်းအဆင့်တွင် သင်္ချာအိုလံပစ်နှင့် ကမ္ဘာ့ကုလသမဂ္ဂ ရေရှည်စဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်မှု ခေါင်းစဉ်ဖြင့် စာစီစာကုံးပြိုင်ပွဲကို ကျင်းပပြီး ကျောင်းသား ကျောင်းသူ ၆၈ ဦး၊ မူလတန်းအဆင့်တွင် ရုပ်ပြစာစီစာကုံးနှင့် ကျွန်ုပ်သာကုလသမဂ္ဂအတွင်းရေးမှူးချုပ်ဖြစ်ခဲ့လျှင် ခေါင်းစဉ်ဖြင့် စာစီစာကုံးပြိုင်ပွဲများကို ကျောင်းသား ကျောင်းသူ ၆၅ ဦးတို့ ဝင်ရောက်ဖြေဆိုကြကြောင်း သိရသည်။
**အောင်ဝင်းငြိမ်း(ကန့်ဘလူ)**

## သတင်းတိုများ

### ရေတာရှည်မြို့နယ်တွင် ရထားတိုက်မှုကျဆင်းရေး ပညာပေး

ရန်ကုန်-နေပြည်တော် ရထားလမ်းပိုင်းတွင် ရထားတိုက်မှုဖြစ်စဉ်များ လျော့နည်းပပျောက်စေရန် အသိပညာပေးဟောပြောပွဲကို ပဲခူးတိုင်းဒေသကြီး ရေတာရှည်မြို့နယ် ရေနီမြို့မီးရထားရဲတပ်ဖွဲ့တပ်စုရုံး၌ စက်တင်ဘာ ၁၁ ရက်က ပြုလုပ်ခဲ့ပြီး ရထားရဲတပ်ဖွဲ့မှ ဒုရဲအုပ်မျိုးမြင့်တိုးနှင့် ရေနီဘူတာရုံပိုင်ကြီး ဦးမိုးကျော်သူတို့က ဒေသခံပြည်သူများအား ရထားလမ်းကို လူ သို့မဟုတ် ယာဉ်များ အမှုမဲ့အမှတ်မဲ့ဖြတ်ကူးပါက ရထားတိုက်ခံရနိုင်ကြောင်းနှင့် ရထားလမ်းပေါ်တွင် ကျွဲ၊ နွားများကျောင်းခြင်း၊ ဖြတ်မောင်းခြင်းကြောင့် ဖြစ်ပေါ်လာနိုင်သည့် အန္တရာယ်များနှင့် ဥပဒေအရ အရေးယူနိုင်မှုများကို ရှင်းလင်းဟောပြောခဲ့ကြသည်။ ရထားတိုက်မှုကျဆင်းရေး ပညာပေးဟောပြောပွဲများကို မြို့လှ၊ သာဂရ၊ ဆွာနှင့် ရေတာရှည်မြို့များ၌လည်း ဆက်လက်ပြုလုပ်သွားမည်ဖြစ်ကြောင်း သိရသည်။ **ကိုလွင်(ဆွာ)**

### ကျောင်းသား ကျောင်းသူများအား ကျန်းမာရေးစစ်ဆေးပေး

ကျောင်းသား ကျောင်းသူများ ကျန်းမာကြံ့ခိုင်ဖွံ့ဖြိုးပြီး အာဟာရပြည့်ဝစေရန်အတွက် စစ်ကိုင်းတိုင်းဒေသကြီး အင်းတော်မြို့အခြေခံပညာအထက်တန်းကျောင်း၌ ကျန်းမာရေးစစ်ဆေးမှုများကို မြို့နယ်ပြည်သူ့ကျန်းမာရေးဦးစီးဌာနနှင့် မိခင်နှင့်ကလေးကျန်းမာရေးဌာနမှ သူနာပြုဆရာမများပူးပေါင်း၍ စက်တင်ဘာ ၁၁ ရက်က ဆောင်ရွက်ပေးခဲ့ကြောင်းနှင့် မူလတန်းအရွယ် ကလေးငယ် ၁၀၀ ခန့်အား အရပ်တိုင်းပေးခြင်း၊ ကိုယ်အလေးချိန် ချိန်ပေးခြင်း၊ ဗီတာမင်အေအားဆေးပေးခြင်း၊ ကျန်းမာရေးစစ်ဆေးပေးခြင်းနှင့် ဆေးကုသပေးခြင်းများ ဆောင်ရွက်ပေးနိုင်ခဲ့သည်။ **ကျော်မြိုင်**

# ဓမ္မစကူးလ်ကျောင်းများ ရေရှည်တည်တံ့ရေးအတွက် အလုပ်ရုံဆွေးနွေးပွဲကျင်းပ

**ကျောက်ထု စက်တင်ဘာ ၁၃**
ဓမ္မစကူးလ်ကျောင်းများ ရေရှည်တည်တံ့ဖွံ့ဖြိုးရေးနှင့် စွမ်းရည်မြင့်မားရေးအတွက် အလုပ်ရုံဆွေးနွေးပွဲကို ဂန့်ဂေါခရိုင် ဆောမြို့နယ် ကျောက်ထုမြို့ဒေသ ပန်းဆန်ကျေးရွာ ဘုန်းတော်ကြီးကျောင်း၌ စက်တင်ဘာ ၁၀ ရက်က ပြုလုပ်ခဲ့သည်။

အလုပ်ရုံဆွေးနွေးပွဲသို့ ကျောက်ထုမြို့ဒေသရှိ ရပ်ကွက်/ကျေးရွာများမှ ကျောင်းထိုင်ဆရာတော် ၆၅ ပါး ကြွရောက်ကြပြီး သရက်ချဉ်ကျေးရွာဆရာတော်က အခမ်းအနားမှူးအဖြစ်ဆောင်ရွက်ကာ မြောက်မကျင်းကျေးရွာဆရာတော်က သြဝါဒကထာကို မိန့်ကြားသည်။ ထို့နောက် အလုပ်ရုံဆွေးနွေးပွဲကို ဆက်လက်ကျင်းပခဲ့ပြီး မြို့နယ်အတွင်းရှိ ဓမ္မစကူးလ်ကျောင်းများမှ အကျိုးတော်ဆောင်များ၊ ဆရာ ဆရာမများနှင့် ကျောင်းသား ကျောင်းသူများက ဓမ္မစကူးလ်ကျောင်းများ ရေရှည်တည်တံ့ဖွံ့ဖြိုးရေးနှင့် စွမ်းရည်မြင့်မားရေးအတွက် လုပ်ငန်းဆောင်ရွက်ရန်တာဝန်များကို ဆွေးနွေးခဲ့ကြကြောင်း သိရသည်။ **(၁၀၁)**

# ကျောင်းစာကြည့်တိုက် ပြန်လည်ဖွံ့ဖြိုးတိုးတက်ရေး အဆင့်မြှင့်တင်ပွဲပြုလုပ်

**သာစည် စက်တင်ဘာ ၁၃**
ကျောင်းစာကြည့်တိုက်ပြန်လည်ဖွံ့ဖြိုးတိုးတက်ရေးစီမံချက်အရ The Asia Foundation ၏ အကူအညီအထောက်အပံ့ဖြင့် မြန်မာနိုင်ငံစာကြည့်တိုက်အသင်းမှ အကောင်အထည်ဖော်ဆောင်ရွက်ပေးသော ကျောင်းစာကြည့်တိုက်အဆင့်မြှင့်တင်ပွဲကို မန္တလေးတိုင်းဒေသကြီး သာစည်မြို့အမှတ်(၁)အခြေခံပညာအထက်တန်းကျောင်း၌ စက်တင်ဘာ ၁၁ ရက်က ပြုလုပ်ခဲ့သည်။

မြို့နယ်အုပ်ချုပ်ရေးမှူးဦးထင်ကျော်၊ မြို့နယ်ပညာရေးမှူးဦးသိန်းမောင်တို့က အမှာစကားပြောကြားပြီး အေးရှားဖောင်ဒေးရှင်းနှင့် မြန်မာနိုင်ငံစာကြည့်တိုက်အသင်း (အထက်မြန်မာပြည်တာဝန်ခံ) ရတနာပုံတက္ကသိုလ်စာကြည့်တိုက်နှင့် သုတပညာဌာနမှ ပါမောက္ခဌာနမှူး ဒေါက်တာဒေါ်စန္ဒာဦးက စာကြည့်တိုက်စီမံချက် ဖြစ်ပေါ်လာပုံနှင့် မြန်မာနိုင်ငံစာကြည့်တိုက်အသင်းမှ ဆောင်ရွက်လျက်ရှိသော စာကြည့်တိုက်ပညာပြန့်ပွားရေးနှင့် ကျောင်းစာကြည့်တိုက်များ ပိုမိုအသက်ဝင်အောင် ဆောင်ရွက်ခြင်းလုပ်ငန်းများအကြောင်းကို ရှင်းလင်းပြောကြားသည်။ ထို့နောက် ကျောင်းစာကြည့်တိုက် အဆင့်မြှင့်တင်ရန် ကွန်ပျူတာ၊ လက်ပ်တော့၊ ပရင်တာများနှင့် စာကြည့်တိုက်သုံး ပရိဘောဂများ၊ သုတရသစာအုပ်စာစောင်မျိုးစုံ၊ မူလတန်း၊ အလယ်တန်းနှင့် အထက်တန်းအဆင့် ဘာသာရပ်သင်ထောက်ကူကားချပ်များနှင့် စာအုပ်စာတမ်းများကို အလှူရှင်များက ပံ့ပိုးလှူဒါန်းခဲ့ကြောင်း သိရသည်။ **ထွန်းထွန်း(သာစည်)**



# ရီးရဲမက်ဒရစ်တို့ အိမ်ကွင်းမှာ အကြိတ်အနယ်နွှဲရမယ့် ချန်ပီယံလိဂ်အုပ်စုပွဲစဉ်များ စပြီ

မိုးမြင့်လင်းလက်

ပွဲကောင်းတွေနဲ့ ပြည့်နှက်နေတဲ့ ဒီတစ်ပတ်မှာတော့ ကြားရက်ဖြစ်တဲ့ စက်တင်ဘာ ၁၄ ရက်တွေနဲ့ ၁၅ ရက်တွေမှာ ချန်ပီယံလိဂ်အုပ်စုပွဲစဉ်တွေ ကစားဖို့ရှိနေပါတယ်။ ဒီပွဲစဉ်တွေမှာ အုပ်စုမှ နောက်တစ်ဆင့်တက်ရောက်နိုင်ရေး ပွဲတိုင်းနိုင်ပွဲရအောင် အားထုတ်ကြတော့မှာမို့ ပြိုင်ဆိုင်မှုပြင်းထန်တာတွေ တွေ့ရမှာဖြစ်ပါတယ်။ အသင်းကောင်းတွေဖြစ်ပြီး နွေရာသီကာလ ပြင်ဆင်မှုကောင်းကောင်းလုပ်ခဲ့တာမို့ အသင်းတိုင်းလျှော့တွက်လို့မရဘဲ ပွဲတိုင်းအကြိတ်အနယ်ရှိလာမှာ သေချာနေပါတယ်။




### လေဗာကူဆင်နှင့် စီအက်စ်ကေအေမော်စကို

အုပ်စု(E)မှာပါဝင်နေတဲ့အသင်းတွေဖြစ်ပြီး နှစ်သင်းစလုံး ခြေစွမ်းပိုင်းက အားရစရာတော့မရှိပါဘူး။ လေဗာကူဆင်တို့က နောက်ဆုံးကစားခဲ့တဲ့ ငါးပွဲရလဒ်ကိုကြည့်ရင် သုံးပွဲနိုင်ပြီး နှစ်ပွဲရှုံးထားသလို စီအက်စ်ကေအေမော်စကိုတို့ကတော့ နောက်ဆုံးငါးပွဲကစားခဲ့ရာမှာ သုံးပွဲနိုင်၊ နှစ်ပွဲရှုံးရလဒ်တွေကို ဖော်ဆောင်ထားနိုင်ပါတယ်။ လက်ရှိခြေစွမ်းအရ လေဗာကူဆင်တို့အနေနဲ့ အနိမ့်ဆုံးတစ်မှတ်ရအောင်တော့ စွမ်းဆောင်နိုင်ပါလိမ့်မယ်။ အကြိုက်က အိမ်ကွင်းမာကျောတဲ့ လေဗာကူဆင်ပါပဲ။

### စပါးနှင့် မိုနာကို

အုပ်စု(E)မှာ စပါးရော မိုနာကိုပါ ခြေစွမ်းပိုင်းကွာဟမှု သိပ်မရှိပါဘူး။ စပါးရဲ့ လောလောဆယ်ခြေစွမ်းကိုကြည့်ရင် လီဗာပူးကို တစ်ဂိုးစီသရေ၊ ခရစ္စတယ်ပဲလေ့စ်ကို တစ်ဂိုး-ဂိုးမရှိနဲ့နိုင်ပြီး အဲဗာတန်ကို တစ်ဂိုးစီသရေပွဲကစားကာ အက်သလက်တီကိုနဲ့ ဂျူဗင်တပ်စ်အသင်းတွေကို ရှုံးထားပါတယ်။ မိုနာကိုတို့ကတော့ ပီအက်စ်ဂျီ၊ ဗီလာရီးရဲ၊ နန့်စ်အသင်းတွေကို နိုင်ပွဲရအောင် ကစားနိုင်သလို ခြေစွမ်းလည်း တည်ငြိမ်နေပါတယ်။ စပါးနဲ့ မိုနာကိုတို့ နောက်ဆုံးတွေ့ဆုံခဲ့တဲ့ပွဲရလဒ်ကိုကြည့်ရင် စပါးတို့က လေးဂိုး-တစ်ဂိုးနဲ့ နိုင်ပွဲရထားခဲ့ပါတယ်။ လက်ရှိအခြေအနေမှာတော့ စပါးထက် မိုနာကိုတို့က အသင်းလိုက်ကစားအားတက်နေတာမို့ အိမ်ကွင်းမှာ ခံကစားမယ့် စပါးတို့ အကျပ်အတည်းတွေ့နိုင်ပါတယ်။ အကြိုက်က စပါးဖြစ်ပေမယ့် သရေလည်းကျသွားနိုင်ပါတယ်။

### ရီးရဲမက်ဒရစ်နှင့် စပို့တင်း

အုပ်စု(F)မှာတော့ ရီးရဲမက်ဒရစ်တို့က ခြေစွမ်းအကောင်းဆုံးရရှိနေပါတယ်။ ချန်ပီယံလိဂ် လက်ရှိချန်ပီယံလည်းဖြစ်ပြီး တိုက်စစ်၊ ခံစစ် တောင့်တင်းတဲ့အသင်းဖြစ်ပါတယ်။ ရီးရဲမက်ဒရစ်ရဲ့ နောက်ဆုံးငါးပွဲကစားထားမှုကိုကြည့်ရင် ပွဲအားလုံးနိုင်ထားတာ တွေ့ရပါတယ်။ ဒါ့အပြင် တိုက်စစ်၊ ခံစစ်မျှအောင် ကစားနိုင်တဲ့အပြင် နောက်ဆုံးငါးပွဲမှာ ၁၂ ဂိုးသွင်းယူကာ ခြောက်ဂိုးပြန်ပေးထားရတဲ့ ရီးရဲမက်ဒရစ်ရဲ့ ခြေစွမ်းကလည်း ကောင်းမွန်တဲ့ အခြေအနေပါပဲ။ စပို့တင်းတို့ကတော့ နောက်ဆုံးငါးပွဲမှာ ငါးပွဲစလုံးနိုင်ပြီး စုစုပေါင်း ၁၄ ဂိုးသွင်းထားနိုင်ကာ ခံစစ်ပိုင်းကလည်း အထူးကောင်းမွန်နေပါတယ်။ ဒါပေမယ့် လျင်မြန်အားပါပြီး ဂိုးသွင်းစွမ်းရည်မြင့်မားတဲ့ တိုက်စစ်မှူးတွေကြောင့် ရီးရီးမက်ဒရစ်တို့ နိုင်ပွဲရသွားပါလိမ့်မယ်။

### ပေါ်တိုနှင့် ကိုပင်ဟေဂင်

အုပ်စု(G)မှာတော့ ပေါ်တိုရော ကိုပင်ဟေဂင်ပါ ခြေစွမ်းကွာဟမှု သိပ်မရှိပါဘူး။ ပေါ်တိုရဲ့ လောလောဆယ်ခြေစွမ်းကိုကြည့်ရင် ရိုးမားကို သုံးဂိုးပြတ်နဲ့နိုင်ခဲ့ပေမယ့် စပို့တင်းကိုတော့ နှစ်ဂိုး-တစ်ဂိုးနဲ့ ရှုံးခဲ့ပါတယ်။ ဒါပေမယ့် ပေါ်တိုရဲ့ နောက်ဆုံးကစားခဲ့တဲ့ ငါးပွဲမှာတော့ သုံးပွဲနိုင်၊ တစ်ပွဲသရေနဲ့ ရှုံးပွဲတစ်ပွဲဖြစ်ထားပါတယ်။ ကိုပင်ဟေဂင်တို့ကတော့ တိုက်စစ်၊ ခံစစ်မျှအောင် ကစားနိုင်နေပြီး နောက်ဆုံးကစားခဲ့တဲ့ ငါးပွဲမှာ ရှုံးပွဲမရှိခဲ့ပါဘူး။ တိုက်စစ်အားထက်မြက်မှုမရှိတဲ့ ကိုပင်ဟေဂင်တို့အနေနဲ့ ပေါ်တိုခံစစ်ကြောင်းကို ဖြတ်ကျော်ပြီး ဂိုးသွင်းနိုင်ဖို့ဆိုတာ ခက်ခဲမှာပါ။ ဒီပွဲမှာ အိမ်ရှင်ပေါ်တိုတို့ အနိုင်ပွဲနဲ့ သရေပါပဲ။

### ဂျူဗင်တပ်စ်နှင့် ဆီဗီလာ

အုပ်စု(H)မှာ ဂျူဗင်တပ်စ်တို့ အားထုတ်မှုနဲ့ စိတ်ဓာတ်ပိုင်းတွေ ကောင်းမွန်နေပြီး ရလဒ်ကောင်းတွေလည်း ရရှိနေပါတယ်။ ဂျူဗင်တပ်စ်တို့က နောက်ဆုံးကစားခဲ့တဲ့ အေစီမီလန်၊ စပါး၊ ဖီအိုရင်တီးနားနဲ့ လာဇီယိုအသင်းတွေကို အနိုင်ယူခဲ့ပြီး မဲလ်ဘုန်းအသင်းကိုတော့ တစ်ဂိုးစီသရေပွဲဖြစ်ထားပါတယ်။ တိုက်အားထက်မြက်မှုမရှိသေးတဲ့ ဂျူဗင်တပ်စ်ဟာ ပြိုင်ဘက်ကောင်းတွေနဲ့ တွေ့ရင် အကြိတ်အနယ်အားထုတ်နေရဆဲဖြစ်ပါတယ်။ ဆီဗီလာတို့က လောလောဆယ်ခြေစွမ်းကိုကြည့်ရင် ဗီလာရီးရဲကို ဂိုးမရှိသရေ၊ အက်စ်ပန်ညိုကို ခြောက်ဂိုး-လေးဂိုးနဲ့ အနိုင်ရရှိထားပါတယ်။ ဆီဗီလာတို့ရဲ့ အားထုတ်မှုကကောင်းပေမယ့် အိမ်ရှင်ဂျူဗင်တပ်စ်တို့ပဲ အနိုင်ရသွားပါလိမ့်မယ်။

### လိုင်ယွန်နှင့် ဒိုင်နမိုဇာဂရက်

အုပ်စု(H)မှာ လိုင်ယွန်ထက်စာရင် ဒိုင်နမိုဇာဂရက်တို့က ပိုပြီးခြေစွမ်းတည်ငြိမ်နေပါတယ်။ ဒိုနမိုဇာဂရက်တို့ရဲ့နောက်ဆုံးငါးပွဲ ကစားခဲ့တဲ့ရလဒ်ကိုကြည့်ရင် လေးပွဲနိုင်ပြီး တစ်ပွဲသရေဖြစ်ထားပါတယ်။ ဒိုင်နမိုဇာဂရက်ရဲ့တိုက်စစ်မှူးတွေက ဂိုးသွင်းအားကောင်းပေမယ့် ပေးဂိုးတော့ များနေတတ်ပါတယ်။ လိုင်ယွန်တို့ကတော့ လောလောဆယ် ကစားအားကိုကြည့်ရင် နန့်စ်၊ မိုနာကို၊ ကိန်းစ်အသင်းတွေကို နိုင်ပွဲရထားပေမယ့် ဂီဂျွန်နဲ့ ရိန်းစ်အသင်းတွေကို ရှုံးထားပါတယ်။ နှစ်သင်းစလုံးခြေစွမ်းတူညီနေတာမို့ ဒီပွဲက သရေပွဲဖြစ်သွားနိုင်ပါတယ်။




## လီဗာပူးမှာ ကစားဖို့ ဆုံးဖြတ်ခဲ့တာ အဆိုးရွားဆုံးလို့ ဘာလော့တယ်လီဆို

လီဗာပူးမှာ သွားရောက်ကစားဖို့ ဆုံးဖြတ်ခဲ့တာဟာ မိမိရဲ့ဘောလုံးသမားသက်တမ်းတစ်လျှောက် အဆိုးရွားဆုံးဖြစ်တယ်လို့ ပြင်သစ်ကလပ် နန့်စ်တိုက်စစ်မှူး ဘာလော့တယ်လီက ဆိုပါတယ်။

အီတလီနိုင်ငံသား တိုက်စစ်မှူး ဘာလော့တယ်လီဟာ ၂၀၁၄ ခုနှစ် အေစီမီလန်အသင်းမှ လီဗာပူးသို့ ပေါင် ၁၆ သန်းနဲ့ ရောက်ရှိလာပြီးနောက် ပွဲပေါင်း ၂၈ ပွဲပါဝင်ကစားခဲ့ရာမှာ လေးဂိုးသာသွင်းယူပေးနိုင်ခဲ့ပါတယ်။ ဘာလော့တယ်လီဟာ ယခုနှစ်နွေရာသီက ပြင်သစ်ကလပ်နန့်စ်သို့ အလွတ်ပြောင်းရွှေ့မှုနဲ့ မပြောင်းရွှေ့မီ ပြီးခဲ့တဲ့ရာသီက မီလန်သို့ အငှားသွားရောက်ကစားခဲ့ရာ ပွဲပေါင်း ၂၀ မှာ တစ်ဂိုးသာသွင်းယူနိုင်ခဲ့ပါတယ်။

သို့သော်လည်း လီဗာပူးအသင်းမှာ ကစားရတာ အဆိုးရွားဆုံးပဲလို့ ဘာလော့တယ်လီက ဆိုပါတယ်။ နန့်စ်အသင်းက မာဆေးကို သုံးဂိုး-နှစ်ဂိုးနဲ့ အနိုင်ရရှိတဲ့ပွဲမတိုင်မီ ဘာလော့တယ်လီက ပြောဆိုလိုက်ခြင်းဖြစ်ပါတယ်။ ဒီပွဲမှာ ဘာလော့တယ်လီက အနိုင်ဂိုးနှစ်ဂိုးစလုံး သွင်းယူပေးနိုင်ခဲ့ပါတယ်။


## မန်ယူမှာ ပွဲအစပါဝင်ကစားဖွယ်ရှိနေတဲ့ ရပ်ချ်ဖို့ဒ်

ကောင်းမြတ်သူ - စုစည်းသည်။

မန်ယူနဲ့ ဖေယန်နူးတို့ဟာ လာမယ့်ကြာသပတေးနေ့မှာ ယူရိုပါလိဂ်အုပ်စုပြိုင်ပွဲကစားဖို့ရှိနေပါတယ်။ ဒီပွဲမှာ မန်ယူလူငယ်ကစားသမား ရပ်ချ်ဖို့ဒ်ဟာ ပွဲအစပါဝင်ကစားဖွယ်ရှိနေပါတယ်။

ရပ်ချ်ဖို့ဒ်ဟာ ဟားလ်စီးတီးနဲ့ ကစားတဲ့ပွဲမှာ အရန်ခုံမှ စတင်ပါဝင်ကစားခွင့်ရခဲ့ပါတယ်။ သူဟာ အင်္ဂလန်အသင်းနဲ့ နော်ဝေအသင်းတို့ ကစားခဲ့တဲ့ ၂၁ နှစ်အောက်ပြိုင်ပွဲမှာ အင်္ဂလန်အသင်းအတွက် ဟက်ထရစ်ဂိုးသွင်းယူပေးခဲ့သူဖြစ်ပါတယ်။

ဆယ်ကျော်သက်အရွယ် ရပ်ချ်ဖို့ဒ်ဟာ ဟားလ်စီးတီးနဲ့ပွဲမှာ အနိုင်ဂိုးသွင်းယူပေးခဲ့ပြီးတဲ့နောက် နည်းပြ မော်ရင်ဟိုအတွက် စိတ်ဝင်စားစရာဖြစ်ခဲ့ပါတယ်။ သူဟာ မန်ချက်စတာဒါဘီပွဲမှာလည်း လူစားအဖြစ် ဒုတိယပိုင်းမှာ ပါဝင်ကစားခွင့်ရခဲ့ပါတယ်။



## အီတလီစီးရီးအေမှာ ၂၃ နှစ်ဆက်တိုက် ပါဝင်ကစားခဲ့တဲ့ တော့တီ

ရိုးမားအသင်းရဲ့ဂန္ထဝင်ကစားသမားကြီး တော့တီက ဒီနှစ်အီတလီစီးရီးအေမှာ ၂၃နှစ်ဆက်တိုက် ပါဝင်ကစားခဲ့ပါတယ်။ ဖရန်ဆက်ကိုတော့တီဟာ ရိုးမားက ဆမ်ဒိုးရီးယားအသင်းကို သုံးဂိုး-နှစ်ဂိုးနဲ့ အနိုင်ရတဲ့ပွဲမှာ ပထမဆုံး ဒီနှစ်ရာသီအတွက် ပွဲထွက်ကစားခဲ့ပြီး အနိုင်ဂိုးကိုလည်း သွင်းယူပေးနိုင်ခဲ့ပါတယ်။ အသက် ၃၉ နှစ်အရွယ်ရှိနေပြီဖြစ်တဲ့ တော့တီဟာ ရိုးမားအသင်းအတွက် ၂၃ နှစ်ဆက်တိုက် အီတလီစီးရီးအေမှာ ပါဝင်ကစားခဲ့ပါတယ်။ ဆမ်ဒိုးရီးယားအသင်းဟာ ဒီနှစ်အစပွဲသုံးပွဲ အနိုင်ရရှိထားတဲ့အသင်းဖြစ်ပါတယ်။ သို့သော်လည်း တော့တီရဲ့လေလွင့်ချိန် ပယ်နယ်တီဂိုးကြောင့် ရှုံးနိမ့်ခဲ့ရပါတယ်။ ဒီဂိုးဟာ တော့တီရဲ့စီးရီးအေမှာ ၂၄၉ ဂိုးမြောက်သွင်းယူလိုက်တဲ့ ဂိုးဖြစ်ပါတယ်။ တော့တီဟာ ရိုးမားအသင်းမှာ ဘောလုံးသမားဘဝ အဆုံးသတ်ပြီး ရိုးမားအသင်းနဲ့ အတူ ၂၅ နှစ်တိုင် ကစားသွားဖို့ မျှော်လင့်ထားတယ်လို့ ဆိုပါတယ်။



# လူ့အခွင့်အရေးဆိုင်ရာ နိုင်ငံတကာစာချုပ်များတွင် ပါဝင်ချုပ်ဆိုရန် အစိုးရအားတိုက်တွန်းမည်

**ရေး စက်တင်ဘာ ၁၃**
နိုင်ငံတကာ လူ့အခွင့်အရေးသဘောတူစာချုပ်များမှ လက်မှတ်မရေးထိုးရသေးသော စာချုပ်များကို လက်ရှိအစိုးရလက်ထက်တွင် ပါဝင်ချုပ်ဆိုသွားနိုင်ရန်အတွက် မြန်မာနိုင်ငံ အမျိုးသားလူ့အခွင့်အရေးကော်မရှင်အနေဖြင့် အစိုးရအားတိုက်တွန်းသွားရန်ရှိကြောင်း ကော်မရှင်အဖွဲ့ဝင် ဒေါက်တာဉာဏ်ဇော်၏ ပြောကြားချက်အရ သိရသည်။

မွန်ပြည်နယ် ရေးမြို့၌ မြန်မာနိုင်ငံ အမျိုးသားလူ့အခွင့်အရေးကော်မရှင်က ကြီးမှူး၍ စက်တင်ဘာ ၇ ရက်က ကျင်းပခဲ့သော လူ့အခွင့်အရေးအကြောင်း သိကောင်းစရာများ ရှင်းလင်းဆွေးနွေးခြင်းအခမ်းအနားတွင် ပြောကြားခဲ့ခြင်းဖြစ်သည်။ မြန်မာနိုင်ငံ အမျိုးသားလူ့အခွင့်အရေးကော်မရှင်အနေဖြင့် လူ့အခွင့်အရေးမြှင့်တင်ရေးနှင့် ကာကွယ်ရေးလုပ်ငန်းများ ဆက်လက်လုပ်ဆောင်သွားမည်ဖြစ်ကြောင်း၊ လက်ရှိကော်မရှင်အနေနှင့် ကြုံတွေ့နေရသည့် စိန်ခေါ်မှုများမှာ ဥပဒေတွင်ပြဋ္ဌာန်းထားတဲ့အတိုင်း ကော်မရှင်မှ မေးမြန်းစုံစမ်းချက်ကို အချို့သက်ဆိုင်ရာများက ရက် ၃၀ အတွင်း ပြန်ကြားမှုမရှိခြင်းဖြစ်ကြောင်းနှင့် ပုဒ်မ ၃၇ အရ တရားစီရင်ရေးတွင် ဝင်ရောက်စုံစမ်းစစ်ဆေးခြင်းခွင့်မရှိသဖြင့် တရားစီရင်ရေးတွင် လူ့အခွင့်အရေးချိုးဖောက်ခံရပါက ဆောင်ရွက်နိုင်မှုမရှိသေးခြင်းတို့ဖြစ်ကြောင်း ဒေါက်တာဉာဏ်ဇော်က ဆက်လက်ပြောကြားသည်။

မြန်မာနိုင်ငံ လူ့အခွင့်အရေးကော်မရှင်အဖွဲ့အနေဖြင့် လူ့အခွင့်အရေးဆိုင်ရာ ပညာပေးခြင်းနှင့် လှုပ်ရှားမှုများကို ဆောင်ရွက်လျက်ရှိရာ ကော်မရှင်သို့ ၂၀၁၆ ခုနှစ်အတွင်း ဇူလိုင်လအထိ ရန်ကုန်တိုင်းဒေသကြီးမှ တိုင်စာနှင့် အမှုပေါင်း ၁၂၆ မှု၊ မန္တလေးတိုင်းဒေသကြီးမှ တိုင်စာနှင့် အမှု ၃၇မှု၊ ရောဝတီတိုင်းဒေသကြီးမှ တိုင်စာနှင့်အမှု ၂၁ ခု၊ ရခိုင်ပြည်နယ်မှ တိုင်စာနှင့်အမှု ၁၀ မှု၊ ကချင်ပြည်နယ်နှင့် ရှမ်းပြည်နယ်တို့မှ တိုင်စာနှင့်အမှု ခုနစ်မှုစီနှင့် မွန်ပြည်နယ်မှ တိုင်စာနှင့်အမှု ခြောက်မှုရရှိထားကြောင်း သိရသည်။

ပြီးခဲ့သည့် ၂၀၁၅ ခုနှစ်အတွင်းက တိုင်စာပေါင်း ၁၂၈၇ ခုအထိရှိခဲ့ကြောင်း၊ အဆိုပါတိုင်စာများအနက် အများဆုံးမှာ လယ်ယာမြေအငြင်းပွားမှုပြဿနာများက အများဆုံးဖြစ်ကြောင်း၊ တရားစီရင်ရေးဆိုင်ရာ တိုင်စာများက ဒုတိယအများဆုံးဖြစ်ပြီး အခြားကဏ္ဍအမှုများတွင် အနည်းငယ်စီသာရှိကြကြောင်း သိရသည်။ ၂၀၁၅ ခုနှစ်အတွင်း တိုင်ကြားမှုများတွင် ရန်ကုန်တိုင်းဒေသကြီးက တိုင်စာအများဆုံးဖြစ်ကာ စုစုပေါင်း ၃၃၅ မှု၊ မန္တလေးတိုင်းဒေသကြီးက ၃၀၆ မှု၊ ရောဝတီတိုင်းဒေသကြီးက ၁၄၈ မှု၊ ပဲခူးတိုင်းဒေသကြီးက အမှု ၁၁၀၊ မွန်ပြည်နယ်က အမှု ၅၀၊ ရခိုင်ပြည်နယ်က ၄၄ မှု၊ နေပြည်တော်က အမှု ၄၀ နှင့် ကချင်ပြည်နယ်က ၃၁ မှု ဖြစ်ကြောင်း သိရသည်။
**နေမျိုးထွန်း(ရေး)**

# လူထုဗဟိုပြုစီမံကိန်း မြို့နယ်အဆင့်သုံးသပ်ဆွေးနွေးပွဲ ပြုလုပ်

**ကြံခင်း စက်တင်ဘာ ၁၃**
ရောဝတီတိုင်းဒေသကြီး ကြံခင်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက မြို့နယ်အတွင်း အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသော လူထုဗဟိုပြုစီမံကိန်း၏ ပထမနှစ်စက်ဝန်းအတွင်း ဆောင်ရွက်ခဲ့သော လုပ်ငန်းများနှင့်ပတ်သက်၍ မြို့နယ်အဆင့်သက်ဆိုင်သူအဖွဲ့အစည်းပေါင်းစုံပါဝင်သော သုံးသပ်ဆွေးနွေးပွဲကို ကြံခင်းမြို့ ရေဦးခန်းမ၌ စက်တင်ဘာ ၁၁ ရက်က ပြုလုပ်ခဲ့သည်။

၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ်တွင် စီမံကိန်းပထမနှစ်ထောက်ပံ့ငွေ ကျပ်သိန်းပေါင်း ၈၂၀၀ ဖြင့် ကြံခင်းမြို့နယ်မှ ကျေးရွာပေါင်း ၂၅၅ ရွာရှိသည့်အနက် ကျေးရွာပေါင်း ၂၃၄ ရွာတွင် လုပ်ငန်းခွဲပေါင်း ၂၄၅ ခုကို ဆောင်ရွက်ပေးနိုင်ခဲ့ကြောင်း၊ ဆောင်ရွက်ပေးသော လုပ်ငန်းခွဲများမှာ ရေပေးရေးလုပ်ငန်း ၁၀၆ ခု၊ အဆောက်အအုံလုပ်ငန်း ၁၂ ခု၊ လမ်းပြုပြင်ခြင်းလုပ်ငန်း ၉၂ ခု၊ တံတားပြုပြင်ခြင်းလုပ်ငန်း ၂၃ ခု၊ မီးလင်းရေးလုပ်ငန်းခြောက်ခုနှင့် အခြားလုပ်ငန်းခွဲခြောက်ခုတို့ဖြစ်ပြီး ကျေးလက်နေလူဦးရေ ၇၀၀၀၀ ကျော်ကို အကျိုးပြုနိုင်ခဲ့ကြောင်း ဟသ်ာတခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှူး ဦးအောင်သက်ရှည်က ပြောကြားသည်။

ကြံခင်းမြို့နယ်အတွင်း ဆောင်ရွက်ခဲ့သော လူထုဗဟိုပြုစီမံကိန်း ပထမနှစ်စက်ဝန်းတွင် စာသင်ကျောင်း၊ ဆေးပေးခန်း၊ ဆိပ်ခံ၊ လမ်း၊ တံတား၊ ရေရရှိရေးနှင့်မီးလင်းရေးလုပ်ငန်းများ ဆောင်ရွက်ခဲ့ပြီး ကျေးလက်နေပြည်သူများ၏ လူနေမှုဘဝအတွက် အဓိကလိုအပ်ချက်များဖြစ်သော အခြေခံအဆောက်အအုံများ ဖြည့်ဆည်းပေးခြင်းအပြင် ကျေးလက်နေပြည်သူများကလည်း ရပ်ရွာဖွံ့ဖြိုးရေးလုပ်ငန်းများအပေါ် အလေးထား ပူးပေါင်းဆောင်ရွက်လာစေရန်၊ ပွင့်လင်းမြင်သာစွာ အများဆန္ဒဖြင့် ရွေးချယ်တတ်စေရန်၊ ကျားမ တန်းတူအခွင့်အရေးအပေါ် အလေးထားဆောင်ရွက်ရန် စသည်ဖြင့် ကျေးလက်နေပြည်သူများ၏ စွမ်းဆောင်ရည်မြှင့်တင်ပေးရန်လည်း လေ့ကျင့်ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

ဆွေးနွေးပွဲတွင် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါက်တာထွန်းလင်းမော်၊ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးမောင်မောင်အုန်းနှင့် တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များ၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန လူထုဗဟိုပြုစီမံကိန်းမန်နေဂျာ ညွှန်ကြားရေးမှူး ဦးလှခိုင်၊ ရောဝတီတိုင်းဒေသကြီး ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ညွှန်ကြားရေးမှူး ဦးစိုးသန်းနှင့် ခရိုင်/မြို့နယ်အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ကျေးရွာအုပ်ချုပ်ရေးမှူးများ တက်ရောက်ဆွေးနွေးခဲ့ကြသည်။

ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနနှင့် ကမ္ဘာ့ဘဏ်တို့ ပူးပေါင်းဆောင်ရွက်လျက်ရှိသော လူထုဗဟိုပြုစီမံကိန်းများကို မြန်မာတစ်နိုင်ငံလုံးရှိ မြို့နယ် ၂၇ မြို့နယ်တွင် ဆောင်ရွက်လျက်ရှိပြီး ရောဝတီတိုင်းဒေသကြီးအတွင်း လေးမျက်နှာမြို့နယ်၊ ကြံခင်းမြို့နယ်နှင့် သာပေါင်းမြို့နယ်များတွင် အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသည်။

၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ်တွင် မြန်မာတစ်နိုင်ငံလုံး၌ မြို့နယ်ပေါင်း ၂၀ တွင် ထပ်မံတိုးချဲ့သွားမည်ဖြစ်ရာ ရောဝတီတိုင်းဒေသကြီးအတွင်း ပုသိမ်ခရိုင် ငပုတော မြို့နယ်တွင် တိုးချဲ့ဆောင်ရွက်သွားမည်ဖြစ်ကြောင်းလည်း ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန လူထုဗဟိုပြုစီမံကိန်းမန်နေဂျာ ညွှန်ကြားရေးမှူး ဦးလှခိုင်၏ ပြောကြားချက်အရ သိရသည်။
**ဝင်းဗိုလ်(ပြန်/ဆက်)**

## သတင်းတိုများ

### ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးစီမံကိန်းရေးဆွဲရေးလုပ်ငန်းညှိနှိုင်းဆွေးနွေး

ရှမ်းပြည်နယ်(အရှေ့ပိုင်း) မိုင်းဆတ်ခရိုင် မိုင်းတုံမြို့နယ်အတွင်း ကျေးလက်ဒေသများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် နှစ်တိုနှစ်ရှည် ၁၅ နှစ် စီမံကိန်းရေးဆွဲရေး လုပ်ငန်းညှိနှိုင်းဆွေးနွေးပွဲကို မိုင်းတုံမြို့ဇာတိမာန်ခန်းမ၌ စက်တင်ဘာ ၉ ရက်က ပြုလုပ်ခဲ့ရာ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးထွန်းဆန်းဝင်းက အမှာစကားပြောကြားပြီး ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးစောမူးလာက ဆွေးနွေးအကြံပြုခဲ့သည်။ ထို့နောက် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ဦးစီးအရာရှိဦးစိုင်းဝန်းကျော်က ၂၀၁၇-၂၀၁၈ ခုနှစ်မှ ၂၀၃၀-၂၀၃၁ ခုနှစ်အထိ နှစ်တိုနှစ်ရှည် ၁၅ နှစ်စီမံကိန်း ရည်ရွယ်ချက်များကို ရှင်းလင်းပြောကြားပြီး ဆွေးနွေးပွဲတက်ရောက်သော ကျေးရွာအုပ်ချုပ်ရေးမှူးများက ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများအကြောင်းကို ဆွေးနွေးခဲ့ကြသည်။
**(မြို့နယ် ပြန်/ဆက်)**

### ရှောင်တခင် ယာဉ်စည်းကမ်းစစ်ဆေးမှုများ ဆောင်ရွက်

တာချီလိတ်မြို့အတွင်း သွားလာနေကြသည့် မော်တော်ယာဉ်မောင်းနှင်သူများ ယာဉ်စည်းကမ်းလိုက်နာရေးနှင့် အရက်သေစာသောက်စားပြီး ယာဉ်မောင်းနှင်ခြင်းမရှိစေရန်အတွက် Alcohol Tester ဖြင့် စစ်ဆေးခြင်း၊ ရှောင်တခင်စစ်ဆေးခြင်းနှင့် ပညာပေးလုပ်ငန်းများကို ယာဉ်ထိန်းတပ်ဖွဲ့စု(၁၁၇)(တာချီလိတ်)မှ ဒုရဲမှူးအောင်ကိုကိုဦးစီးသည့် တပ်ဖွဲ့ဝင်များက စက်တင်ဘာ ၁၁ ရက် ညဦးပိုင်းက ဆောင်ရွက်ခဲ့ကြပြီး ဆိုင်ကယ်ကို သတ်မှတ်ဦးရေထက်ပို၍စီးနင်းသူများနှင့် ပါဝါအိတ်ဇောတပ်ကာ စီးနင်းသူများအား ဖမ်းဆီးနိုင်ခဲ့ပြီး ဥပဒေအရ အရေးယူဆောင်ရွက်လျက်ရှိကြောင်း သိရသည်။
**မောင်ယဉ်ကျေး**

### အခြေခံပညာမူလတန်းနှင့် အလယ်တန်း အားကစားပြိုင်ပွဲများ ကျင်းပ

မင်းလှမြို့နယ်အတွင်း အခြေခံပညာ မူလတန်းနှင့် အလယ်တန်းကျောင်းသား ကျောင်းသူများ အားကစားပြိုင်ပွဲနှင့် ဆုပေးပွဲကို မြို့နယ်အားကစားကွင်းနှင့် အထက(၁) ကျောင်း အားကစားကွင်းများ၌ စက်တင်ဘာ ၁၀ ရက်နှင့် ၁၁ ရက်က ကျင်းပခဲ့ပြီး မြို့နယ်အတွင်းရှိ ပညာရေးနယ်မြေရှစ်ခုမှ အခြေခံပညာမူလတန်း၊ အလယ်တန်းအားကစား ထူးချွန်သူ ကျောင်းသား ကျောင်းသူများ ပါဝင်ယှဉ်ပြိုင်ခဲ့ကြောင်း သိရသည်။ ပြိုင်ပွဲများတွင် အားကစားနည်း ခုနစ်မျိုးကို ကျင်းပပေးခဲ့ပြီး ဆုရရှိသူများအား တာဝန်ရှိသူများက ဆုများချီးမြှင့်ပေးအပ်ခဲ့ကြကြောင်း သိရသည်။ **ကိုသက်(အထက်မင်းလှ)**

### ကျေးရွာမီးလင်းရေးလုပ်ငန်းအတွက် အလှူငွေပေးအပ်

မန္တလေးတိုင်းဒေသကြီး ကျောက်ပန်းတောင်းမြို့နယ် အင်တိုင်းကျေးရွာအုပ်စု အရှေ့အင်တိုင်းကျေးရွာ၌ ဆောင်ရွက်နေသော ကိုယ့်အားကိုယ်ကိုး လျှပ်စစ်မီးလင်းရေး လုပ်ငန်းအတွက် အလှူငွေပေးအပ်ပွဲကို စက်တင်ဘာ ၁၁ ရက်က ကျင်းပခဲ့ပြီး အလှူရှင် ပခုက္ကူမြို့ဇာဂျီနီးယားဌာနမှ (Leaf Technician) ဒေါ်မြမိုးကြည်ကအလှူငွေကျပ် ၁၀ သိန်းကို ကျေးရွာမီးလင်းရေးကော်မတီဥက္ကဋ္ဌထံ ပေးအပ်လှူဒါန်းခဲ့သည်။ အရှေ့အင်တိုင်းကျေးရွာတွင် လျှပ်စစ်မီးလင်းရေးအတွက် ကျောက်ပန်းတောင်းမြို့ဈေးကြီးငွေစုငွေချေးသမဝါယမအသင်းမှ ငွေကျပ်သိန်း ၃၀၀ ချေးယူမတည်၍ ကျေးရွာလူထုထည့်ဝင်ငွေဖြင့် ၂၀၁၅ ခုနှစ်မှစတင်ဆောင်ရွက်ခဲ့ရာ ယခုအခါ လုပ်ငန်းအားလုံး၏ ၉၀ ရာခိုင်နှုန်းခန့် ပြီးစီးနေပြီဖြစ်ကြောင်း သိရသည်။ **နေအောင် (ပြန်/ဆက်)**

# ငှက်ဖျားရောဂါ စစ်ဆေးခြင်းနှင့် ကုသခြင်းများ ကွင်းဆင်းဆောင်ရွက်ပေး



**ရွှေသောင်ယံ စက်တင်ဘာ ၁၃**
ရောဝတီတိုင်းဒေသကြီး ပုသိမ်ခရိုင် ရွှေသောင်ယံမြို့နယ်ခွဲအတွင်းရှိ ချောင်းသာကျေးရွာအုပ်စု ချောင်းသာကျေးရွာနှင့် သဲကုန်းကျေးရွာအုပ်စု ပိုးလောင်းကျေးရွာတို့မှ ဒေသခံပြည်သူများအား ငှက်ဖျားရောဂါပိုး ရှိ မရှိ သွေးဖောက်စစ်ဆေးခြင်းနှင့် ငှက်ဖျားရောဂါ ကုသပေးခြင်းများကို ပြည်သူ့ကျန်းမာရေးဦးစီးဌာနက စက်တင်ဘာ ၁၁ ရက်မှစ၍ ကွင်းဆင်းဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

ပြည်သူ့ကျန်းမာရေးဦးစီးဌာန ငှက်ဖျားတိုက်ဖျက်ရေးအဖွဲ့မှ ငှက်ဖျားအင်စပက်တော်ဦးမောင်မောင်အေးနှင့် မြို့နယ်ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှ လက်ထောက်ကျန်းမာရေးမှူးဦးအောင်ထူးတို့ ခေါင်းဆောင်၍ အဖွဲ့ဝင် ၁၂ ဦးပါဝင်သော ငှက်ဖျားရောဂါကာကွယ်နှိမ်နင်းရေးအဖွဲ့က စက်တင်ဘာ ၁၁ ရက်မှ ၁၄ ရက်အထိ အဆိုပါကျေးရွာများသို့ ကွင်းဆင်းကာ ဒေသခံပြည်သူများအား ငှက်ဖျားရောဂါပိုး ရှိ မရှိ သွေးဖောက်စစ်ဆေးခြင်း၊ အခမဲ့ဆေးကုသပေးခြင်းတို့ကို ဆောင်ရွက်မည်ဖြစ်ကြောင်း သိရသည်။

ပြည်သူလူထုအတွင်း ငှက်ဖျားရောဂါကာကွယ်ရေးနှင့် ကုသရေး အသိပညာများတိုးတက်လာစေရန် ပညာပေးခြင်း၊ ငှက်ဖျားရောဂါ အသိပညာပေးမှုများကို သိရှိနားလည် လိုက်နာကျင့်သုံးမှုအခြေအနေများအား လေ့လာတိုင်းတာခြင်းတို့ကိုလည်း (KAP Survey) လုပ်ငန်းအဖြစ် ပိုးလောင်းကျေးရွာမှ အိမ်ခြေ ၃၀ နှင့် ချောင်းသာကျေးရွာမှ အိမ်ခြေ ၃၀ တို့တွင် စစ်ဆေးဆောင်ရွက်ခဲ့ပြီး သွေးဖောက်စစ်ဆေးခြင်းနှင့် ဆေးကုသခြင်းများ ဆောင်ရွက်ပေးရာတွင် ပိုးလောင်းကျေးရွာ၌ ဒေသခံပြည်သူ ၁၄၆ ဦးနှင့် ချောင်းသာကျေးရွာ၌ ဒေသခံ ၁၃၀ အား စစ်ဆေးကုသပေးနိုင်ခဲ့ကြောင်း သိရသည်။
**ကိုကိုမောင်(ပြန်/ဆက်)**

# မိတ္ထီလာတောင်ကန် ရေကျော်ခုနစ်ပေါက်ရေလွှဲမြောင်း ရေထိန်းနံရံများကျောက်စီပြီး



**မိတ္ထီလာ စက်တင်ဘာ ၁၃**
မိတ္ထီလာတောင်ကန်ရှိ ရေကျော်ခုနစ်ပေါက်ရေလွှဲမြောင်း ရေထိန်းနံရံများ ရေတိုက်စားမှု မဖြစ်စေရန်အတွက် ကျောက်စီခြင်းလုပ်ငန်းများကို တိုင်းဒေသကြီးဖွံ့ဖြိုးရေးရန်ပုံငွေဖြင့် ဆည်မြောင်းဦးစီးဌာနက တာဝန်ယူ၍ ဆောင်ရွက်ခဲ့ရာ စက်တင်ဘာ ပထမပတ်အတွင်း လုပ်ငန်းများ ဆောင်ရွက်ပြီးစီးခဲ့ကြောင်း သိရသည်။

မိုးရာသီတွင် ရေကြီးရေလျှံမှုမှ ကာကွယ်ရေးနှင့် စိုက်ပျိုးရေပေးဝေရေးအတွက် မိတ္ထီလာတောင်ကန်ရှိ ရေကျော်ခုနစ်ပေါက်ရေလွှဲမြောင်းမှ ရေထုတ်သည့်အချိန်တွင် ရေထိန်းနံရံများ ရေတိုက်စားမှုမဖြစ်ပွားအောင် ရေကျော်ခုနစ်ပေါက်ရေလွှဲမြောင်း၏ ရေထိန်းနံရံများကို ဩဂုတ် ၁ ရက်မှစတင်၍ ကျောက်စီခဲ့ခြင်းဖြစ်ပြီး အလျား ၃၆၅ ပေ၊ အမြင့် ၁၇ ပေရှိ ဝဲဘက်နံရံနှင့် အလျား ၃၈၅ ပေ၊ အမြင့် ပေ ၂၀ ရှိ ယာလက် ဇလုပ်ဇောင်းနံရံများတွင် ကျောက်စီခြင်းခဲ့ကြောင်း၊ ယခုလုပ်ငန်းများပြီးစီးသဖြင့် စိုက်ပျိုးရေးအတွက် ရေလွှဲမြောင်းမှ ရေများထုတ်လွှတ်သည့်အခါ ဘေးဘက်နံရံများ ရေတိုက်စားမှုမရှိတော့ဘဲ ရေပေးဝေနိုင်တော့မည်ဖြစ်ကြောင်း ဆည်မြောင်းဦးစီးဌာနဦးစီးမှူး ဒေါ်သွယ်သွယ်ခိုင်က ပြောကြားသည်။ **သိန်းမြင့်ကျော်(မိတ္ထီလာ)**

# ကန်ကြီးထောင့်မြို့ မြို့မဘောလုံးအားကစားကွင်းကို ဒေသခံပြည်သူများ စုပေါင်းပြုပြင်



**ကန်ကြီးထောင့် စက်တင်ဘာ ၁၃**
ဧရာဝတီတိုင်းဒေသကြီး ပုသိမ်ခရိုင် ကန်ကြီးထောင့်မြို့နယ် အမှတ်(၁)ရပ်ကွက်ရှိ မြို့မဘောလုံးအားကစားကွင်းကြီးကို မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၏ ဦးဆောင်မှုဖြင့် မြို့နယ်အားကစားနှင့်ကာယပညာဦးစီးဌာန၊ မြို့နယ်အားကစားကော်မတီဝင်များနှင့် ဒေသခံအားကစားဝါသနာရှင်လူငယ်များ စုပေါင်း၍ စက်တင်ဘာ ၁၁ ရက်နေ့မှစ၍ ပြုပြင်လျက်ရှိကြောင်း သိရသည်။

ဘောလုံးကွင်း ပြုပြင်ရန်အတွက် မြို့မဈေးထိပ်မှသဲများကို မြေသယ်ယာဉ်များဖြင့် သယ်ယူကြပြီး ဘောလုံးအားကစားကွင်းကြီးအတွင်း သဲများဖြန့်ခင်းခြင်း၊ မြေပြန်ညှိခြင်း၊ မြက်ရိတ်စက်များဖြင့် မြက်များရှင်းခြင်းတို့ကို စုပေါင်းဆောင်ရွက်ကြကြောင်း သိရသည်။ အဆိုပါဘောလုံးကွင်းကြီးမှာ ကန်ကြီးထောင့်မြို့၏ တစ်ခုတည်းသော ဘောလုံးအားကစားကွင်းဖြစ်ပြီး မြို့နယ်အားကစားပွဲများ၊ အထိမ်းအမှတ်ပွဲများ၊ ဒီဇင်ဘာအားကစားပြိုင်ပွဲများ ကျင်းပပြုလုပ်နေသော အားကစားကွင်းကြီးဖြစ်ကြောင်း၊ မြို့နယ်ဂုဏ်ဆောင် အားကစားသမားများကို မွေးထုတ်ပေးနိုင်ခဲ့သောကွင်းလည်းဖြစ်၍ ယခုလို အားကစားကွင်းပြုပြင်ပြီးပါက အားကစားပွဲများ ပိုမိုကျင်းပလာနိုင်ပြီး မျိုးဆက်သစ်အား ကစားသမားများကို မွေးထုတ်ပေးနိုင်တော့မည်ဖြစ်၍ ဝမ်းသာမိကြောင်း မြို့နယ်ဂုဏ်ဆောင် အားကစားသမားဟောင်းတစ်ဦးက ပြောကြားသည်။

ကန်ကြီးထောင့်မြို့မဘောလုံးအားကစားကွင်းကြီး ပြုပြင်ပြီးစီးသွားပါက အောက်တိုဘာလတွင် တိုက်နယ်ပေါင်းစုံ ဘောလုံးပြိုင်ပွဲများ၊ ဖိတ်ခေါ်ဗလားပြိုင်ပွဲများကို စတင်ကျင်းပသွားတော့မည်ဖြစ်ပြီး ဆက်လက်ပြုပြင်ရန် လိုအပ်သော ပွဲကြည့်စင်နှင့် အုတ်တံတိုင်းစည်းရိုးကာရန်အတွက်လည်း ဖိတ်ခေါ်ဘောလုံးပြိုင်ပွဲများ ကျင်းပပြီး ရန်ပုံငွေရှာဖွေကာ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

**နန်းထိုက်(ပြန်/ဆက်)**

# (၇၁)ကြိမ်မြောက် ကုလသမဂ္ဂနေ့အထိမ်းအမှတ် စာစီစာကုံးပြိုင်ပွဲများ ကျင်းပ

**ပင်လည်ဘူး စက်တင်ဘာ ၁၃**
၂၀၁၆ ခုနှစ် (၇၁)ကြိမ်မြောက် ကုလသမဂ္ဂနေ့အထိမ်းအမှတ် စာစီစာကုံးပြိုင်ပွဲကို စစ်ကိုင်းတိုင်းဒေသကြီး ကသာခရိုင် ပင်လည်ဘူးမြို့အခြေခံပညာအထက်တန်းကျောင်း၌ စက်တင်ဘာ ၁၁ ရက်က ကျင်းပခဲ့သည်။



အဆိုပါ စာစီစာကုံးပြိုင်ပွဲတွင် အဆင့်အလိုက် ခေါင်းစဉ်သုံးမျိုးသတ်မှတ်ပေးထားပြီး အထက်တန်းအဆင့်မှာ ကမ္ဘာ့ငြိမ်းချမ်းရေးနှင့် ကုလသမဂ္ဂ၏အခန်းကဏ္ဍ ခေါင်းစဉ်၊ အလယ်တန်းအဆင့်မှာ ကုလသမဂ္ဂနှင့် ရေရှည်စဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်မှု ခေါင်းစဉ်နှင့် မူလတန်းအဆင့်မှာ ကျွန်ုပ်သိသာ ကုလသမဂ္ဂအတွင်းရေးမှူးချုပ်ခေါင်းစဉ်များ သတ်မှတ်ပေးထားကြောင်း သိရသည်။ အထက်တန်းအဆင့် စာစီစာကုံးပြိုင်ပွဲတွင် ယှဉ်ပြိုင်သူ ၃၀၊ အလယ်တန်းအဆင့်ပြိုင်ပွဲတွင် ယှဉ်ပြိုင်သူ ၂၀ နှင့် မူလတန်းအဆင့် ပြိုင်ပွဲတွင် ဖြေဆိုသူ ၃၁ ဦး ရှိခဲ့ကြောင်း သိရသည်။

ယခုကျင်းပသည့် မြို့နယ်အဆင့် စာစီစာကုံးပြိုင်ပွဲများမှ အကောင်းဆုံးစိစစ်ရွေးချယ်ထားသော စာစီစာကုံးများကို ခရိုင်အဆင့်နှင့် တိုင်းဒေသကြီးအဆင့်အပြင် အထက်အဆင့်ဆင့်မှလည်း ပြန်လည်စိစစ်ရွေးချယ်သွားမည်ဖြစ်ကြောင်း မြို့နယ်ပညာရေးဌာနမှ သိရသည်။

**မျိုးလွင်(ပင်လည်ဘူး)**

# သဘာဝဘေးကြောင့်ပျက်စီးသွားသော စိုက်ခင်းများအတွက် သီးနှံမျိုးစေ့များ ထောက်ပံ့ပေးအပ်

**ဟိုပန် စက်တင်ဘာ ၁၃**
ဟိုပန်မြို့အတွင်းမှ သဘာဝဘေးအန္တရာယ်ကြောင့် ပျက်စီးသွားသော သီးနှံများအတွက် မျိုးစေ့များထောက်ပံ့ပေးအပ်ပွဲကို မော်ဟွေ့ကျေးရွာဘုန်းတော်ကြီးကျောင်း၌ စက်တင်ဘာ ၁၁ ရက်က ပြုလုပ်ခဲ့သည်။

မျိုးစေ့များပေးအပ်ပွဲတွင် ရှမ်းပြည်နယ် စိုက်ပျိုးရေးဦးစီးဌာနမှူး ဦးသိန်းဝင်းက မျိုးစပါးထောက်ပံ့ပေးအပ်ခြင်းနှင့် ပတ်သက်၍ ရှင်းလင်းပြောကြားခဲ့ပြီး ဟိုပန်ခရိုင်အုပ်ချုပ်ရေးမှူး ဦးကြည်မြင့်က ကျေးဇူးတင်စကားပြောကြားခဲ့သည်။ ထို့နောက် မော်ဟွေ့ကျေးရွာ၊ မန်မိုင်ရပ်ကွက်၊ မန်ကောင်းရပ်ကွက်နှင့် နမ့်လှုံရပ်ကွက်တို့မှ ရေကြီးနစ်မြုပ်ပျက်စီးခဲ့သောသီးနှံစိုက်ဧက ၈၉၆ ဧကအတွက် တစ်ဧကလျှင်တစ်တင်းနှုန်းဖြင့် မျိုးစပါး ၈၉၆ တင်းနှင့် ပိုးသတ်ဆေး ၄၁ လီတာတို့ကို ပြည်နယ်စိုက်ပျိုးရေးဦးစီးမှူး၊ ဒုတိယဦးစီးမှူး၊ ခရိုင်အုပ်ချုပ်ရေးမှူးနှင့် တာဝန်ရှိသူများက တောင်သူများအား လက်ဝယ်အရောက် ထောက်ပံ့ပေးအပ်ခဲ့ကြသည်။

**(ခရိုင် ပြန်/ဆက်)**

# ဖွံ့ဖြိုးရေးတက္ကသိုလ်မှ မူလတန်းဆရာအတတ်သင် ကျောင်းသား ကျောင်းသူများ ပုဂံညောင်ဦးသို့ လေ့လာ

**ညောင်ဦး စက်တင်ဘာ ၁၃**
ပြည်ထောင်စုတိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးရေးတက္ကသိုလ်မှ မူလတန်းဆရာ အတတ်သင် သုံးနှစ်သင်တန်း အမှတ်စဉ် (၄၅)မှ ကျောင်းသား ကျောင်းသူ ၁၀၅ ဦးတို့သည် ပုဂံညောင်ဦးဒေသသို့ စက်တင်ဘာ ၁၁ ရက်နံနက်က လေ့လာရေးခရီးစဉ်အဖြစ် ရောက်ရှိခဲ့ကြသည်။

အဆိုပါ ကျောင်းသား ကျောင်းသူများအဖွဲ့တွင် ပြည်ထောင်စုတိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးရေးတက္ကသိုလ်မှ ပါမောက္ခချုပ် ဦးမြဝင်းနှင့် လေ့လာရေးခရီးအဖွဲ့ခေါင်းဆောင် ပါမောက္ခဒေါ်ခင်စန်းတင့်တို့ ဦးဆောင်၍ အုပ်ချုပ်သူဆရာ ငါးဦး၊ ဆရာမ ၁၀ ဦးတို့ပါဝင်ကြောင်း သိရသည်။

လေ့လာရေးအဖွဲ့မှ ဆရာ ဆရာမများနှင့် ကျောင်းသား ကျောင်းသူများက ရွှေစည်းခုံစေတီတော်မြတ်ကြီးအတွက် အလှူငွေများလှူဒါန်းခဲ့ပြီးနောက် အလိုတော်ပြည့်ဘုရားသို့လည်းကောင်း၊ ထို့မှတစ်ဆင့် အာနန္ဒာဘုရား၊ ယွန်းပညာကောလိပ်၊ ဗူးဘုရား၊ ပုဂံရှေးဟောင်းသုတေသနပြတိုက်နှင့် လောကနန္ဒာဘုရားတို့သို့ သွားရောက်လေ့လာခဲ့ကြကြောင်း သိရသည်။

**ရဲသူရအောင်(ညောင်ဦး)**

# ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းဆိုင်ရာများ ကွင်းဆင်းအသိပညာပေး

**တုံတာ စက်တင်ဘာ ၁၃**
ရှမ်းပြည်နယ် ကျိုင်းတုံခရိုင် တုံတာမြို့နယ်ရဲတပ်ဖွဲ့နှင့် မြို့နယ်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနတို့ ပူးပေါင်း၍ တုံတာမြို့တွင်း လူစည်ကားရာရပ်ကွက်များနှင့် မြို့လယ်တံတားနေရာများတွင် ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းဆိုင်ရာ အသိပညာပေး လက်ကမ်းစာစောင်များ ဖြန့်ဝေခြင်းနှင့် နံရံကပ်စာစောင်များ ပြသခြင်းတို့ကို စက်တင်ဘာ ၁၁ ရက်က ဆောင်ရွက်ခဲ့ကြောင်းသိရသည်။

မြို့နယ်ရဲတပ်ဖွဲ့စခန်းမှူး ရဲအုပ်ဝင်းညွန့်နှင့် မြို့နယ်ရဲတပ်ဖွဲ့ဝင်များ၊ မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန၊ မြန်မာနိုင်ငံ မီးသတ်တပ်ဖွဲ့ဝင်များ၊ ရပ်ကွက်/ကျေးရွာအုပ်ချုပ်ရေးမှူးများ ပူးပေါင်းကာ ယာဉ်မောင်းသူများအား ယာဉ်မောင်းစဉ်လိုက်နာရမည့်အချက်များနှင့် မော်တော်ယာဉ် ဥပဒေများအကြောင်းကို ရှင်းလင်းပြောကြားခဲ့ကြောင်းသိရသည်။ ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနကလည်း ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းဆိုင်ရာ အသိပညာပေး နံရံကပ်စာစောင်များကို ပြသခဲ့ပြီး မြို့နယ်ရဲတပ်ဖွဲ့ဝင်များနှင့် ဌာနဆိုင်ရာဝန်ထမ်းများက ယာဉ်မောင်းသူများနှင့် ဒေသခံများအား ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းဆိုင်ရာ အသိပညာပေးလက်ကမ်းစာစောင်များ ဖြန့်ဝေပေးခဲ့ကြောင်း သိရသည်။

**(မြို့နယ် ပြန်/ဆက်)**



**ရခိုင်ပြည်နယ် စစ်တွေခရိုင် ပေါက်တောမြို့နယ် ချောင်းနွယ်ကျေးရွာ စုဝေးခန်းမ၌ စက်တင်ဘာ ၁၁ ရက်က မူခင်းကျဆင်းရေး အသိပညာပေး ဟောပြောပွဲကျင်းပရာ ကျေးရွာအုပ်ချုပ်ရေးမှူးနှင့် ကျေးရွာသူကျေးရွာသားများ တက်ရောက်ကြစဉ်**
အေးလွင် (ပြန်/ဆက်)

# ထူးချွန်ကျောင်းသား ကျောင်းသူများအား ဆုချီးမြှင့်

**တောင်ငူ စက်တင်ဘာ ၁၃**
